# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုလွှတ်တော်ရုံး

# ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေများ

အမိန့်ကြော်ငြာစာအမှတ် (၄၉ /၂၀၂၀)

၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၁ ရက်

(၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၂၇ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၈၆ အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကိုကျင့်သုံးလျက် ဤနည်းဥပဒေများကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)

## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤနည်းဥပဒေများကို **ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေများ** ဟုခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင်ပါရှိသော စကားရပ်များသည် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေတွင် ပါရှိသော စကားရပ်များအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင်အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **လွှတ်တော်ရုံး** ဆိုသည်မှာ ပြည်ထောင်စုလွှတ်တော်ရုံးကို ဆိုသည်။

( ခ ) **ကြီးကြပ်သူအရာရှိ** ဆိုသည်မှာ လွှတ်တော်အစည်းအဝေးတွင် ဆန္ဒမဲပေးသည့်ကိစ္စအလို့ငှာ လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်က တာဝန်ပေးသော လွှတ်တော်ရုံး ညွှန်ကြားရေးမှူးကို ဆိုသည်။

( ဂ ) **အစည်းအဝေးသို့ တက်ရောက်၍ ဆန္ဒမဲပေးသည့် လွှတ်တော်ကိုယ်စားလှယ်** ဆိုသည်မှာ လွှတ်တော်အစည်းအဝေးတစ်ရပ်တွင် ထောက်ခံဆန္ဒမဲပေးသူ၊ ကန့်ကွက်ဆန္ဒမဲပေးသူ၊ ကြားနေဆန္ဒမဲပေးသူနှင့် ဆန္ဒမဲမပေးသူအားလုံးကို ဆိုသည်။

(ဃ) **အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်** ဆိုသည်မှာ သက်ဆိုင်ရာမဲဆန္ဒနယ်ရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများက ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ရွေးကောက်ပွဲဥပဒေများအရ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် တရားဝင်ရွေးကောက်တင်မြှောက်လိုက်ကြောင်း သို့မဟုတ် တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနှင့်အညီ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်အဖြစ် အမည်စာရင်းတင်သွင်းခံရသူဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အသိအမှတ်ပြုခံရသူကိုဆိုသည်။ ယင်းစကားရပ်တွင် နည်းဥပဒေ ၆ နည်းဥပဒေခွဲ (ဆ)၊ နည်းဥပဒေ ၂၂ နည်းဥပဒေခွဲ (ဂ) နည်းဥပဒေခွဲငယ် (၃) နှင့် (၄) တို့အရ အစည်းအဝေး

D:\Backup MET003 Sub-substion 13\Second 006 (14th)\(14) th Pyidaungsu Rule\Pyidaungsu Rule Order\PDS rules final\9-11-2020 Send To ICT\27-10-2020 (DG) Final No s PDS rules.docx Speaker.docx

တက်ရောက်ခွင့် ယာယီရုပ်သိမ်းထားခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်များ မပါဝင်စေရ။

( င ) **စိစစ်ရေးပူးပေါင်းအဖွဲ့** ဆိုသည်မှာ နိုင်ငံတော်၏ နှစ်စဉ်အမျိုးသားစီမံကိန်းဥပဒေကြမ်း၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းနှင့် နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကြမ်းတို့တွင် ပါဝင်သည့်စီမံကိန်းလုပ်ငန်းများနှင့် ရငွေသုံးငွေများကို စိစစ်နိုင်ရန် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ရှိ သက်ဆိုင်ရာကော်မတီများမှ ကိုယ်စားလှယ်ဦးရေ တူညီစွာပါဝင်ဖွဲ့စည်းထားသည့်အဖွဲ့ကိုဆိုသည်။

( စ ) **လွှတ်တော်က အတည်ပြုသည်ဟုမှတ်ယူရမည်ဖြစ်သော ဥပဒေကြမ်း** ဆိုသည်မှာ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့တွင် ဆွေးနွေးအတည်ပြုပြီးနောက် လွှတ်တော်နှစ်ရပ်က သဘောတူသည့် ဥပဒေကြမ်း ကိုဆိုသည်။

(ဆ) **လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်း** ဆိုသည်မှာ လွှတ်တော်၌သာ ဆွေးနွေးအတည်ပြုရမည့်ဥပဒေကြမ်းနှင့် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့တွင် ဆွေးနွေးအတည်ပြုပြီးနောက် လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသည့်အတွက် အဆိုပါသဘောကွဲလွဲချက်များကို လွှတ်တော်တွင်ဆွေးနွေးအတည်ပြုသည့် ဥပဒေကြမ်းကို ဆိုသည်။

( ဇ ) **လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသည့်ဥပဒေကြမ်း** ဆိုသည်မှာ ပြည်သူ့လွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော်က သဘောမတူသည့် ဥပဒေကြမ်းအပေါ် ကျန်လွှတ်တော်က ပြင်ဆင်ချက်ဖြင့်ဖြစ်စေ၊ ပြင်ဆင်ချက်မပါဘဲဖြစ်စေ အတည်ပြုသည့် ဥပဒေကြမ်းကိုသော်လည်းကောင်း၊ ဥပဒေကြမ်းပါ အပိုဒ်၊ အပိုဒ်ခွဲများနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုသည့်ဥပဒေကြမ်းအပေါ် ကျန်လွှတ်တော်က သဘောမတူသည့် ဥပဒေကြမ်းကို သော်လည်းကောင်းဆိုသည်။

## အခန်း (၂)

## နာယကနှင့် ဒုတိယနာယက

### နာယကနှင့် ဒုတိယနာယက တာဝန်ထမ်းဆောင်ခြင်း

၃။ ပြည်သူ့လွှတ်တော် သက်တမ်းတစ်ရပ် စတင်သည့်ရက်မှ လပေါင်း ၃၀ ပြည့်မြောက်သည့်ရက်အထိ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့သည် နာယကနှင့် ဒုတိယနာယက တာဝန်ကို ထမ်းဆောင်ရမည်။ ကျန်သက်တမ်းကာလအတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့သည် နာယကနှင့် ဒုတိယနာယကတာဝန်ကို ထမ်းဆောင်ရမည်။

၄။ နာယကသည် ယင်း၏တာဝန်ကို ထမ်းဆောင်နိုင်စွမ်းမရှိလျှင် ဒုတိယနာယကသည် နာယကတာဝန်ကို ယာယီထမ်းဆောင်ရမည်။

၅။ နည်းဥပဒေ ၃ နှင့် ၄ တို့အရ နာယကနှင့် ဒုတိယနာယက တာဝန်များထမ်းဆောင်ခြင်းကို လွှတ်တော်ရုံးက အမိန့်ကြော်ငြာစာထုတ်ပြန်ပြီး နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်းကြေညာရမည်။

## နာယကနှင့်ဒုတိယနာယကတို့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၆။ **နာယက၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ။** နာယက၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) လွှတ်တော်အစည်းအဝေးများအပါအဝင် လွှတ်တော်ကို စည်းကမ်းသေဝပ်စေရန် တာဝန်ယူကြီးကြပ်ကွပ်ကဲခြင်းနှင့် ထိုသို့ကြီးကြပ်ကွပ်ကဲရာတွင် မိမိချမှတ်သော အမိန့်များကို တည်စေရန် လိုအပ်သော အခွင့်အာဏာ အပြည့်အဝ ကျင့်သုံးခွင့်ရှိခြင်း၊

( ခ ) နိုင်ငံတော်သမ္မတက လွှတ်တော်အစည်းအဝေးသို့ တက်ရောက်မိန့်ခွန်းပြောကြားလိုကြောင်း အကြောင်းကြားလျှင် နိုင်ငံတော်သမ္မတအား ဖိတ်ကြား၍ လိုအပ်သည်များကို စီစဉ်ဆောင်ရွက်ပေးခြင်း၊

( ဂ ) လွှတ်တော်အစည်းအဝေး၌ ဆွေးနွေးဆောင်ရွက်ဆဲအကြောင်းအရာတစ်ရပ်နှင့် စပ်လျဉ်း၍ လိုအပ်လျှင် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းတစ်ရပ်ရပ် သို့မဟုတ် လွှတ်တော်ပူးပေါင်းကော်မတီတစ်ရပ်ရပ် သို့မဟုတ် လွှတ်တော်က ပြဋ္ဌာန်းသော ဥပဒေအရ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များကို လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ရှင်းလင်းတင်ပြစေရန် ဖိတ်ကြားခြင်း၊

(ဃ) လွှတ်တော်လုပ်ငန်းများသည် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ လွှတ်တော်ဆိုင်ရာဥပဒေ၊ ဤနည်းဥပဒေများနှင့်ကိုက်ညီမှုရှိစေရန် ကြပ်မတ်ခြင်း၊

( င ) လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏ ဆွေးနွေးချက်သည် စည်းကမ်းချက်များနှင့် မကိုက်ညီကြောင်းတွေ့ရှိပါက သတိပေးတားမြစ်ခြင်း၊

( စ ) လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏ ဆွေးနွေးချက်သည် စည်းကမ်းချက်များနှင့် မကိုက်ညီကြောင်း အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးက တင်ပြလာလျှင် အဆုံးအဖြတ်ပေးခြင်းနှင့် ယင်းအဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်ခြင်း၊

(ဆ) လွှတ်တော်ပရဝဏ်အတွင်း လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏ အပြုအမူနှင့် အပြောအဆိုသည် အလွန်မဖွယ်မရာဖြစ်ကြောင်းတွေ့ရှိပါက ယင်းလွှတ်တော်ကိုယ်စားလှယ်အား လွှတ်တော်ပရဝဏ်အတွင်းမှ ချက်ချင်းထွက်ခွာသွားရန်နှင့် ထိုနေ့အစည်းအဝေးသို့ တက်ရောက်ခြင်းမပြုရန် ညွှန်ကြားနိုင်ခြင်း၊ လွှတ်တော်အစည်းအဝေးကာလတစ်ခုအတွင်း ယင်းသို့ ဒုတိယအကြိမ်ညွှန်ကြားခြင်းခံရလျှင်မူ အစည်းအဝေး၏ ကျန်ရှိသောရက်များထက်မပိုသော ကာလအပိုင်းအခြား၌ ယင်းလွှတ်တော်ကိုယ်စားလှယ်အား လွှတ်တော်အစည်းအဝေးများသို့လည်းကောင်း၊ လွှတ်တော်ပူးပေါင်းကော်မတီ အစည်းအဝေးများသို့လည်းကောင်း မတက်ရောက်ရန် ညွှန်ကြားနိုင်ခြင်း၊ ထို့ပြင် ယင်းသို့ ညွှန်ကြားခြင်းခံထားရသော လွှတ်တော်ကိုယ်စားလှယ်ကို လွှတ်တော်ပရဝဏ်အတွင်းသို့ မလာရောက်စေရန်လည်း ညွှန်ကြားနိုင်ခြင်း၊

(ဇ) လွှတ်တော်အတွင်းတွင် ထိန်းသိမ်း၍ မရနိုင်လောက်အောင် စည်းကမ်းသေဝပ်မှု ပျက်ပြားသော အခြေအနေပေါ်ပေါက်လာလျှင် လွှတ်တော်အစည်းအဝေးကို ခေတ္တ ရပ်ဆိုင်းခြင်း သို့မဟုတ် ရွှေ့ဆိုင်းခြင်း၊

(ဈ) လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏ ဆွေးနွေးချက်များသည် လွှတ်တော်အစည်းအဝေး အစီအစဉ်နှင့်သက်ဆိုင်ကိုက်ညီခြင်း ရှိ မရှိ အဆုံးအဖြတ်ပေးခြင်းနှင့်ယင်းအဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်ခြင်း၊

(ည) လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် သတ်မှတ်ခွင့်ပြုထားသော ဆွေးနွေးနိုင်သည့် အချိန်ထက် ကျော်လွန်၍ ပြောဆိုနေပါက သတိပေးကြပ်မတ်ခြင်း၊

(ဋ) လွှတ်တော်တွင်ဆွေးနွေးဆဲ အကြောင်းအရာတစ်ရပ်ကို ရွှေ့ဆိုင်းရန် သို့မဟုတ် ရပ်ဆိုင်းရန် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ကျိုးကြောင်းဖော်ပြချက်ဖြင့် တင်ပြလာပါက အဆုံးအဖြတ် ပေးခြင်းနှင့် ယင်းအဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်ခြင်း၊

(ဌ) လွှတ်တော်အစည်းအဝေးကို ရွှေ့ဆိုင်းရန် သို့မဟုတ် ရပ်ဆိုင်းရန် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက ကျိုးကြောင်းဖော်ပြချက်ဖြင့် တင်ပြလာပါက အဆုံးအဖြတ်ပေးခြင်းနှင့် ယင်းအဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်ခြင်း၊

(ဍ) လွှတ်တော်အစည်းအဝေးကို လိုအပ်လျှင်ခေတ္တရပ်နားခြင်း၊

(ဎ) လွှတ်တော်ကဆုံးဖြတ်ရန် လိုအပ်သောကိစ္စကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက အဆိုတင်သွင်း၍ အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံလျှင် ယင်းအဆိုသည် လွှတ်တော်၏ အဆုံးအဖြတ်လိုအပ်သောအဆို ဟုတ် မဟုတ် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆန္ဒကို ရယူခြင်း၊

(ဏ) လွှတ်တော်တွင် အကြောင်းအရာတစ်ရပ်နှင့်စပ်လျဉ်း၍ အောက်ပါနည်းလမ်းများအနက် မည်သည့် နည်းလမ်းဖြင့် ဆန္ဒပြုရမည်ကို ဆုံးဖြတ်သတ်မှတ်ခြင်း-

(၁) စက်ခလုတ်အသုံးပြု၍ ဆန္ဒပြုသည့်နည်းလမ်း[နောက်ဆက်တွဲ (ခ)]၊

(၂) ဆန္ဒမဲလက်မှတ်အသုံးပြု၍ လျှို့ဝှက်စွာ ဆန္ဒမဲပေးသည့်နည်းလမ်း၊

(၃) မတ်တတ်ရပ်၍ ဆန္ဒပြုသည့်နည်းလမ်း[နောက်ဆက်တွဲ (ဂ)]။

(တ) လွှတ်တော်တွင် အဆုံးအဖြတ်ပြုရမည့် အကြောင်းအရာတစ်ရပ်နှင့်စပ်လျဉ်း၍ မဲခွဲ ဆုံးဖြတ်ရာ၌ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် သက်ဆိုင်ရာဥပဒေများတွင် အခြားနည်း ပြဋ္ဌာန်း ထားခြင်းမရှိလျှင် အစည်းအဝေးသို့တက်ရောက်၍ ဆန္ဒမဲပေးသည့်လွှတ်တော် ကိုယ်စားလှယ် များ၏ များရာဆန္ဒမဲဖြင့် ဆုံးဖြတ်စေခြင်း၊

(ထ) လွှတ်တော်အစည်းအဝေးများတွင် မဲခွဲဆုံးဖြတ်သည့် ကိစ္စများ၌ ဖွဲ့စည်းပုံအခြေခံဥပဒေ နှင့်သက်ဆိုင်ရာဥပဒေများတွင် အခြားနည်းပြဋ္ဌာန်းထားခြင်းမရှိလျှင် နာယက သို့မဟုတ် နာယက တာဝန်ထမ်းဆောင်နေသည့် ဒုတိယနာယကသည် ဆန္ဒမဲပေးခြင်းမပြုရဘဲ ထောက်ခံဆန္ဒမဲနှင့် ကန့်ကွက်ဆန္ဒမဲအရေအတွက်ချင်း တူညီနေသည့် ကိစ္စရပ်တွင်သာ အနိုင်မဲပေးခြင်း၊

( ဒ ) ကာကွယ်ရေးနှင့် လုံခြုံရေးကိစ္စရပ်များကို စဉ်းစားဆွေးနွေးရန် ရှိလျှင်သော်လည်းကောင်း၊ နိုင်ငံတော်လျှို့ဝှက်ချက် ကိစ္စရပ်များကို စဉ်းစားဆွေးနွေးရန်ရှိလျှင်သော်လည်းကောင်း လွှတ်တော် အစည်းအဝေးကို တံခါးပိတ်ကျင်းပရန် ကြေညာခြင်း၊

( ဓ ) လွှတ်တော်၏ဂုဏ်သိက္ခာကို ထိပါးစေသော ရေးသားပြောဆိုမှုနှင့် လွှတ်တော်အတွင်း ဆောင်ရွက်ချက်များကို အထင်အမြင်မှားစေသော ရေးသားပြောဆိုမှုများနှင့်စပ်လျဉ်း၍ မည်သို့မည်ပုံ အရေးယူ ရမည်ကိုဆုံးဖြတ်ခြင်း၊

( န ) ဤနည်းဥပဒေများတွင် ပြဋ္ဌာန်းထားခြင်းမရှိသော ကိစ္စများပေါ်ပေါက်လာလျှင် သော်လည်းကောင်း၊ ဤနည်းဥပဒေများအတိုင်း ဆောင်ရွက်ရာတွင် အခက်အခဲတစ်ရပ်နှင့် ကြုံတွေ့ရလျှင်သော်လည်းကောင်း ယင်းအခက်အခဲများကို ဖြေရှင်းနိုင်ရေးအတွက် လွှတ်တော်၏ အဆုံးအဖြတ်ရယူဆောင်ရွက်ခြင်း၊

( ပ ) ဖွဲ့စည်းပုံအခြေခံဥပဒေအရသော်လည်းကောင်း၊ ဥပဒေတစ်ရပ်ရပ်အရသော်လည်းကောင်း သတ်မှတ်ထားသည့် အခြားတာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဆောင်ရွက်ခြင်း။

၇။ **ဒုတိယနာယက၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ။** ဒုတိယနာယက၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) နာယက က ပေးအပ်သော တာဝန်များကို ထမ်းဆောင်ခြင်း၊

( ခ ) လွှတ်တော်လုပ်ငန်းများနှင့်စပ်လျဉ်း၍ နာယကအား အကြံဉာဏ်ပေးခြင်းနှင့် အကူအညီ ပေးခြင်း၊

( ဂ ) ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီတို့တွင် ဥက္ကဋ္ဌ တာဝန်ထမ်းဆောင်ခြင်း၊

(ဃ) နာယကသည် တာဝန်ထမ်းဆောင်နိုင်စွမ်းမရှိသည့်အခါ ယင်း၏တာဝန်ကို ယာယီ ထမ်းဆောင်ခြင်း၊

( င ) ဖွဲ့စည်းပုံအခြေခံဥပဒေအရသော်လည်းကောင်း၊ ဥပဒေတစ်ရပ်ရပ်အရ သော်လည်းကောင်း သတ်မှတ်ထားသည့် အခြားတာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဆောင်ရွက်ခြင်း။

## အခန်း(၃)
## လွှတ်တော်အစည်းအဝေးများ

### အစည်းအဝေးများခေါ်ယူခြင်း

၈။ နာယကသည် လွှတ်တော်အစည်းအဝေးများကို အောက်ပါအတိုင်း ခေါ်ယူကျင်းပရမည်-

(က) လွှတ်တော်သက်တမ်းတစ်ရပ်၏ ပထမအကြိမ် လွှတ်တော်ပုံမှန်အစည်းအဝေးကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၁၂ ပါသတ်မှတ်ရက်အတွင်း ခေါ်ယူ ကျင်းပရမည်။

( ခ ) ဒုတိယအကြိမ်ပုံမှန်အစည်းအဝေးမှစ၍ လွှတ်တော်အစည်းအဝေးများကို အနည်းဆုံး ၂၁ရက် ကြိုတင်ဖိတ်ကြားရမည်။

( ဂ ) လွှတ်တော်အထူးအစည်းအဝေးခေါ်ယူရန်ရှိပါက အနည်းဆုံး ၁၅ ရက် ကြိုတင်ဖိတ်ကြား ရမည်။

(ဃ) လွှတ်တော်အရေးပေါ်အစည်းအဝေး ခေါ်ယူရန်ရှိပါက အနည်းဆုံး သုံးရက်ကြိုတင် ဖိတ်ကြားရမည်။

**လွှတ်တော်အစည်းအဝေးများကျင်းပရေး ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများ ဖွဲ့စည်းခြင်း**

၉။ နာယကသည် –

(က) လွှတ်တော်အစည်းအဝေးများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်အကြီးအမှူးများ၊ သက်ဆိုင်သည့်ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်း များမှ တာဝန်ရှိပုဂ္ဂိုလ်များပါဝင်စေလျက် လွှတ်တော်အစည်းအဝေးများ ကျင်းပရေးဗဟို ကော်မတီနှင့် လုပ်ငန်းကော်မတီများကို ပြည်ထောင်စုအစိုးရအဖွဲ့နှင့်ညှိနှိုင်း၍ ဖွဲ့စည်း တာဝန်ပေးအပ်နိုင်သည်။

( ခ ) ဗဟိုကော်မတီနှင့်လုပ်ငန်းကော်မတီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို လိုအပ်သလို ညှိနှိုင်းပြုလုပ်နိုင်သည်။

**အစည်းအဝေးကျင်းပခြင်း**

၁၀။ နာယကသည် လွှတ်တော်သက်တမ်းတစ်ရပ်အတွင်း ပြက္ခဒိန်နှစ်အလိုက် ပုံမှန်အစည်းအဝေးများ ကျင်းပမည့်ရက်ကာလလျာထားချက်ကို ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သို့မဟုတ် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌတို့နှင့် ညှိနှိုင်း၍ သတ်မှတ်ရမည်။

၁၁။ လွှတ်တော်ရုံးသည် နည်းဥပဒေ ၁၀ အရ တစ်နှစ်အတွင်း ပုံမှန်အစည်းအဝေးကျင်းပမည့် ရက်ကာလလျာထားသတ်မှတ်ချက်ကို နှစ်စဉ်ကြိုတင်ထုတ်ပြန်ရမည်။

၁၂။ **အစည်းအဝေးအစီအစဉ်။** လွှတ်တော်ရုံးသည် နာယက၏ ခွင့်ပြုချက်ဖြင့် ပုံမှန်အစည်းအဝေး ကာလအတွက် ရက်သတ္တပတ်စာ အစီအစဉ်လျာထားချက်ကို အနည်းဆုံး သုံးရက် ကြိုတင်၍လည်းကောင်း၊ တစ်ရက်စာ အစီအစဉ်လျာထားချက်ကို အနည်းဆုံးတစ်ရက်ကြိုတင်၍လည်းကောင်း၊ ကျင်းပသည့် ရက်အတွက် နေ့စဉ်အစီအစဉ်ကို အစည်းအဝေးမစတင်မီတွင်လည်းကောင်း လွှတ်တော်ကိုယ်စားလှယ် များထံ သင့်လျော်သည့်နည်းလမ်းဖြင့် ဖြန့်ဝေရမည်။

၁၃။ **အစည်းအဝေးရက်နှင့်အချိန်သတ်မှတ်ခြင်း**

(က) လွှတ်တော်အစည်းအဝေးများကို သာမန်အားဖြင့် စနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက် များမှအပ ကျန်ရက်များတွင် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီ အထိ ကျင်းပရမည်။

( ခ ) လွှတ်တော်အစည်းအဝေးကို စနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်များအပါအဝင် တစ်ဆက် တစ်စပ်တည်းကျင်းပရန် လိုအပ်လျှင်ဖြစ်စေ၊ သတ်မှတ်ချိန်ထက်ကျော်လွန်၍ ကျင်းပရန် လိုအပ်လျှင်ဖြစ်စေ လွှတ်တော်၏အဆုံးအဖြတ်ရယူ၍ ဆောင်ရွက်နိုင်သည်။

၁၄။ **အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း။** လွှတ်တော် အစည်းအဝေးတစ်ရပ်ကျင်းပရာတွင်–

(က) လွှတ်တော်အစည်းအဝေးသို့ တက်ရောက်လာသော လွှတ်တော်ကိုယ်စားလှယ်များအား နာယက က သတ်မှတ်သည့် အစီအစဉ်အတိုင်း လွှတ်တော်အစည်းအဝေးခန်းမအတွင်း၌ နေရာချထားရမည်။

( ခ ) လွှတ်တော်ကိုယ်စားလှယ်များသည် လွှတ်တော်အစည်းအဝေး ကျင်းပသောရက်များတွင် အစည်းအဝေးတက်ရောက်ကြောင်း မှတ်တမ်းတင်ခြင်းကို သတ်မှတ်နေရာ၌ လက်မှတ်ရေးထိုး၍ဖြစ်စေ၊ အီလက်ထရောနစ်စနစ်ဖြင့်ဖြစ်စေ အစည်းအဝေးမစတင်မီ အနည်းဆုံး ၁၅ မိနစ် ကြိုတင်၍ ဆောင်ရွက်ရမည်။ အစည်းအဝေး မတက်ရောက်နိုင်သည့် လွှတ်တော်ကိုယ်စားလှယ်၏ ခွင့်ပန်ကြားလွှာကိုလည်း အစည်းအဝေးမစတင်မီ အနည်းဆုံး ၁၅ မိနစ် ကြိုတင်၍ ပေးပို့ရမည်။

( ဂ ) လွှတ်တော်သက်တမ်းတစ်ခုအတွင်း ကျင်းပသော လွှတ်တော်အစည်းအဝေးတစ်ရပ်ရပ်၏ ပထမနေ့တိုင်း၌ လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော် ကိုယ်စားလှယ်စုစုပေါင်းဦးရေ၏ ထက်ဝက်ကျော်ဦးရေ တက်ရောက်လျှင် အစည်းအဝေး အထမြောက်သည်။

(ဃ) အစည်းအဝေးတစ်ရပ်ရပ်၏ ဒုတိယနေ့မှစ၍ ဆက်လက်ကျင်းပသော အစည်းအဝေးများတွင် လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း ဦးရေအနက် အနည်းဆုံး သုံးပုံတစ်ပုံ တက်ရောက်လျှင် အစည်းအဝေးများ အထမြောက်သည်။

( င ) အစည်းအဝေးအထမြောက်ရန် လိုအပ်သည့် လွှတ်တော်ကိုယ်စားလှယ်ဦးရေ မပြည့်ကြောင်း သိရှိသည့်အခါ နာယကသည် ခေါင်းလောင်းကို တစ်မိနစ်တီး၍ အချက်ပေးစေရမည်။ ယင်းသို့ အချက်ပေးခေါင်းလောင်းတီးပြီးနောက် ၄၊ မိနစ်အတွင်း အစည်းအဝေးအထမြောက်ရန် လွှတ်တော်ကိုယ်စားလှယ်ဦးရေ မပြည့်သေးလျှင် အစည်းအဝေးကို ထိုနေ့တွင်ပင် အချိန် သတ်မှတ်၍ ရွှေ့ဆိုင်းနိုင်သည် သို့မဟုတ် ရက်သတ်မှတ်၍ ရွှေ့ဆိုင်းနိုင်သည်။ ယင်းသို့ ရွှေ့ဆိုင်းကျင်းပသော အစည်းအဝေးများတွင် လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့် ရှိသည့် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေအနက် အနည်းဆုံး သုံးပုံတစ်ပုံ တက်ရောက်လျှင် အစည်းအဝေး အထမြောက်သည်။

( စ ) နာယက သို့မဟုတ် ဒုတိယနာယကသည် လွှတ်တော်အစည်းအဝေးကျင်းပသည့် နေ့ရက်တိုင်းတွင် နည်းဥပဒေခွဲ (ဂ) နှင့်(ဃ) တို့အရ အစည်းအဝေးအထမြောက်ခြင်း ရှိ မရှိကို လွှတ်တော်ကိုယ်စားလှယ်စိစစ်ရေးကော်မတီအား စိစစ်စေရမည်။

(ဆ) ယင်းသို့စိစစ်ပြီးနောက် လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော် ကိုယ်စားလှယ်ဦးရေ၊ တက်ရောက်သည့်ဦးရေနှင့် ရာခိုင်နှုန်းတို့ကိုတင်ပြ၍ အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကျင်းပကြောင်း နာယက သို့မဟုတ် နာယက တာဝန်ထမ်းဆောင်သော ဒုတိယနာယကက ကြေညာရမည်။

( ဇ ) အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပြီးနောက်–

(၁) လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်းအတွက် လွှတ်တော်ကိုယ်စားလှယ် စိစစ်ရေးကော်မတီက အတည်ပြုထားသည့် စိစစ်ချက်ကို နာယကထံ တင်ပြ၍ အဆုံးအဖြတ်ရယူရမည်။

(၂) နာယကသည် အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် ဦးရေ၊ ယခင်က ခွင့်ပြုထားသူဦးရေ၊ ယနေ့ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူဦးရေနှင့် ခွင့်ပြုထားသူစုစုပေါင်းဦးရေကိုလည်းကောင်း၊ ခွင့်မဲ့ပျက်ကွက်သူရှိပါကဦးရေနှင့် အမည်စာရင်းကိုလည်းကောင်း လွှတ်တော်သို့တင်ပြ၍ အတည်ပြုချက်ရယူပြီး မှတ်တမ်းတင်ရမည်။

( ဈ ) နည်းဥပဒေခွဲ (ဇ) အရ ဆောင်ရွက်ပြီးနောက် အစည်းအဝေး မူလအစီအစဉ်များကို ဆက်လက် ဆောင်ရွက်ရမည်။

(ည) နာယကသည် အစည်းအဝေးကျင်းပသည့်ရက်တွင် သာမန်အားဖြင့် နေ့စဉ်အစီအစဉ် အတိုင်း ဆောင်ရွက်ရမည်ဖြစ်သော်လည်း လိုအပ်ပါက ပြင်ဆင်ဆောင်ရွက်နိုင်သည်။

၁၅။ **ဆွေးနွေးခွင့်နှင့်အချိန်သတ်မှတ်ခြင်း။** လွှတ်တော်အစည်းအဝေးတစ်ရပ်၌ –

(က) လွှတ်တော်ကိုယ်စားလှယ်များသည် လွှတ်တော်အစည်းအဝေး ကျင်းပနေစဉ်အတွင်း နာယက၏ ခွင့်ပြုချက်ဖြင့်သာလျှင် ဆွေးနွေးခွင့်ရှိသည်။

( ခ ) လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် တစ်ကြိမ်လျှင် အများဆုံး ၁၅ မိနစ်အထိ ဆွေးနွေးနိုင်သည် သို့မဟုတ် ဆွေးနွေးမည့်အကြောင်းအရာနှင့် လွှတ်တော်ကိုယ်စားလှယ် ဦးရေတို့အပေါ်မူတည်၍ သင့်လျော်သည့်ဆွေးနွေးချိန်ကို နာယက က သတ်မှတ် ပေးနိုင်သည်။

( ဂ ) သို့ရာတွင် လွှတ်တော်၏လုပ်ငန်း သို့မဟုတ် ဆွေးနွေးဆဲကိစ္စကို အထောက်အကူ ဖြစ်စေမည်ဟု ယုံကြည်ပါက နာယကသည် ယင်းလွှတ်တော်ကိုယ်စားလှယ်အား အချိန်သတ်မှတ်၍ ဆက်လက်တင်ပြ ဆွေးနွေးခွင့်ပြုနိုင်သည်။

၁၆။ **ဆန္ဒမဲဖြင့်ဆုံးဖြတ်ခြင်း။** လွှတ်တော်တွင် အဆုံးအဖြတ်ပြုရမည့် အကြောင်းအရာတစ်ရပ်နှင့် စပ်လျဉ်း၍ မဲခွဲဆုံးဖြတ်ရာ၌ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် သက်ဆိုင်ရာဥပဒေများတွင် အခြားနည်း ပြဋ္ဌာန်းထားခြင်းမရှိလျှင် အောက်ပါအတိုင်းဆောင်ရွက်ရမည်–

(က) အစည်းအဝေးသို့တက်ရောက်၍ ဆန္ဒမဲပေးသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ များရာဆန္ဒမဲဖြင့် ဆုံးဖြတ်ရမည်။

( ခ ) နာယက သို့မဟုတ် နာယက တာဝန်ထမ်းဆောင်နေသည့် ဒုတိယနာယကသည် ဆန္ဒမဲ မပေးရ။ ထောက်ခံဆန္ဒမဲနှင့် ကန့်ကွက်ဆန္ဒမဲအရေအတွက်ချင်းတူညီနေသည့် ကိစ္စရပ် တွင်သာ အနိုင်မဲပေးရမည်။

၁၇။ **တံခါးပိတ်အစည်းအဝေးကျင်းပခြင်း။** ကာကွယ်ရေးနှင့်လုံခြုံရေး ကိစ္စရပ်များကိုလည်းကောင်း၊ နိုင်ငံတော်လျှို့ဝှက်ချက်ကိစ္စများကိုလည်းကောင်း ဆွေးနွေးစဉ်းစားရန်လိုအပ်ပါက အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) နာယက၏ ဆုံးဖြတ်ချက်အရ လွှတ်တော်အစည်းအဝေးများကို တံခါးပိတ်ကျင်းပရမည်။

( ခ ) နည်းဥပဒေခွဲ (က) အရ ကျင်းပသည့်တံခါးပိတ် အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များအပြင် နာယက က တက်ရောက်စေလိုသည့် ပုဂ္ဂိုလ်များနှင့် သတ်မှတ်ပေးထားသည့် တာဝန်ထမ်းဆောင်ရန် လိုအပ်သူများသာ လွှတ်တော်အစည်းအဝေးခန်းမအတွင်း ရှိစေရမည်။

၁၈။ **အစည်းအဝေးမှတ်တမ်းပြင်ဆင်ခွင့်။** လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းတစ်ရပ်ရပ် သို့မဟုတ် လွှတ်တော်ပူးပေါင်းကော်မတီတစ်ရပ်ရပ်ကို ကိုယ်စားပြုသောအဖွဲ့အစည်းဝင်များနှင့်ဖိတ်ကြား၍ တက်ရောက်သောပုဂ္ဂိုလ်များသည် လွှတ်တော်အစည်းအဝေးတစ်ရပ်၌ မိမိဆွေးနွေးခဲ့သည့် စကားရပ်များနှင့်စပ်လျဉ်း၍ ကွဲလွဲမှတ်တမ်းတင်ထားသည်ကိုတွေ့ရှိလျှင် လွှတ်တော်ရုံးသို့ စာဖြင့် ပြင်ဆင်ချက်ပေးပို့နိုင်သည်။ သို့သော် မိမိအမှန်တကယ် ပြောဆိုခဲ့သော စကားရပ်များကိုမူ ပြင်ဆင်ခွင့်မရှိစေရ။

၁၉။ လွှတ်တော်သည် လွှတ်တော်ကိုယ်စားလှယ်နေရာအချို့ လစ်လပ်နေစေကာမူ လွှတ်တော် လုပ်ငန်းများကို ဆောင်ရွက်ခွင့်ရှိသည်။ ထို့အပြင် အခွင့်အရေးမရှိသူတစ်ဦးက အစည်းအဝေးသို့ တက်ရောက်ခြင်း၊ ဆန္ဒမဲပေးခြင်း သို့မဟုတ် လွှတ်တော်လုပ်ငန်းတစ်ရပ်တွင် ပါဝင်ဆောင်ရွက်ခဲ့ခြင်းကို နောင်အခါတွင်မှ စစ်ဆေးတွေ့ရှိစေကာမူ လွှတ်တော်၏ ဆုံးဖြတ်ဆောင်ရွက်ချက်များသည် ပျက်ပြယ်ခြင်း မရှိစေရ။

၂၀။ လွှတ်တော်အစည်းအဝေးကချမှတ်သည့် ဆုံးဖြတ်ချက်များကို လွှတ်တော်ရုံးက မှတ်တမ်းပြုစုပြီး အစည်းအဝေးပြီးဆုံးသည့်ရက်မှစ၍ ရုံးပိတ်ရက်မပါ သုံးရက်အတွင်း နာယကထံတင်ပြပြီး လက်မှတ်ရေးထိုးထားရမည်။

၂၁။ **အစည်းအဝေးတွင် လိုက်နာရန်စည်းကမ်းများ။** လွှတ်တော်ကိုယ်စားလှယ်များသည် လွှတ်တော်အစည်းအဝေးတွင် အောက်ပါစည်းကမ်းချက်များကို လိုက်နာရမည်-

(က) ကာကွယ်ရေး၊လုံခြုံရေးနှင့်နိုင်ငံတော်လျှို့ဝှက်ချက်ကိစ္စများကို တံခါးပိတ်အစည်းအဝေးမှအပ အခြားအစည်းအဝေး၌ တင်ပြခြင်းမပြုရ။

( ခ ) တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အချင်းချင်းရိုင်းပင်းကူညီရေး၊ ချစ်ကြည်လေးစားရေးတို့ကို ထိခိုက်ပျက်ပြားစေမည့် စကားမပြောဆိုရ။

( ဂ ) မည်သည့်ဘာသာ၊ သာသနာနှင့် ဓလေ့ထုံးတမ်းကိုမျှ ပုတ်ခတ်ပြောဆိုခြင်းမပြုရ။

(ဃ) တရားရုံးတစ်ရုံးက ဆုံးဖြတ်ချက်မချမှတ်ရသေးသော မည်သည့်ကိစ္စကိုမျှ ရည်ညွှန်းထည့်သွင်းပြောဆိုခြင်း မပြုရ။

( င ) လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဦးအား ပုဂ္ဂလဓိဋ္ဌာန်အားဖြင့် စွပ်စွဲပုတ်ခတ်ပြောဆိုခြင်း သို့မဟုတ် နိုင်ငံရေးပါတီတစ်ခုခုအား ထိပါးပုတ်ခတ်ပြောဆိုခြင်းမပြုရ။

(စ) လွှတ်တော်ပရဝဏ်အတွင်းတွင်ဖြစ်စေ၊ လွှတ်တော်အစည်းအဝေး၌ဖြစ်စေ၊ လွှတ်တော် ပူးပေါင်းကော်မတီအစည်းအဝေး၌ဖြစ်စေ ပြောကြားဆွေးနွေးချက်များကို ထိပါး ပုတ်ခတ်ပြောဆိုခြင်းသော်လည်းကောင်း၊ ယင်းအစည်းအဝေးများတွင် ဆောင်ရွက်သည့် ကိစ္စများကို မဖွယ်မရာသော အသုံးအနှုန်းဖြင့်ပြောကြားခြင်းသော်လည်းကောင်း မပြုရ။

(ဆ) နိုင်ငံတော်၏ ကျေးဇူးသစ္စာကို ဖောက်ဖျက်သော၊ နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် လုံခြုံရေးကို ထိခိုက်သော စကားမပြောဆိုရ။

(ဇ) ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များ၊ လွှတ်တော်၏ အစဉ်အလာများ၊ ထုံးတမ်းများကို ဖောက်ဖျက်ကျူးလွန်ခြင်း မပြုရ။

(ဈ) ရုန့်ရင်းကြမ်းတမ်းသော ကိုယ်အမူအရာ၊ နှုတ်အမူအရာများ မပြုရ။

(ည) ဆွေးနွေးပြီးပြတ်ပြီးဖြစ်သော ကိစ္စတစ်ရပ်ကို ထပ်မံတင်ပြခြင်း မပြုရ။

(ဋ) ဆွေးနွေးဆဲကိစ္စတစ်ခုနှင့် တိုက်ရိုက်မသက်ဆိုင်သော စကားမပြောဆိုရ။

(ဌ) မိမိကိုယ်မိမိ အမွှမ်းတင်ခြင်းအားဖြင့်လည်းကောင်း၊ အခြားပုဂ္ဂိုလ်များအား သိက္ခာချခြင်း ဖြင့်လည်းကောင်း၊ မသမာသောနည်းများဖြင့်လည်းကောင်း လွှတ်တော်အစည်းအဝေးတွင် ဆွေးနွေးပိုင်ခွင့်ကို အလွဲသုံးစားမပြုရ။

(ဍ) ဥပဒေကြမ်းတင်သွင်းခြင်းနှင့် အစီရင်ခံစာ ဖတ်ကြားတင်ပြခြင်းများမှအပ အခြားကိစ္စရပ်များ ဆွေးနွေးရာတွင် ကြိုတင်ပြုစုလာသော စာတမ်းနှင့်အထောက်အထားများကို ဖတ်ကြား တင်ပြလိုပါက နာယကထံ ခွင့်ပြုချက်တောင်းခံရမည်။ ထို့အပြင် တင်ပြလိုသည့် အထောက် အထားများကို ရုံးဖွင့်ရက် တစ်ရက်ကြိုတင်၍ ညနေ ၄ နာရီ မတိုင်မီ လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ ပေးပို့ရမည်။

၂၂။ **အရေးယူရန်နည်းလမ်းများ။** နာယကသည်-

(က) လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက နည်းဥပဒေ ၂၁ တွင် ဖော်ပြထားသည့် တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်းတွေ့ရှိလျှင် သတိပေးရမည့်အပြင် တားမြစ်ချက် တစ်ရပ်ရပ်အား ဖောက်ဖျက်ကျူးလွန်ခဲ့သော စကားရပ်များကို ရုပ်သိမ်းရန် ညွှန်ကြားရမည်။

(ခ) မိမိ၏သတိပေးချက်ကို လွှတ်တော်ကိုယ်စားလှယ်က မလိုက်နာဘဲ ဆက်လက်ဖောက်ဖျက် ကျူးလွန်နေလျှင် ယင်းလွှတ်တော်ကိုယ်စားလှယ်အား ဆွေးနွေးခြင်းကို ရပ်စဲရန် ညွှန်ကြားရမည်။

(ဂ) ညွှန်ကြားချက်ကို မလိုက်နာပါက အစည်းအဝေးကို ခေတ္တရပ်နား၍ ယင်းလွှတ်တော် ကိုယ်စားလှယ်အား မည်ကဲ့သို့ အရေးယူရမည်ကိုစဉ်းစားပြီး အောက်ပါအချက် တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ဆောင်ရွက်နိုင်သည်-

(၁) ပြစ်တင်ရှုတ်ချခြင်း၊

(၂) ထိုနေ့ရက်အတွက် ဆွေးနွေးခွင့်ရပ်ဆိုင်းခြင်း၊

(၃) ထိုနေ့ရက်အတွက် လွှတ်တော်အစည်းအဝေးခန်းမမှ ထွက်ခွာသွားစေခြင်း၊

(၄) ကျင်းပဆဲလွှတ်တော်အစည်းအဝေး ကာလတစ်လျှောက်လုံးအတွက် အစည်းအဝေး တက်ရောက်ခွင့် ရုပ်သိမ်းခြင်း၊

(၅) ဖောက်ဖျက်ကျူးလွန်ခဲ့သော စကားရပ်များကို လွှတ်တော်မှတ်တမ်းမှ နုတ်ပယ်ခြင်း၊

(၆) နိုင်ငံတော်၏ လျှို့ဝှက်ချက်ကိုဖောက်ဖျက်ပါက မြန်မာနိုင်ငံအစိုးရ လျှို့ဝှက်ချက်အက်ဥပဒေအရလည်းကောင်း၊ ပြစ်မှုဆိုင်ရာဥပဒေကို ဖောက်ဖျက်ပါက ပြစ်မှုဆိုင်ရာ ဥပဒေအရလည်းကောင်း အရေးယူခြင်း။

**ခွင့်ပန်ကြားခြင်းနှင့် ခွင့်မဲ့ပျက်ကွက်ခြင်း**

၂၃။ **ခွင့်ပန်ကြားခြင်း။** လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်းနှင့်စပ်လျဉ်း၍ –

(က) လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် လွှတ်တော်အစည်းအဝေးသို့ မတက်ရောက်နိုင်လျှင် မတက်ရောက်နိုင်သည့်ကာလကို ဖော်ပြ၍ မိမိကိုယ်တိုင်ဖြစ်စေ၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးဦးကဖြစ်စေ နာယကထံသို့ စာဖြင့်ရေးသား၍ ခွင့်ပြုချက်တင်ပြတောင်းခံရမည်။

( ခ ) လွှတ်တော်ကိုယ်စားလှယ်စိစစ်ရေးကော်မတီသည် အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်ဦးရေ၊ ယခင်က ခွင့်ပန်ကြား၍ လွှတ်တော်က ခွင့်ပြုထားသူဦးရေ၊ ယနေ့ခွင့်ပန်ကြားသူဦးရေနှင့် ခွင့်မဲ့ပျက်ကွက်သူရှိပါက ဦးရေနှင့်အမည်စာရင်းတို့ကို တင်ပြရမည်။

( ဂ ) နာယကသည် နည်းဥပဒေခွဲ (က) နှင့် (ခ) တို့အရ တင်ပြချက်ကို သင့်လျော်သည်ဟု ယူဆပါက ခွင့်ပြုနိုင်သည်။

၂၄။ **ခွင့်မဲ့ပျက်ကွက်ခြင်း။** လွှတ်တော်အစည်းအဝေးတစ်ရပ်တွင် –

(က) အစည်းအဝေးသို့ တက်ရောက်ရမည့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် နာယက၏ ခွင့်ပြုချက်မရဘဲ အစည်းအဝေး တက်ရောက်ရန် အနည်းဆုံး ရက်ပေါင်း ၁၅ ရက် တစ်ဆက်တည်းပျက်ကွက်လျှင် သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ အရေးယူရန် နာယက က သက်ဆိုင်ရာလွှတ်တော် ဥက္ကဋ္ဌထံ အကြောင်းကြားရမည်။

( ခ ) အစည်းအဝေးတက်ရောက်ရန် ခွင့်မဲ့ပျက်ကွက်သည့် ရက်ပေါင်း ၁၅ ရက်ကို ရေတွက်ရာ၌ အစည်းအဝေး ရွှေ့ဆိုင်းထားသည့်ကာလနှင့် နည်းဥပဒေ ၂၂ နည်းဥပဒေခွဲ (ဂ)၊ နည်းဥပဒေခွဲငယ် (၄) အရ အစည်းအဝေးတက်ရောက်ခွင့် ရပ်သိမ်းထားသည့် ကာလများကို ထည့်သွင်းရေတွက်ခြင်းမပြုရ။

## အခန်း(၄)

## နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ

**နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများရွေးချယ်တင်မြှောက်ခြင်း**

၂၅။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၆၀ အရ ဖွဲ့စည်းသော သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့သည် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများကို နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေနှင့်အညီ ရွေးချယ်တင်မြှောက်ရမည်။

**ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်ဦးရေ၊ ဝန်ကြီးဌာနအရေအတွက်နှင့်အမည်တို့နှင့် စပ်လျဉ်း၍ အဆုံးအဖြတ်ပေးခြင်း**

၂၆။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၉၉ ပုဒ်မခွဲ (ခ) နှင့် အညီ ပြည်ထောင်စုတရားသူကြီးချုပ် အပါအဝင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဦးရေကိုလည်းကောင်း၊ ပုဒ်မ ၃၉၈ ပုဒ်မခွဲ (က)နှင့်အညီ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင်များဦးရေကို လည်းကောင်း၊ ပုဒ်မ ၂၀၂ ပုဒ်မခွဲ (က)နှင့်အညီ ပြည်ထောင်စုအစိုးရဝန်ကြီးဌာနအရေအတွက်နှင့် အမည်ကိုလည်းကောင်း၊ ပုဒ်မ ၂၀၂ ပုဒ်မခွဲ(ခ)နှင့်အညီ ပြည်ထောင်စုဝန်ကြီးဦးရေကိုလည်းကောင်း သတ်မှတ်နိုင်ရေးအတွက် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူ၏တင်ပြချက်နှင့် စပ်လျဉ်း၍ နာယကသည် လွှတ်တော်အစည်းအဝေးတွင် အဆုံးအဖြတ်ရယူပြီး ယင်းဆုံးဖြတ်ချက်ကို နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူထံ ပြန်ကြားတင်ပြရမည်။

၂၇။ နည်းဥပဒေ ၂၆ အရ ဆုံးဖြတ်သတ်မှတ်ထားသည့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ ဦးရေသတ်မှတ်ချက်ကိုလည်းကောင်း၊ ပြည်ထောင်စုအစိုးရဝန်ကြီးဌာနအရေအတွက်နှင့် အမည်ကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးဦးရေကိုလည်းကောင်း အခါအားလျော်စွာပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ဦးရေကိုတိုးခြင်း၊ လျှော့ခြင်းပြုလုပ်လိုကြောင်း နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံ ထားရသူ၏ တင်ပြချက်နှင့်စပ်လျဉ်း၍ နာယကသည် လွှတ်တော် အစည်းအဝေးတွင် အဆုံးအဖြတ် ရယူပြီး ယင်းဆုံးဖြတ်ချက်ကို နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူထံ ပြန်ကြားတင်ပြရမည်။

၂၈။ နာယကသည်-

(က) နည်းဥပဒေ ၂၆၊ ၂၇ တို့နှင့်အညီ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထား ရသူ၏ တင်ပြချက်များနှင့်စပ်လျဉ်း၍ လွှတ်တော်အစည်းအဝေး၌ တင်ပြရမည်။

(ခ) နည်းဥပဒေခွဲ (က) နှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက တင်ပြသည့်ရက်မှစ၍ သုံးရက်အတွင်း အမည်စာရင်းပေးပို့စေပြီး ခုနစ်ရက်အတွင်း ဆွေးနွေးရမည်။

(ဂ) လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်အပေါ် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ် တင်မြှောက်ခံထားရသူက ပြန်လည်ရှင်းလင်းရန်ရှိက ရှင်းလင်းဆွေးနွေးနိုင်သည်။

(ဃ) ဆွေးနွေးပြီးပါက လွှတ်တော်အစည်းအဝေး၌ အဆုံးအဖြတ်ရယူပြီး ယင်းဆုံးဖြတ်ချက်ကို နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူထံ ပြန်ကြားတင်ပြရမည်။

**ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင် ခန့်အပ်တာဝန်ပေးရန် သဘောတူညီချက်ရယူခြင်း**

၂၉။ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အောက်ပါပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များကို ခန့်အပ်တာဝန်ပေးနိုင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၉၉ ပုဒ်မခွဲ (ဂ) ပုဒ်မခွဲငယ်(၁)၊ ပုဒ်မ ၂၉၉ ပုဒ်မခွဲ (ဃ) ပုဒ်မခွဲငယ် (၁)၊ ပုဒ်မ ၃၂၁၊ ပုဒ်မ ၃၉၈ ပုဒ်မခွဲ (က)၊ ပုဒ်မ ၂၃၂ ပုဒ်မခွဲ (ဂ)၊ ပုဒ်မ ၂၃၇ ပုဒ်မခွဲ (က) နှင့် ပုဒ်မ ၂၄၂ ပုဒ်မခွဲ (က) တို့နှင့်အညီ အမည် စာရင်း အဆိုပြုလာလျှင် နာယကသည် လွှတ်တော်၏ သဘောတူညီချက်ရယူရမည်-

(က) ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ၊

( ခ ) နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊

( ဂ ) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊

(ဃ) ပြည်ထောင်စုဝန်ကြီးများ၊

( င ) ပြည်ထောင်စုရှေ့နေချုပ်၊

( စ ) ပြည်ထောင်စုစာရင်းစစ်ချုပ်။

၃၀။ နာယကသည် နည်းဥပဒေ ၂၉ အရ လွှတ်တော်၏ သဘောတူညီချက်ရယူရေးနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) အဆိုပြုထားသောပုဂ္ဂိုလ်များ၏ အမည်စာရင်းကို လွှတ်တော်အစည်းအဝေး၌ ကြေညာရမည်။

( ခ ) နည်းဥပဒေခွဲ (က) အရ ကြေညာသည့်ရက်တွင် အမည်စာရင်းပါ ပုဂ္ဂိုလ်များ၏ ကိုယ်ရေးအချက်အလက်အကျဉ်းချုပ်ကို လွှတ်တော်ကိုယ်စားလှယ်များထံ သင့်လျော်သည့် နည်းလမ်းဖြင့် ဖြန့်ဝေပေးရမည်။

( ဂ ) နည်းဥပဒေခွဲ (က) အရ ကြေညာသောအမည်စာရင်းပါ ပုဂ္ဂိုလ်တစ်ဦးဦးသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၃၂ ပုဒ်မခွဲ (က)၊ ပုဒ်မ ၂၃၇ ပုဒ်မခွဲ (က)၊ ပုဒ်မ ၂၄၂ ပုဒ်မခွဲ (က)၊ ပုဒ်မ ၃၀၁၊ ပုဒ်မ ၃၃၃ နှင့် ပုဒ်မ ၃၉၈ ပုဒ်မခွဲ (ခ) တို့တွင် သတ်မှတ်ထားသော သက်ဆိုင်ရာ အရည်အချင်းများနှင့် မပြည့်စုံကြောင်း သက်သေအထင်အရှားပြ၍ ကန့်ကွက်လိုသော လွှတ်တော်ကိုယ်စားလှယ်ရှိပါက ကြေညာသည့်ရက်မှစ၍ သုံးရက်အတွင်း လွှတ်တော်ရုံးညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးပို့၍ ကန့်ကွက်နိုင်ကြောင်း ကြေညာရမည်။

၃၁။ နာယကသည် နည်းဥပဒေ ၃၀ အရ ဆောင်ရွက်ရာတွင် ကန့်ကွက်ချက် တစ်စုံတစ်ရာမရှိလျှင် ယင်းသို့မရှိသော အမည်စာရင်းပါပုဂ္ဂိုလ်နှင့်ပတ်သက်၍ သက်ဆိုင်ရာ ရာထူးတွင် ခန့်အပ်တာဝန်ပေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာရမည်။

၃၂။ နာယကသည် နည်းဥပဒေ ၃၁ အရ လွှတ်တော်သို့ ကြေညာပြီးနောက် ကန့်ကွက်ချက် တစ်စုံတစ်ရာ မရှိသောပုဂ္ဂိုလ်အား သက်ဆိုင်ရာ ရာထူးတွင် ခန့်အပ်တာဝန်ပေးရန် လွှတ်တော်က သဘောတူကြောင်း နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူထံ ပြန်ကြားရမည်။

၃၃။ နာယက သတ်မှတ်သည့်ရက်တွင် နည်းဥပဒေ ၃၀၊ နည်းဥပဒေခွဲ (ဂ) ပါ ကြေညာချက်အရ ကန့်ကွက်လိုသော လွှတ်တော်ကိုယ်စားလှယ်သည် ကန့်ကွက်ကြောင်းအဆိုကို လွှတ်တော်အစည်းအဝေး၌ တင်သွင်းရမည်။ ယင်းအဆိုနှင့်အတူ မိမိကန့်ကွက်လိုသော ပုဂ္ဂိုလ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ သတ်မှတ်ထားသောအရည်အချင်းများနှင့် မပြည့်စုံကြောင်း ထင်ရှားသည့် သက်သေအထောက်အထားများလည်း တစ်ပါတည်း တင်ပြရမည်။

၃၄။ နာယကသည် နည်းဥပဒေ ၃၃ အရ တင်သွင်းသည့် ကန့်ကွက်ကြောင်းအဆိုကို လက်ခံဆွေးနွေးရန် သင့် မသင့် လွှတ်တော်၏ အဆုံးအဖြတ်ကို ဦးစွာရယူရမည်။

၃၅။ ကန့်ကွက်ကြောင်းအဆိုကို လက်ခံဆွေးနွေးရန်မသင့်ကြောင်း လွှတ်တော်က ဆုံးဖြတ်လျှင် နာယကသည် ယင်းအဆိုနှင့်စပ်လျဉ်း၍ ဆက်လက်ဆောင်ရွက်ရန်မရှိကြောင်း ကြေညာပြီး နည်းဥပဒေ ၃၂ ပါအတိုင်း ဆက်လက်ဆောင်ရွက်ရမည်။

၃၆။ ကန့်ကွက်ကြောင်းအဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က ဆုံးဖြတ်လျှင် နာယကသည် ယင်းအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်ရှိပါက ၎င်းရက်မှစ၍ သုံးရက်အတွင်း အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာရမည်။ ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များသည် နာယက က သတ်မှတ်သည့်ရက်နှင့် အစီအစဉ်အတိုင်း ဆွေးနွေးရမည်။

၃၇။ နည်းဥပဒေ ၃၆ အရ ဆွေးနွေးပြီးသည့်အခါ အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူရမည်။ လွှတ်တော်က-

(က) ကန့်ကွက်ကြောင်းအဆိုကို သဘောမတူကြောင်း ဆုံးဖြတ်လျှင် နည်းဥပဒေ ၃၂ ပါ အတိုင်း ဆောင်ရွက်ရမည်။

(ခ) ကန့်ကွက်ကြောင်းအဆိုကို သဘောတူကြောင်း ဆုံးဖြတ်လျှင် နာယကသည် လွှတ်တော်၏ သဘောတူညီချက်မရရှိသည့် ပုဂ္ဂိုလ်အစား အမည်စာရင်းသစ်ကို လွှတ်တော်သို့ ထပ်မံတင်သွင်းနိုင်ကြောင်း နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူထံ ပြန်ကြားရမည်။

၃၈။ နည်းဥပဒေ ၃၃ အရ လွှတ်တော်တွင် ကန့်ကွက်ကြောင်း အဆိုတင်သွင်းခြင်းခံရသော ပုဂ္ဂိုလ်တစ်ဦးဦးနှင့် ပတ်သက်၍-

(က) နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူသည် ယင်းကန့်ကွက်ကြောင်းအဆိုတင်သွင်းခြင်းခံရသူ၏ အမည်စာရင်းကို ရုပ်သိမ်းလိုလျှင် ပြန်လည်ရုပ်သိမ်းနိုင်သည်။

(ခ) ကန့်ကွက်ကြောင်းအဆိုတင်သွင်းခြင်းခံရသူ ကိုယ်တိုင်ကလည်း မိမိအား အမည်စာရင်းတင်သွင်းထားခြင်းကို ရုပ်သိမ်းလိုလျှင် ရုပ်သိမ်းနိုင်သည်။

(ဂ) ကန့်ကွက်ကြောင်းအဆိုတင်သွင်းသူသည် ကန့်ကွက်ကြောင်းအဆိုကို လွှတ်တော်က လက်ခံဆွေးနွေးရန် မဆုံးဖြတ်မီ မိမိ၏အဆိုကို ပြန်လည်ရုပ်သိမ်းနိုင်သည်။

(ဃ) နာယကသည် နည်းဥပဒေခွဲ(က)၊ (ခ)နှင့် (ဂ)တို့အရ ရုပ်သိမ်းခြင်းကို ခွင့်ပြုရမည်။

(င) နည်းဥပဒေခွဲ (ဃ) အရ အမည်စာရင်းရုပ်သိမ်းခြင်းကို ခွင့်ပြုလျှင် ယင်းပုဂ္ဂိုလ်အစား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အမည်စာရင်း အသစ်ထပ်မံအဆိုပြုခွင့်ရှိသည်။

(စ) နည်းဥပဒေခွဲ (င) အရ ထပ်မံအဆိုပြုလာသည့် ပုဂ္ဂိုလ်နှင့်စပ်လျဉ်း၍ နည်းဥပဒေ ၃၀ မှ ၃၈ အထိပါ ပြဋ္ဌာန်းချက်များအတိုင်း ဆက်လက်ဆောင်ရွက်ရမည်။

## ကတိသစ္စာပြုခြင်း

၃၉။ နည်းဥပဒေ ၂၉ ပါ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများအတွက် လွှတ်တော်က သဘောတူညီသည့် အဖွဲ့ဝင်များသည် သက်ဆိုင်ရာအဖွဲ့အစည်းများ၏ လုပ်ငန်းများကို စတင်ဆောင်ရွက်ရန်

လုံလောက်သည့် အဖွဲ့ဝင်ဦးရေဖြစ်သည်ဟု နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက် ခံထားရသူက သဘောရရှိလျှင် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူများအား ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၆၅ ပါ အတိုင်း ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် နာယကရှေ့မှောက်၌ကတိသစ္စာပြုစေရမည်။ ယင်းသို့ကတိသစ္စာမပြုမီ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၅၉၊ ၆၀၊ ၆၂၊ ၆၃ နှင့် ၆၄ တို့နှင့်ညီညွတ်ပြီးဖြစ်ရမည်။

၄၀။ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသူများအား လွှတ်တော်က နိုင်ငံတော်ပြန်တမ်းတွင် ထုတ်ပြန်ကြေညာရမည်။

၄၁။ လွှတ်တော်၏သဘောတူညီချက်ဖြင့် ခန့်အပ်တာဝန်ပေးခြင်းခံရသော နည်းဥပဒေ ၂၉ ပါ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များအား နောက်ဆက်တွဲ (က) ပါအတိုင်း လွှတ်တော် အစည်းအဝေးတွင် နာယက၏ရှေ့မှောက်၌ ကတိသစ္စာပြုစေရမည်။ ယင်းသို့ ကတိသစ္စာမပြုမီ –

(က) ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၀၀ ပုဒ်မခွဲ (ခ)၊ ပုဒ်မ ၃၀၁ ပုဒ်မခွဲ (စ) နှင့် (ဆ) တို့နှင့် ညီညွတ်ပြီး ဖြစ်ရမည်။

( ခ ) နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၃၀ ပုဒ်မခွဲ (က)၊ (ခ)နှင့် (ဂ)တို့နှင့် ညီညွတ်ပြီး ဖြစ်ရမည်။

( ဂ ) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၉၈ ပုဒ်မခွဲ (ခ) ပုဒ်မခွဲငယ် (၇)၊ ပုဒ်မခွဲငယ် (၈) နှင့် ပုဒ်မ ၄၀၁ ပုဒ်မခွဲ (ဂ) တို့နှင့် ညီညွတ်ပြီး ဖြစ်ရမည်။

(ဃ) ပြည်ထောင်စုဝန်ကြီးများသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၃၂ ပုဒ်မခွဲ (ဈ)၊ (ည) နှင့် (ဋ) တို့နှင့်ညီညွတ်ပြီး ဖြစ်ရမည်။

( င ) ပြည်ထောင်စုရှေ့နေချုပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၃၇ ပုဒ်မခွဲ (စ)၊ (ဆ) နှင့် (ဇ) တို့နှင့် ညီညွတ်ပြီးဖြစ်ရမည်။

( စ ) ပြည်ထောင်စုစာရင်းစစ်ချုပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၄၂ ပုဒ်မခွဲ(င)၊ (စ) နှင့် (ဆ)တို့နှင့်ညီညွတ်ပြီး ဖြစ်ရမည်။

**ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများနှင့်စပ်လျဉ်း၍ ဆောင်ရွက်ခြင်း**

၄၂။ နာယကသည် နိုင်ငံတော်သမ္မတက ၎င်း၏သက်တမ်းအတွင်း–

(က) နည်းဥပဒေ ၂၆ နှင့် ၂၇ တို့ပါ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်ဦးရေ၊ ဝန်ကြီးဌာန အရေအတွက်နှင့်အမည်တို့နှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရန် တင်ပြလာလျှင် နည်းဥပဒေ ၂၈ ပါနည်းလမ်းများနှင့်အညီ ဆောင်ရွက်ပေးရမည်။

( ခ ) နည်းဥပဒေ ၂၉ ပါပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်တစ်ဦးဦးကို ခန့်အပ်တာဝန်ပေးနိုင်ရေးအတွက် လွှတ်တော်၏ သဘောတူညီချက်ရယူပေးရန် အမည်စာရင်းအဆိုပြုလာလျှင် နည်းဥပဒေ ၃၀ မှ ၃၈ အထိပါ နည်းလမ်းများနှင့်အညီ ဆောင်ရွက်ပေးရမည်။

(ဂ) လွှတ်တော်ကပြဋ္ဌာန်းသော ဥပဒေတစ်ရပ်ရပ်အရ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်အဖြစ် ခန့်အပ်တာဝန်ပေးနိုင်ရေးအတွက် လွှတ်တော်၏သဘောတူညီချက်ရယူပေးရန် အမည်စာရင်းအဆိုပြုလာလျှင်လည်း နည်းဥပဒေ ၃၀ မှ ၃၈ အထိပါ နည်းလမ်းများနှင့်အညီ ဆောင်ရွက်ပေးရမည်။

၄၃။ လွှတ်တော်သည် နည်းဥပဒေ ၄၂ အရ လွှတ်တော်၏သဘောတူညီချက်ဖြင့် ထပ်မံခန့်အပ်တာဝန်ပေးခြင်းခံရသော ပုဂ္ဂိုလ်များကို နည်းဥပဒေ ၄၁ နှင့်အညီ ကတိသစ္စာပြုစေရမည်။

## အခန်း(၅)
## လွှတ်တော်သို့တင်သွင်းသည့်မေးခွန်းများ

### မေးခွန်းပေးပို့ခြင်း

၄၄။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည်လွှတ်တော်တွင် မေးခွန်းမေးမြန်းလိုလျှင် ပုံမှန်အစည်းအဝေးတစ်ကြိမ်၏ ပထမရက်မစတင်မီ အနည်းဆုံး ၁၀ ရက်ကြိုတင်၍ မေးခွန်းမေးမြန်းလိုကြောင်း အကြောင်းကြားစာနှင့်အတူ လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ ပေးပို့ရမည်။ သို့ရာတွင် အရေးတကြီးကိစ္စနှင့်သက်ဆိုင်သော မေးခွန်းကို နည်းဥပဒေ ၅၅ ပါ ကန့်သတ်ထားသော ၁၀ ရက်အတွင်း ဖြေဆိုရန် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်က သဘောတူကြောင်း ပူးတွဲပါရှိလျှင် နာယကသည် မေးခွန်းကြိုတင်ပေးပို့ရမည့်ရက်ကို လျှော့၍ ခွင့်ပြုနိုင်သည်။

၄၅။ ပြည်ထောင်စုအစိုးရအဖွဲ့အား မေးမြန်းသော မေးခွန်းတစ်ရပ်သည် ပြည်ထောင်စုအစိုးရအဖွဲ့က ဆောင်ရွက်ရသော အများပြည်သူကိစ္စများနှင့် သက်ဆိုင်စေရမည် သို့မဟုတ် ပြည်ထောင်စုအစိုးရအဖွဲ့က တာဝန်ခံထားသော အုပ်ချုပ်မှုကိစ္စတစ်ရပ်ရပ်နှင့် သက်ဆိုင်စေရမည်။

၄၆။ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းတစ်ရပ်ရပ် သို့မဟုတ် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား မေးမြန်းသော မေးခွန်းသည် ထိုအဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်က တာဝန်ခံရသည့် ဥပဒေကြမ်း သို့မဟုတ် အဆို သို့မဟုတ် လွှတ်တော်နှင့်စပ်လျဉ်းသော အခြားကိစ္စအတွက် မေးမြန်းခြင်းဖြစ်စေရမည်။

၄၇။ နာယကသည် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက တင်သွင်းလာသည့် မေးခွန်းနှင့်စပ်လျဉ်း၍ အဆိုပါမေးခွန်းသည် ပြည်သူ့လွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော်၌သာ မေးမြန်းသင့်သည်ဟု ယူဆလျှင် သက်ဆိုင်ရာလွှတ်တော်သို့ လွှဲပြောင်းပေးပို့ရန် ဆုံးဖြတ်နိုင်သည်။ ထိုနည်းတူ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်၌သာ မေးမြန်းသင့်သည့် မေးခွန်းဖြစ်ကြောင်း စိစစ်တွေ့ရှိချက်အရ လွှဲပြောင်းပေးပို့လာလျှင်လည်း နည်းဥပဒေ ၅၁ နှင့်အညီ စိစစ်ခွင့်ပြုနိုင်သည်။

၄၈။ လွှတ်တော်အစည်းအဝေးများတွင် ပထမတစ်နာရီသည် မေးခွန်းများမေးမြန်းဖြေကြားရန် ဖြစ်သည်။

**မေးခွန်းနှင့်စပ်လျဉ်းသည့် ကန့်သတ်ချက်နှင့် စည်းကမ်းချက်များ**

၄၉။ **ကန့်သတ်ချက်များ။** မေးခွန်းတစ်ရပ်သည် အောက်ပါကန့်သတ်ချက်များနှင့် ကိုက်ညီစေရမည်-

(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို ထိခိုက်စေသော မေးခွန်းမဖြစ်စေရ။

( ခ ) နိုင်ငံတော်နှင့်နိုင်ငံသားများ၏ အကျိုးစီးပွားကို ထိခိုက်စေမည့် မေးခွန်း မဖြစ်စေရ။

( ဂ ) ကိစ္စတစ်ရပ်ရပ်အတွက် ထင်မြင်ယူဆချက် တောင်းဆိုခြင်း၊ ဥပဒေဆိုင်ရာ နက်နဲသော ပြဿနာများကို ဖြေရှင်းတောင်းဆိုခြင်း သို့မဟုတ် မဖြစ်ပေါ်သေးသောကိစ္စနှင့်စပ်လျဉ်း၍ မည်သို့ဆောင်ရွက်သင့်ကြောင်း ဖော်ပြမေးမြန်းခြင်း မပြုရ။

(ဃ) သာမန်အားဖြင့် ပုဂ္ဂိုလ်တစ်ဦးဦး၏ အကျင့်စာရိတ္တ သို့မဟုတ် အပြုအမူနှင့်စပ်လျဉ်း၍ မေးမြန်းခြင်းမပြုရ။

( င ) လွှတ်တော်သို့တင်ပြခြင်း မပြုရသေးသော လွှတ်တော်အဖွဲ့အစည်းများ၏ လုပ်ငန်း တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ မေးမြန်းခြင်း မပြုရ။

( စ ) လွှတ်တော်တွင် ဖြေဆိုပြီးဖြစ်သောမေးခွန်းများနှင့် သဘောထားချင်းတူညီသော မေးခွန်း သို့မဟုတ် ဖြေဆိုရန် ငြင်းဆိုခဲ့သော မေးခွန်းမဖြစ်စေရ။

(ဆ) နိုင်ငံတော်၏ လျှို့ဝှက်ချက်များကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော် လည်းကောင်း ပေါက်ကြားစေမည့် မေးခွန်းမဖြစ်စေရ။

( ဇ ) နိုင်ငံတကာဆက်ဆံရေးကို ထိခိုက်စေမည့် မေးခွန်းမဖြစ်စေရ။

( ဈ) တရားရုံးတစ်ရုံးက ဆုံးဖြတ်ချက်မချမှတ်ရသေးသော မည်သည့်ကိစ္စကိုမျှ ရည်ညွှန်း မေးမြန်းခြင်းမပြုရ။

(ည) လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် လွှတ်တော်ပုံမှန်အစည်းအဝေးတစ်ကြိမ်အတွင်း ကြယ်ပွင့်ပြထားသော မေးခွန်း ၅ ခု ထက်ပို၍ မေးမြန်းခြင်းမပြုရ။

၅၀။ **စည်းကမ်းချက်များ။** မေးခွန်းတစ်ရပ်သည် အောက်ပါစည်းကမ်းချက်များနှင့် ကိုက်ညီစေရမည်-

(က) အကြောင်းကိစ္စတစ်စုံတစ်ခုကို သိလို၍ စုံစမ်းမေးမြန်းသော မေးခွန်း ဖြစ်ရမည်။

( ခ ) ရှင်းလင်းစွာဖော်ပြရေးသားထားသော မေးခွန်း ဖြစ်ရမည်။

( ဂ ) မိမိ၏ဖော်ပြချက်မှန်ကန်ကြောင်း မေးခွန်းမေးမြန်းသော လွှတ်တော်ကိုယ်စားလှယ်က လွှတ်တော်ကို တာဝန်ခံရမည်။

(ဃ) မဆီလျော်သောအကြောင်းပြချက်များ၊ ခိုင်လုံသောအထောက်အထား မပါရှိသည့် ယူဆချက်များ၊ မသင့်လျော်သော အသုံးအနှုန်းများ၊ ဂုဏ်သရေကို ထိခိုက်စေသော ဖော်ပြချက်များ မပါရှိသည့် မေးခွန်းဖြစ်ရမည်။

( င ) မလိုအပ်ဘဲ ရှည်လျားခြင်းမရှိသောမေးခွန်း ဖြစ်ရမည်။

( စ ) အသေးအဖွဲကိစ္စရပ်များ မပါဝင်သော မေးခွန်းဖြစ်ရမည်။

(ဆ) လိုအပ်ခြင်းမရှိဘဲ အတိတ်ကာလဖြစ်ရပ်များကို စုံစမ်းမေးမြန်းခြင်း မဟုတ်သည့်မေးခွန်း ဖြစ်ရမည်။

( ဇ ) လွယ်ကူစွာရရှိနိုင်သော မှတ်တမ်းများ သို့မဟုတ် စာအုပ်များတွင်ပါရှိသော အကြောင်းများကို သိရှိရန်မဟုတ်သည့် မေးခွန်းဖြစ်ရမည်။

( ဈ ) နိုင်ငံရေးကိစ္စကို ဘာသာ၊ သာသနာကိစ္စနှင့် ရောယှက်မေးမြန်းခြင်းမဟုတ်သည့် မေးခွန်းဖြစ်ရမည်။

(ည) မိမိကိုယ်မိမိ အမွှမ်းတင်သော၊ အခြားပုဂ္ဂိုလ်များအား သိက္ခာချသော မေးမြန်းခြင်း မဟုတ်သည့် မေးခွန်းဖြစ်ရမည်။

**မေးခွန်းများခွင့်မပြုခြင်း**

၅၁။ နာယကသည် မေးခွန်းတစ်ခုကို လက်ခံခွင့်ပြုရန် သင့်မသင့် စဉ်းစားရာ၌ ဤနည်းဥပဒေများနှင့်ညီညွတ်ခြင်းမရှိလျှင် မေးခွန်းတစ်ခုလုံးကိုသော်လည်းကောင်း၊ မေးခွန်း၏ အစိတ်အပိုင်းကိုသော်လည်းကောင်း ခွင့်မပြုရ။ ထို့အပြင် မေးခွန်းမေးမြန်းပိုင်ခွင့်ကို အလွဲသုံးစားပြုသည်ဟုသော်လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကိုဖြစ်စေ၊ လွှတ်တော်၏ အစဉ်အလာများ၊ ထုံးတမ်းများကိုဖြစ်စေ ဖောက်ဖျက်သည်ဟုသော်လည်းကောင်း၊ လွှတ်တော်၏ လုပ်ငန်းကိုတိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ထိပါးစေသည်ဟုသော်လည်းကောင်း ယူဆလျှင် မေးခွန်း သို့မဟုတ် မေးခွန်း၏ အစိတ်အပိုင်းကို ခွင့်မပြုရ။

၅၂။ မေးခွန်း သို့မဟုတ် မေးခွန်း၏အစိတ်အပိုင်းကို နာယက က ခွင့်မပြုလျှင် ယင်းသို့ခွင့်မပြုသည့် နာယက၏ အဆုံးအဖြတ်ကို ဆွေးနွေးခွင့်မရှိစေရ။

**နှုတ်ဖြင့်ဖြေဆိုရမည့်မေးခွန်းများ**

၅၃။ နှုတ်ဖြင့်ဖြေဆိုရမည့် မေးခွန်းမေးမြန်းခြင်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် မိမိမေးမြန်းသော မေးခွန်းကို လွှတ်တော်တွင် နှုတ်ဖြင့်ဖြေကြားပေးစေလိုလျှင် လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ ပေးပို့သည့် မေးခွန်း၌ ကြယ်ပွင့်အမှတ်အသား ပြထားရမည်။

( ခ ) နာယကက ခွင့်ပြုသော မေးခွန်းများကို သတ်မှတ်ရက်အလိုက် အစည်းအဝေးအစီအစဉ်၏ မေးခွန်းစာရင်းတွင် ထည့်သွင်းပြီး မေးခွန်းများမေးမြန်းချိန်တွင် ကြယ်ပွင့်ပြထားသော မေးခွန်းများအတွက် ဖော်ပြထားသည့် အမှတ်စဉ်အတိုင်း နာယကက လွှတ်တော်ကိုယ်စားလှယ်၏ အမည်ကိုခေါ်ခြင်းအားဖြင့် မေးမြန်းခွင့်ပြုနိုင်သည်။

( ဂ ) လွှတ်တော်ကိုယ်စားလှယ်များသည် မေးခွန်းစာရင်းတွင် မိမိအမည်နှင့်ယှဉ်၍ ဖော်ပြထားသော အမှတ်စဉ်ကိုသာ ပြောကြားခြင်းဖြင့် ကြယ်ပွင့်ပြထားသော မေးခွန်းကို မေးမြန်းရမည်။

(ဃ) ဖြေကြားသောအဖြေကို ရှင်းလင်းစေရန်အလို့ငှာ တစ်ဆက်တစ်စပ်တည်းမေးခွန်းတစ်ခုကို ခွင့်ပြုချိန် နှစ်မိနစ်အတွင်းမေးမြန်းနိုင်သည်။ သို့ရာတွင် ယင်းမေးခွန်းသည် ဤနည်းဥပဒေများနှင့် ဆန့်ကျင်လျှင် နာယက က ခွင့်မပြုရ။

၅၄။ မေးခွန်းဖြေကြားရန်တာဝန်ရှိသော ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများအနေဖြင့် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်က မိမိ၏မေးခွန်းကို ကြယ်ပွင့်အမှတ်အသား သီးခြားမပြလျှင်သော် လည်းကောင်း၊ ကြယ်ပွင့်အမှတ်အသားပြထားသော မေးခွန်းမေးမြန်းသည့် အချိန်တွင် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ် မရှိလျှင်သော်လည်းကောင်း မေးခွန်း၏အဖြေများကို သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်ထံ ပေးအပ်နိုင်ရေးအတွက် လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ ပေးပို့ ရမည်။

## မေးခွန်းများကိုဖြေကြားခြင်းနှင့် ဆက်လက်ဆောင်ရွက်ခြင်း

၅၅။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက မေးမြန်းသော မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုက တိုက်ရိုက်တာဝန်ယူဆောင်ရွက်သော ကိစ္စရပ်ဖြစ်ပါက သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်း၏ တာဝန်ရှိပုဂ္ဂိုလ်ကဖြစ်စေ၊ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်ကဖြစ်စေ၊ မေးခွန်းပေးပို့သည့်ရက်၏ နောက်တစ်ရက်မှ ၁၀ ရက်အတွင်း ဖြေကြားရန်အသင့်ဖြစ်စေရေး ဆက်သွယ်ဆောင်ရွက်ပြီး လွှတ်တော်က သတ်မှတ်သည့်ရက်တွင် လာရောက်ဖြေကြားရန် ဖိတ်ကြားရမည်။

၅၆။ လွှတ်တော်ကိုယ်စားလှယ်၏ မေးခွန်းသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့တို့၏ လုပ်ငန်းတာဝန်များ နှင့်သက်ဆိုင်ပါက ပြည်ထောင်စုအစိုးရအဖွဲ့သည် ယင်းမေးခွန်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာသို့ စိစစ် ပေးပို့ပြီး ဖြေကြားချက်တောင်းခံရမည်။ ထို့နောက် လွှတ်တော်၌ဖြေကြားရန် တာဝန်ပေးအပ်ခြင်းခံရ သည့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းမှ တာဝန်ရှိပုဂ္ဂိုလ်က မေးခွန်းပေးပို့သည့်ရက်၏ နောက်တစ်ရက်မှ ၁၅ ရက်အတွင်း ဖြေကြားရန် အသင့်ဖြစ်စေရေး ဆက်သွယ်ဆောင်ရွက်ပြီး လွှတ်တော်က သတ်မှတ် သည့်ရက်တွင် လာရောက်ဖြေကြားရန် ဖိတ်ကြားရမည်။

၅၇။ လွှတ်တော်တွင် မေးမြန်းဖြေကြားထားသော မေးခွန်းနှင့်အဖြေများကို လွှတ်တော်မှတ်တမ်းတွင် ထည့်သွင်းရမည်။

၅၈။ လွှတ်တော်ရုံးသည် လွှတ်တော်ပုံမှန်အစည်းအဝေး တစ်ကြိမ်ကျင်းပပြီးစီးသည့်အချိန်အထိ ဖြေကြားရန် ကျန်ရှိနေသေးသော မေးခွန်းများ၏အဖြေများကို သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်ထံ စာဖြင့်ပေးအပ်နိုင်ရေးအတွက် ဖြေဆိုရမည့် ပြည်ထောင်စုအဆင့်ဌာန၊အဖွဲ့အစည်းထံမှ ရယူထားရမည်။

၅၉။ ပြည်ထောင်စုအစိုးရအဖွဲ့က လွှတ်တော်တွင် ဖြေဆိုရန်ဖြစ်သော မေးခွန်းနှင့်အဖြေများကို လွှတ်တော်တွင် ဖြေကြားပြီးသည်အထိ သို့မဟုတ် လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ စာဖြင့် ပေးပို့ ပြီးသည်အထိ သတင်းထုတ်ပြန်ကြေညာခြင်းမပြုရ။

၆၀။ နိုင်ငံသားများအတွက် အကျိုးဖြစ်ထွန်းစေမည့် မေးခွန်းဖြစ်သည်ဟု နာယက က သတ်မှတ်သော မေးခွန်းများနှင့်ဖြေကြားချက်များကို နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်းခြင်းနှင့် နိုင်ငံပိုင်သတင်းစာ များတွင် ဖော်ပြခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

**မေးခွန်း၏အဖြေမှပေါ်ပေါက်လာသည့် အများပြည်သူတို့အတွက် အရေးကြီးသောကိစ္စဆွေးနွေးခြင်း**

၆၁။ မေးခွန်းတစ်ခုကို နှုတ်ဖြင့်ဖြေကြားသည်ဖြစ်စေ၊ လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ စာဖြင့်ပေးပို့ ဖြေကြားသည်ဖြစ်စေ ယင်းမေးခွန်းနှင့်အဖြေတို့မှာ အများပြည်သူတို့အတွက် အရေးကြီးသောကိစ္စများ ဖြစ်သည်ဟု နာယက က ဆုံးဖြတ်လျှင် ယင်းကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် နေ့ရက်နှင့်အချိန်ကိုပါ သတ်မှတ်ပေးရမည်။

၆၂။ နည်းဥပဒေ ၆၁ ပါကိစ္စအတွက် ဆွေးနွေးရန်နေ့ရက်နှင့် အချိန်သတ်မှတ်ရာတွင် နာယကသည် သာမန်အားဖြင့် လွှတ်တော်အစည်းအဝေး ကျင်းပသည့်ရက်များတွင် ညနေ ၄ နာရီမှ ၅ နာရီ အထိ သတ်မှတ်ပေးရမည်။ သို့ရာတွင် လွှတ်တော်၏ အခြားလုပ်ငန်းများသည် ညနေ ၄ နာရီ မတိုင်မီ ပြီးဆုံးလျှင် ပြီးဆုံးသည့်အချိန်မှစ၍သော်လည်းကောင်း၊ လွှတ်တော်ရွှေ့ဆိုင်းရန် အဆိုရှိပါက ယင်း အဆိုကို ဆွေးနွေးပြီးဆုံးသည့် အချိန်မှစ၍သော်လည်းကောင်း ယင်းကိစ္စကို ဆွေးနွေးရန် တစ်နာရီ ထက်မပိုသော အချိန်ကို သတ်မှတ်ပေးရမည်။

၆၃။ နည်းဥပဒေ ၆၂ အရ သတ်မှတ်သည့် နေ့ရက်နှင့် အချိန်တို့ကို နာယက က လိုအပ်သလို ပြောင်းလဲသတ်မှတ်နိုင်သည်။

၆၄။ နည်းဥပဒေ ၆၁ ပါ ကိစ္စရပ်များကို လွှတ်တော်၌ ဆွေးနွေးရန် အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) ဆွေးနွေးလိုသောလွှတ်တော်ကိုယ်စားလှယ်သည် မိမိဆွေးနွေးလိုသည့် အကြောင်းအရာ အချက်အလက်ကို အတိုချုပ်ဖော်ပြ၍ မိမိကိုယ်တိုင် လက်မှတ်ရေးထိုးထားသော စာတွင် အနည်းဆုံး အခြားလွှတ်တော်ကိုယ်စားလှယ်နှစ်ဦးကလည်း ထောက်ခံကြောင်း လက်မှတ် ရေးထိုးပြီး လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်မှတစ်ဆင့် နာယကထံသို့ သတ်မှတ်ရက် အတွင်း ပေးပို့တင်ပြရမည်။

( ခ ) နာယကသည် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်၏ တင်ပြချက်အရ နည်းဥပဒေ ၆၁ ပါ ရက်သတ်မှတ်ချက်ကို ပြင်ဆင်ပေးနိုင်သည်။

( ဂ ) နာယကသည် နည်းဥပဒေခွဲ (က) အရ ပေးပို့သည့်စာပါ ကိစ္စရပ်မှာ လွှတ်တော်တွင် ဆွေးနွေးသင့်သည်အထိ အရေးကြီးပြီး အများပြည်သူနှင့်သက်ဆိုင်သောကိစ္စ ဖြစ်သည် ဟု ယူဆမှသာ ယင်းကိစ္စရပ်ကို ဆွေးနွေးခွင့်ပြုရမည်။

(ဃ) နာယကသည် နည်းဥပဒေခွဲ (ဂ)နှင့် ကိုက်ညီသော တင်ပြစာများအနက် ဆွေးနွေးရန် ရရှိသည့်အချိန်ပေါ်မူတည်၍ သင့်လျော်သော တင်ပြစာများကိုသာ ရွေးချယ်ပြီး လွှတ်တော်အစည်းအဝေး အစီအစဉ်တွင် ထည့်သွင်းရမည်။

( င ) လွှတ်တော်ကိုယ်စားလှယ်သည် မိမိဆွေးနွေးမည့် အကြောင်းကိစ္စနှင့်စပ်လျဉ်း၍ အတိုချုပ်သာ ဆွေးနွေးရမည်။ ဆွေးနွေးရာတွင် နည်းဥပဒေ ၁၅ နည်းဥပဒေခွဲ (ခ) ပါ သတ်မှတ်ချိန်ထက် ကျော်လွန်ဆွေးနွေးခြင်းမပြုရ။ ရှင်းလင်းဖြေကြားမည့် ပြည်ထောင်စု အဆင့်အဖွဲ့အစည်းဝင် သို့မဟုတ် လွှတ်တော်ကိုယ်စားလှယ်ကလည်း အတိုချုပ်သာ ရှင်းလင်းဖြေကြားရမည်။

## အခန်း(၆)
## လွှတ်တော်သို့ တင်သွင်းသည့်အဆိုများ

### အဆိုပေးပို့ခြင်း

၆၅။ **အဆို။** ပြည်ထောင်စုအဆင့်အဖွဲ့အစည်းကဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ဖြစ်စေ အောက်ပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူလိုလျှင် လွှတ်တော်သို့ အဆိုအဖြစ် တင်သွင်းရမည်-

(က) နိုင်ငံတော်နှင့်နိုင်ငံသားများ၏ အကျိုးနှင့်စပ်လျဉ်းသောကိစ္စ၊

( ခ ) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း သို့မဟုတ် အခြားအဖွဲ့အစည်းများနှင့်စပ်လျဉ်းသောကိစ္စ၊

( ဂ ) နာယက ခွင့်ပြုသည့် အခြားကိစ္စများ။

၆၆။ နည်းဥပဒေ ၆၅ အရ လွှတ်တော်သို့ အဆိုတင်သွင်းလိုလျှင် အဆိုလွှာတွင် အဆိုပေးပို့သူက လက်မှတ်ရေးထိုးပြီး လွှတ်တော်ပုံမှန်အစည်းအဝေးတစ်ကြိမ်၏ပထမရက်မစတင်မီ အနည်းဆုံး ၁၅ ရက် ကြိုတင်၍ လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ ပေးပို့ရမည်။

၆၇။ သတ်မှတ်ရက်အတွင်း အဆိုလွှာကိုပေးပို့နိုင်ခြင်း မရှိသော်လည်း နာယကသည်-

(က) ပြည်ထောင်စုအဆင့်အဖွဲ့အစည်း၏ အဆိုလွှာဖြစ်လျှင် လုံလောက်သော အကြောင်း ရှိသည်ဟု ယူဆပါက လက်ခံခွင့်ပြုနိုင်သည်။

( ခ ) လွှတ်တော်ကိုယ်စားလှယ်၏ အဆိုလွှာဖြစ်လျှင် ယင်းအဆိုလွှာနှင့် သက်ဆိုင်သည့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်း၏ သဘောတူညီချက်ပါရှိပါက လက်ခံခွင့်ပြုနိုင်သည်။

၆၈။ နာယကသည် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက တင်သွင်းလာသည့် အဆိုနှင့်စပ်လျဉ်း၍ ယင်းအဆိုသည် ပြည်သူ့လွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော်၌သာ တင်သွင်းသင့်သည့် အဆိုဟုယူဆလျှင် သက်ဆိုင်ရာလွှတ်တော်သို့ လွှဲပြောင်းပေးပို့ရန်ဆုံးဖြတ်နိုင်သည်။ ထိုနည်းတူ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သို့မဟုတ် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်၌သာ တင်သွင်းသင့် သည့် အဆိုဖြစ်ကြောင်း စိစစ်တွေ့ရှိချက်အရ လွှဲပြောင်းပေးပို့လာလျှင်လည်း နည်းဥပဒေ ၇၁ နှင့် အညီ စိစစ်ခွင့်ပြုနိုင်သည်။

### အဆိုနှင့်စပ်လျဉ်းသည့် ကန့်သတ်ချက်နှင့် စည်းကမ်းချက်များ

၆၉။ **ကန့်သတ်ချက်များ။** အဆိုများသည် အောက်ပါကန့်သတ်ချက်များနှင့် ကိုက်ညီရမည်-

(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေးကို ထိခိုက်စေသောအဆို မဖြစ်စေရ။

( ခ ) နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားနှင့်သက်ဆိုင်ခြင်းမရှိသော အဆိုမဖြစ်စေရ။

( ဂ ) အဆိုတွင် လွှတ်တော်အစည်းအဝေး၌ ဆုံးဖြတ်ပြီးသော ကိစ္စတစ်ရပ်နှင့် သဘောချင်း တူညီသည့်ကိစ္စ မပါရှိစေရ။

(ဃ) သာမန်အားဖြင့် ပုဂ္ဂိုလ်တစ်ဦးဦး၏ အကျင့်စာရိတ္တ သို့မဟုတ် အပြုအမူနှင့်စပ်လျဉ်း၍ ဖော်ပြချက်များ မပါရှိစေရ။

( င ) နိုင်ငံရေးကိစ္စကို ဘာသာ၊ သာသနာကိစ္စနှင့် ရောယှက်တင်သွင်းသည့် အဆိုမဖြစ်စေရ။

( စ ) တရားရုံးတစ်ရုံးက ဆုံးဖြတ်ချက်မချမှတ်ရသေးသော မည်သည့်ကိစ္စကိုမျှ ရည်ညွှန်းတင်သွင်းသည့်အဆိုမဖြစ်စေရ။

(ဆ) နာယက က ခွင့်မပြုရသေးမီ မည်သည့်အဆိုကိုမျှ ထုတ်ပြန်ကြေညာခြင်းမပြုရ။

၇၀။ **စည်းကမ်းချက်များ။** အဆိုများသည်အောက်ပါ စည်းကမ်းချက်များ နှင့်ကိုက်ညီရမည်-

(က) ရှင်းလင်းပြတ်သား၍ တိကျစွာ ဖော်ပြသော အကြောင်းရပ်တစ်ခု ပါရှိရမည်။

( ခ ) မဆီလျော်သော အကြောင်းပြချက်များ၊ ခိုင်လုံသောအထောက်အထား မပါရှိသည့် ယူဆချက်များ၊ မသင့်လျော်သော အသုံးအနှုန်းများနှင့် ဂုဏ်သရေကို ထိခိုက်စေသည့် ဖော်ပြချက်များ မပါရှိသော အဆို ဖြစ်ရမည်။

( ဂ ) အဆိုတစ်ခုကို ဆွေးနွေးရာတွင် ပြောဆိုချက်များသည် လွှတ်တော်တွင် ဆွေးနွေးဆဲ အဆိုနှင့်သာ အတိအကျ သက်ဆိုင်စေရမည်။

## အဆိုများခွင့်မပြုခြင်း

၇၁။ နာယကသည် အဆိုတစ်ခုကို လက်ခံသင့် မသင့် ဆုံးဖြတ်ရာတွင် ဤနည်းဥပဒေများနှင့် ညီညွတ်ခြင်းမရှိလျှင် အဆိုတစ်ခုလုံးကိုသော်လည်းကောင်း၊ အဆို၏ အစိတ်အပိုင်းကိုသော် လည်းကောင်း ခွင့်မပြုရ။ ထို့အပြင် အဆိုတင်သွင်းခွင့်ကို အလွဲသုံးစားပြုသည်ဟုသော် လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကိုဖြစ်စေ၊ လွှတ်တော်၏အစဉ်အလာများ၊ ထုံးတမ်းများကို ဖြစ်စေ ဖောက်ဖျက်သည်ဟု သော်လည်းကောင်း၊ လွှတ်တော်၏လုပ်ငန်းကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ထိပါးစေသည်ဟုသော်လည်းကောင်း ယူဆလျှင် အဆို သို့မဟုတ် အဆို၏ အစိတ်အပိုင်းကို ခွင့်မပြုရ။

၇၂။ အဆို သို့မဟုတ် အဆို၏ အစိတ်အပိုင်းကို နာယက က ခွင့်မပြုလျှင် ယင်းသို့ ခွင့်မပြုသည့် နာယက၏ အဆုံးအဖြတ်ကို ဆွေးနွေးခြင်းမပြုရ။

## လွှတ်တော်၏ မူလအစီအစဉ်ကို ရွှေ့ဆိုင်းနိုင်ခြင်း

၇၃။ လွှတ်တော်အစည်းအဝေးများတွင် သာမန်အားဖြင့် တစ်နေ့အတွက် သတ်မှတ်ထားသော အစည်းအဝေး အစီအစဉ်အတိုင်း ဆောင်ရွက်ရမည်။ သို့ရာတွင် ဝမ်းသာကြောင်း၊ ဝမ်းနည်းကြောင်း အဆို သို့မဟုတ် အများပြည်သူနှင့်သက်ဆိုင်သော လောလောဆယ် အရေးကြီးကိစ္စတစ်ရပ်ကို ဆွေးနွေးနိုင်ရေးအတွက် လွှတ်တော်၏ မူလအစီအစဉ်ကို ရွှေ့ဆိုင်းရန် အဆိုတင်သွင်းလာပါက နာယက၏ ခွင့်ပြုချက်ဖြင့် လွှတ်တော်၏ မူလအစီအစဉ်ကို ရွှေ့ဆိုင်းနိုင်သည်။

၇၄။ **ဝမ်းသာကြောင်း၊ ဝမ်းနည်းကြောင်းအဆို။** ဝမ်းသာကြောင်း သို့မဟုတ် ဝမ်းနည်းကြောင်းအဆို တင်သွင်းခြင်းနှင့်စပ်လျဉ်း၍ နာယကသည်-

(က) လွှတ်တော်၏ အများဆန္ဒနှင့်ကိုက်ညီမည်ဟု သဘောရရှိလျှင် ဝမ်းသာကြောင်း အဆို သို့မဟုတ် ဝမ်းနည်းကြောင်းအဆိုကို အချိန်မရွေး တင်သွင်းခွင့်ပြုရမည်။

( ခ ) ယင်းအဆိုအတွက် ထောက်ခံသူမလိုသည့်အပြင် အဆိုကို လက်ခံဆွေးနွေးရန်သင့် မသင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းမပြုဘဲ ဆက်လက်ဆောင်ရွက်နိုင်သည်။

( ဂ ) အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူပြီးပါက အစည်းအဝေး၏ မူလ အစီအစဉ်ကို ဆက်လက်ဆောင်ရွက်နိုင်သည် သို့မဟုတ် ထိုနေ့အတွင်း အချိန်သတ်မှတ်၍ ရွှေ့ဆိုင်းနိုင်သည် သို့မဟုတ် သီးခြားသတ်မှတ်သော ရက်တစ်ရက်သို့ ရွှေ့ဆိုင်းနိုင်သည်။

၇၅။ **အရေးကြီးအဆိုတင်သွင်းခြင်းနှင့်ဆွေးနွေးခြင်း။** အရေးတကြီးကိစ္စတစ်ခုကို ဆွေးနွေးရန် အဆို တင်သွင်းခြင်း၊ ဆွေးနွေးခြင်းနှင့်စပ်လျဉ်း၍-

(က) နာယကသည် အောက်ပါစည်းကမ်းချက်များနှင့်ညီညွတ်လျှင် ယင်းနေ့အတွက် လွှတ်တော် အစည်းအဝေး အစီအစဉ်နှင့်လုပ်ငန်းကို ရပ်ဆိုင်းစေ၍ အများပြည်သူနှင့် သက်ဆိုင်သော လောလောဆယ် အရေးတကြီးကိစ္စတစ်ခုကို ဆွေးနွေးရန် အဆိုတင်သွင်းခွင့်ပြုနိုင်သည်-

(၁) အဆိုတင်သွင်းသောနေ့၏ အစည်းအဝေးအစီအစဉ် မစတင်မီဖြစ်စေ၊ အစည်းအဝေး အစီအစဉ်များ ကျင်းပနေစဉ်ဖြစ်စေ စာဖြင့်ရေးသားလက်မှတ်ရေးထိုးပြီး နာယကထံ တင်သွင်းသော အဆိုဖြစ်ရမည်။

(၂) ယင်းအဆိုသည် လောလောဆယ် ပေါ်ပေါက်လာသော ကိစ္စလည်းဖြစ်၍ အများ ပြည်သူနှင့်အရေးတကြီး သက်ဆိုင်သောကိစ္စလည်းဖြစ်ပြီးလျှင် လွှတ်တော်၏ ဆုံးဖြတ်ချက်ကိုရယူရန် လိုအပ်သောကိစ္စလည်း ဖြစ်ရမည်။

(၃) လွှတ်တော်တွင် သာမန်နည်းလမ်းအားဖြင့် တင်ပြဆွေးနွေးရန် မဖြစ်နိုင်သောကိစ္စ ဖြစ်ရမည်။

(၄) ယင်းအဆိုသည် လွှတ်တော်သို့ အကြောင်းကြားထားပြီးဖြစ်၍ သင့်လျော်သော အချိန်အတွင်း တင်သွင်းဆွေးနွေးရန် သတ်မှတ်ပြီးသောကိစ္စတစ်ရပ်လည်း မဖြစ် စေရ၊ ထို့ပြင် ဆွေးနွေးစဉ်းစားရန် သတ်မှတ်ပြီးသောကိစ္စတစ်ရပ်လည်း မဖြစ်စေရ၊ လွှတ်တော်အစည်းအဝေးတွင် ဆွေးနွေးဆုံးဖြတ်ပြီးဖြစ်သောကိစ္စလည်း မဖြစ် စေရ။

(၅) လွှတ်တော်တွင် တင်သွင်းဆွေးနွေးခြင်းကို ခွင့်မပြုနိုင်သော ကိစ္စတစ်ခုလည်း မဖြစ်စေရ။

( ခ ) နာယကသည် ယင်းအဆိုနှင့်စပ်လျဉ်း၍ နည်းဥပဒေခွဲ (က) ပါစည်းကမ်းချက်များနှင့် ညီညွတ်သည်ဟု ယူဆလျှင် အောက်ပါအတိုင်းဆောင်ရွက်ရမည်-

(၁) မေးခွန်းများ မေးမြန်းဖြေကြားပြီးသည့် နောက်တွင်ဖြစ်စေ၊ ထိုနေ့အတွက် အစီအစဉ်တွင် ဖော်ပြထားသောကိစ္စရပ်များကို မစတင်မီဖြစ်စေ ယင်းအဆိုကို လွှတ်တော်သို့ ဖတ်ပြရမည်။

(၂) ထိုနေ့အတွက် သတ်မှတ်ထားသော အစည်းအဝေးအစီအစဉ်ကို မွန်းလွဲ ၃ နာရီခွဲအချိန်တွင်ဖြစ်စေ၊ သင့်လျော်သည့်အချိန်တွင်ဖြစ်စေ ရပ်ဆိုင်း၍ အရေးကြီးအဆိုကို တင်သွင်းခြင်း၊ ထောက်ခံခြင်း၊ လက်ခံဆွေးနွေးရန် သင့် မသင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းတို့ကို ဆောင်ရွက်ရမည်။

(၃) လွှတ်တော်၏ အဆုံးအဖြတ်ရယူရာတွင် အစည်းအဝေးသို့ တက်ရောက်သည့် လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်းဦးရေ၏ သုံးပုံတစ်ပုံထက်မနည်းက ထောက်ခံလျှင် လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူသည်ဟု မှတ်ယူရမည်။

(၄) ထို့နောက်ယင်းအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးမည့်အစီအစဉ်ကို သတ်မှတ်ပေးပြီး ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်ရှိလျှင် အမည်စာရင်းပေးပို့နိုင်ကြောင်း ကြေညာရမည်။

(ဂ) နည်းဥပဒေခွဲ (ခ) ပါ အရေးကြီးအဆိုနှင့်စပ်လျဉ်းသည့် အစီအစဉ်ကို ဆောင်ရွက်ပြီးပါက အစည်းအဝေး၏ မူလအစီအစဉ်ကို ဆက်လက်ဆောင်ရွက်နိုင်သည် သို့မဟုတ် ထိုနေ့အတွင်း အချိန်သတ်မှတ်၍ ရွှေ့ဆိုင်းနိုင်သည် သို့မဟုတ် သီးခြားသတ်မှတ်သော ရက်တစ်ရက်သို့ ရွှေ့ဆိုင်းနိုင်သည်။

(ဃ) ဤအဆိုကို ဆွေးနွေးရာတွင် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် အများဆုံး ၁၀ မိနစ် ဆွေးနွေးနိုင်သည် သို့မဟုတ် သင့်လျော်သည့် ဆွေးနွေးချိန်ကို နာယက က သတ်မှတ်ပေးနိုင်သည်။

## အဆိုကို တင်သွင်းခြင်း၊ ဆွေးနွေးခြင်းနှင့် ရပ်သိမ်းခွင့်ပြုခြင်း

၇၆။ **အဆိုကိုတင်သွင်းခြင်း။** နာယကက လက်ခံခွင့်ပြုသောအဆိုများအနက် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းက ပေးပို့သောအဆိုများကို ဦးစားပေးတင်သွင်းခွင့်ပြုပြီး ကျန်လွှတ်တော်ကိုယ်စားလှယ်များ၏ အဆိုများကို လက်ခံရရှိသည့် အစီအစဉ်အတိုင်း သတ်မှတ်၍ အောက်ပါအတိုင်း လွှတ်တော်သို့တင်သွင်းစေရမည်-

(က) ပြည်ထောင်စုအဆင့်အဖွဲ့အစည်းတစ်ရပ်က လွှတ်တော်သို့ အဆိုတစ်ခုတင်သွင်းရာတွင်-

(၁) အဆိုတင်သွင်းမည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်အား နာယက က ဖိတ်ခေါ်သောအခါ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်သည် အဆိုကို ဦးစွာဖတ်ကြားတင်သွင်းပြီးနောက် အဆိုနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးနိုင်သည် သို့မဟုတ် အဆိုကို မတင်သွင်းလိုတော့ကြောင်း တင်ပြရမည်။

(၂) ယင်းအဆိုနှင့်စပ်လျဉ်း၍ ထောက်ခံသူမလိုသည့်အပြင် လက်ခံဆွေးနွေးရန် သင့် မသင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းမပြုဘဲ ဆက်လက်ဆောင်ရွက်နိုင်သည်။

(၃) အဆိုကို ရှင်းလင်းတင်သွင်းပြီးနောက် ယင်းအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးမည့်ရက်ကို သတ်မှတ်ပေးပြီး ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်ရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာရမည်။

( ခ ) လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက လွှတ်တော်သို့ အဆိုတစ်ခုတင်သွင်းရာတွင် –

(၁) အဆိုတင်သွင်းမည့် လွှတ်တော်ကိုယ်စားလှယ်အား နာယက က ဖိတ်ခေါ်သောအခါ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်သည် မိမိ၏အဆိုကို ဦးစွာဖတ်ကြားတင်သွင်း ပြီးနောက် အဆိုနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးနိုင်သည် သို့မဟုတ် အဆိုကို မတင်သွင်းလိုတော့ကြောင်း တင်ပြရမည်။

(၂) အဆိုတင်သွင်းဆွေးနွေးချိန် ၁၀ မိနစ်ထက် မပိုစေရ။ တင်သွင်းသည့် အကြောင်း အရာအပေါ် မူတည်၍ နာယကက ခွင့်ပြုလျှင် နောက်ထပ် နှစ်မိနစ် ဆက်လက် ဆွေးနွေးနိုင်သည်။

(၃) အဆိုကိုရှင်းလင်းတင်သွင်းပြီးလျှင် ယင်းအဆိုကို အခြားလွှတ်တော်ကိုယ်စားလှယ် တစ်ဦးက ထောက်ခံရမည်။ ထောက်ခံဆွေးနွေးမှုသည် ငါးမိနစ်ထက်မပိုစေရ။

(၄) သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်သည် အဆိုတင်သွင်းမည့်အချိန်တွင် လွှတ်တော်၌မရှိခဲ့လျှင် ၎င်းကစာဖြင့်ရေးသားလွှဲအပ်ခြင်းခံရသော အခြားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးက နာယက၏ခွင့်ပြုချက်ဖြင့် ယင်းအဆိုကို တင်သွင်းနိုင်သည်။ ဤသို့လွှဲအပ်ခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်မရှိလျှင်သော်လည်းကောင်း၊ နာယက၏ခွင့်ပြုချက်မရလျှင်သော်လည်းကောင်း ထိုအဆိုကို မတင်သွင်းသော အဆိုဟု မှတ်ယူရမည်။ ဤနည်းဥပဒေခွဲငယ်သည် နည်းဥပဒေ ၇၃ နှင့် ၇၄ တို့တွင် ရည်ညွှန်းထားသော အဆိုများနှင့် သက်ဆိုင်ခြင်းမရှိစေရ။

(၅) ယင်းအဆိုနှင့်စပ်လျဉ်း၍ လက်ခံဆွေးနွေးရန် သင့် မသင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူရမည်။

(၆) နည်းဥပဒေခွဲငယ် (၅) အရ အဆုံးအဖြတ်ရယူရာတွင် အစည်းအဝေးသို့ တက်ရောက်၍ ဆန္ဒမဲပေးသည့် လွှတ်တော်ကိုယ်စားလှယ်ထက်ဝက်ကျော်က ထောက်ခံလျှင် အဆိုကို လက်ခံဆွေးနွေးမည်ဖြစ်ကြောင်း နာယက က ကြေညာရမည်။

(၇) ယင်းအဆိုကို လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်လျှင် အဆိုနှင့်စပ်လျဉ်း၍ ဆက်လက်ဆောင်ရွက်ရန်မရှိကြောင်း နာယက က ကြေညာ ရမည်။

(၈) အဆိုတစ်ခုကို လက်ခံဆွေးနွေးရန်ဆုံးဖြတ်ပါက ဆွေးနွေးမည့်ရက်ကို သတ်မှတ် ပေးပြီး ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်ရှိလျှင် အမည်စာရင်း ပေးပို့ နိုင်ကြောင်း နာယက က ကြေညာရမည်။

၇၇။ **အဆိုကိုဆွေးနွေးခြင်း။** လွှတ်တော်အစည်းအဝေး၌ အဆိုတစ်ခုနှင့်စပ်လျဉ်း၍ ဆွေးနွေးရာတွင်–

(က) လွှတ်တော်ရုံးသည် အဆိုကို ပေးပို့သည့်ရက်၏ နောက်တစ်ရက်မှ ၁၄ ရက်အတွင်း သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးရန် အသင့် ဖြစ်စေရေး ဆက်သွယ်ဆောင်ရွက်ရမည်။

( ခ ) ယင်းအဆိုနှင့်စပ်လျဉ်း၍ နာယက က သတ်မှတ်သည့်ရက်နှင့် အစီအစဉ်အတိုင်း လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးရမည်။

( ဂ ) သာမန်အားဖြင့် လွှတ်တော်အစည်းအဝေး နေ့စဉ်အစီအစဉ်၌ အဆိုလေးခုထက်ပို၍ ထည့်သွင်းခြင်း မပြုရ။

(ဃ) လွှတ်တော်အစည်းအဝေး၌ ဆွေးနွေးဆဲဖြစ်၍ မဆုံးဖြတ်ရသေးသောအဆိုကို နောက် တစ်ရက်တွင် ဆက်လက်ဆွေးနွေးရမည်။

( င ) လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးပြီးနောက် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်း ဆွေးနွေးနိုင်သည်။

( စ ) အမည်စာရင်းပေးပို့ထားသည့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် အဆိုတစ်ရပ်ကို တစ်ကြိမ်ထက် ပို၍ဆွေးနွေးခြင်းမပြုရ။ သို့ရာတွင် နာယက၏ခွင့်ပြုချက်ဖြင့် မိမိနှင့် သက်ဆိုင်သောကိစ္စတစ်ခုကို ဖြေရှင်းလိုလျှင် အငြင်းပွားဖွယ်ရာကိစ္စမျိုးမပါစေဘဲ ဖြေရှင်း နိုင်သည်။

(ဆ) အဆိုတင်သွင်းသည့် လွှတ်တော်ကိုယ်စားလှယ်ကလည်း နာယက၏ခွင့်ပြုချက်ဖြင့် ပြန်လည်ဖြေရှင်းသည့်သဘော နောက်တစ်ကြိမ် ဆွေးနွေးနိုင်သည်။

( ဇ ) အဆိုတင်သွင်းသည့် လွှတ်တော်ကိုယ်စားလှယ်က ပြန်လည်ဖြေရှင်းပြီးနောက် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်သည် အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေး ပြီးသည် ဖြစ်စေ၊ မဆွေးနွေးရသေးသည် ဖြစ်စေ ပြန်လည်ဆွေးနွေးခွင့်ရှိသည်။

၇၈။ **အဆိုကို ရုပ်သိမ်းခြင်း။** လွှတ်တော်အစည်းအဝေးတစ်ရပ်၌-

(က) လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် မိမိတင်သွင်းပြီးသော အဆိုတစ်ခုကို လွှတ်တော်၏ ခွင့်ပြုချက်မရရှိလျှင် ပြန်လည်ရုပ်သိမ်းခြင်းမပြုရ။

( ခ ) အဆိုတင်သွင်းသော လွှတ်တော်ကိုယ်စားလှယ်က မိမိတင်သွင်းထားသော အဆိုကို ရုပ်သိမ်းရန် ခွင့်တောင်းခြင်းအား လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဦးက နှုတ်ဖြင့် ကန့်ကွက်လျှင်ပင် ရုပ်သိမ်းခွင့်မပြုရ။

**အဆိုနှင့်စပ်လျဉ်း၍ အဆုံးအဖြတ်ရယူခြင်း**

၇၉။ အဆိုတစ်ခုနှင့်စပ်လျဉ်း၍ လွှတ်တော်၏အဆုံးအဖြတ် ရယူရာတွင်-

(က) အဆိုတစ်ခုကို လွှတ်တော်၌ ဆွေးနွေးနေစဉ် ဆွေးနွေးခြင်းကိုရပ်စဲ၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရန် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက နာယကအား တောင်းဆို နိုင်သည်။

( ခ ) နာယကသည် ယင်းအဆိုနှင့်စပ်လျဉ်း၍ လုံလောက်စွာဆွေးနွေးပြီးဖြစ်သည်ဟု ယူဆလျှင် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်အား ပြန်လည်ရှင်းလင်း ဆွေးနွေး စေခြင်းနှင့် အဆိုတင်သွင်းသူ၏ သဘောထားမေးမြန်းခြင်းတို့ကို ဆောင်ရွက်ပြီး ဆွေးနွေးခြင်းကို ရပ်စဲ၍ လွှတ်တော်၏ အဆုံးအဖြတ် ရယူရမည်။

( ဂ ) အချက်ပေါင်းများစွာပါဝင်သော အဆိုတစ်ခုအတွက် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာတွင် နာယကသည် မိမိ၏သဘောအရအဆိုကို ပိုင်းခြား၍သော်လည်းကောင်း၊ အချက် တစ်ခုစီခွဲခြား၍သော်လည်းကောင်း ရယူနိုင်သည်။

၈၀။ နာယကသည် အဆိုတစ်ခုနှင့်စပ်လျဉ်း၍ လွှတ်တော်၏အဆုံးအဖြတ်ရယူရာတွင် သင့်လျော်သည့် ဆန္ဒပြုနည်းလမ်းကို အသုံးပြုနိုင်ပြီး ထောက်ခံအရေအတွက်များပါက အဆိုကိုအတည်ပြုကြောင်းနှင့်ကန့်ကွက်အရေအတွက်များပါက အဆိုကို အတည်မပြုကြောင်း ကြေညာရမည်။

၈၁။ လွှတ်တော်ရုံးသည် လွှတ်တော်က အတည်ပြုဆုံးဖြတ်ပြီးသော အဆိုမိတ္တူတစ်စောင်စီကို သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများသို့ ပေးပို့ရမည်။

**ပြင်ဆင်ချက်အဆိုတင်သွင်းခြင်း**

၈၂။ **ပြင်ဆင်ချက်အဆိုတင်သွင်းနိုင်သောပုဂ္ဂိုလ်။** လွှတ်တော်သို့ တင်သွင်းသောအဆိုနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်ပြုလုပ်လိုလျှင် အောက်ပါပုဂ္ဂိုလ်များကပြင်ဆင်ချက်ကို လွှတ်တော်သို့ တင်သွင်းနိုင်သည်-

(က) ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင် သို့မဟုတ် ဥပဒေအရဖွဲ့စည်းသည့် အဖွဲ့အစည်းအားကိုယ်စားပြုသည့်ပုဂ္ဂိုလ်တစ်ဦးဦး၊

( ခ ) လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဦး။

၈၃။ **ပြင်ဆင်ချက်အဆို တင်သွင်းရမည့်ကာလ။** နည်းဥပဒေ ၈၂ ပါ ပုဂ္ဂိုလ်တစ်ဦးဦးသည် ပြင်ဆင်ချက်အဆိုတင်သွင်းလိုပါက အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) ယင်းပြင်ဆင်ချက်အဆိုကို ဆွေးနွေးမည့်နေ့ရက်မတိုင်မီ အနည်းဆုံးသုံးရက် ကြိုတင်၍ ပေးပို့ရမည်။

( ခ ) နာယက က သင့်လျော်သည်ဟု ယူဆပါက နည်းဥပဒေခွဲ (က) ပါ ရက်ကန့်သတ်ချက်ကို လျှော့ပေါ့နိုင်သည်။

၈၄။ **ပြင်ဆင်ချက်အဆိုနှင့်စပ်လျဉ်းသည့် ကန့်သတ်ချက်များ။** အောက်ပါအတိုင်းဖြစ်သည်-

(က) အဆိုတွင်ပါရှိသော ကိစ္စနှင့်သက်ဆိုင်သည့် ပြင်ဆင်ချက်ဖြစ်ရမည့်အပြင် ထိုကိစ္စ၏ သဘောတွင်လည်း အကျုံးဝင်သည့် ပြင်ဆင်ချက်ဖြစ်ရမည်။

( ခ ) အဆိုနှင့် ဆန့်ကျင်ဘက်သဘောသက်ရောက်သည့် ပြင်ဆင်ချက်မဖြစ်စေရ။

( ဂ ) အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကအတည်ပြုပြီးသော ဆုံးဖြတ်ချက်နှင့်ဆန့်ကျင်သည့် ပြင်ဆင်ချက်မဖြစ်စေရ။

(ဃ) သိမ်ဖျင်းသော ပြင်ဆင်ချက်မဖြစ်စေရ။

( င ) အဆို၏အစိတ်အပိုင်းတစ်ခုနှင့်စပ်လျဉ်းသည့် ပြင်ဆင်ချက်ကို နာယက က လွှတ်တော်သို့ တင်ပြပြီးသောအခါ ထိုအစိတ်အပိုင်းထက် အလျင်ကျသော အစိတ်အပိုင်းကို ပြင်ဆင်ခြင်း မဖြစ်စေရ။ သို့ရာတွင် နာယက က တင်ပြသော ပြင်ဆင်ချက်ရုပ်သိမ်းခဲ့လျှင် အလျင်ကျသော အစိတ်အပိုင်းကို ပြင်ဆင်ရန် အဆိုတင်သွင်းနိုင်သည်။

( စ ) ပြင်ဆင်ချက်အဆိုတွင် လွှတ်တော်အစည်းအဝေး၌ ဆုံးဖြတ်ပြီးသော ကိစ္စတစ်ရပ်နှင့် သဘောချင်းတူညီသည့်ကိစ္စများ မပါရှိစေရ။

၈၅။ **ပြင်ဆင်ချက်အဆိုကို ရုပ်သိမ်းခြင်း။** လွှတ်တော်အစည်းအဝေးတစ်ရပ်၌-

(က) လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် မိမိတင်သွင်းပြီးသော ပြင်ဆင်ချက် အဆိုတစ်ခုကို လွှတ်တော်ခွင့်ပြုချက်မရရှိလျှင် ပြန်လည်ရုပ်သိမ်းခြင်းမပြုရ။

( ခ ) ပြင်ဆင်ချက်အဆိုတင်သွင်းသော လွှတ်တော်ကိုယ်စားလှယ်က မိမိတင်သွင်းသော ပြင်ဆင်ချက်အဆိုကို ရုပ်သိမ်းရန် ခွင့်တောင်းခြင်းအား လွှတ်တော်ကိုယ်စားလှယ် တစ်ဦးဦးက နှုတ်ဖြင့်ကန့်ကွက်လျှင်ပင် ရုပ်သိမ်းခွင့်မပြုရ။

၈၆။ **ပြင်ဆင်ချက်အဆိုနှင့်စပ်လျဉ်း၍ ဆောင်ရွက်ခြင်း။** ပြင်ဆင်ချက်အဆိုနှင့်စပ်လျဉ်း၍-

(က) နာယကသည် မူလအဆိုနှင့် ပြင်ဆင်ချက်အဆိုတို့ကို ဖတ်ပြရမည်။

( ခ ) ပြင်ဆင်ချက်အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်းမပြုမီ ဆွေးနွေးမှုကို ပြီးပြတ်အောင် ပြုလုပ်ရမည်။

( ဂ ) ပြင်ဆင်ချက်အဆိုကို အဆုံးအဖြတ်ပေးနိုင်ရန် လွှတ်တော်၏ဆန္ဒရယူရာတွင် နည်းဥပဒေ ၇၉ နှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း(၇)
## လွှတ်တော်သို့တင်သွင်းသည့် ဥပဒေကြမ်းများ

### ဥပဒေကြမ်းပေးပို့တင်သွင်းခြင်း

၈၇။ လွှတ်တော်သို့ ဥပဒေကြမ်းများပေးပို့ခြင်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား ၁ ပါ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ပါရှိသော ကိစ္စရပ်များအနက် မိမိတို့စီမံခန့်ခွဲသည့် ကိစ္စရပ်များနှင့်စပ်လျဉ်းသော ဥပဒေကြမ်းများကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့် အညီ လွှတ်တော်သို့ ပေးပို့တင်သွင်းခွင့်ရှိသည်။

( ခ ) ပြည်ထောင်စုအစိုးရအဖွဲ့ကသာ တင်သွင်းခွင့်ရှိသော အောက်ပါဥပဒေကြမ်းများကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ လွှတ်တော်သို့ ပေးပို့၍တင်သွင်းဆွေးနွေး ဆုံးဖြတ်ရမည်-

(၁) နှစ်စဉ်နိုင်ငံတော်၏ အမျိုးသားစီမံကိန်းဥပဒေကြမ်း၊

(၂) နှစ်စဉ်ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းနှင့် နောက်ထပ် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကြမ်း၊

(၃) နှစ်စဉ်ပြည်ထောင်စု၏ အခွန်အကောက်ဆိုင်ရာဥပဒေကြမ်း၊

(၄) အမျိုးသားစီမံကိန်း၊ ဘဏ္ဍာရေးနှင့်အခွန်အကောက်ဆိုင်ရာ အခြားဥပဒေကြမ်းများ။

( ဂ ) ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများသည် ပြည်ထောင်စု၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီး

အဖွဲ့ဥပဒေပြုစာရင်းများတွင် ဖော်ပြမထားသော အခြားကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဥပဒေပြုရန်လိုအပ်လျှင် လွှတ်တော်သို့ ဥပဒေကြမ်းများ တင်သွင်းရန်ပေးပို့ရမည်။

(ဃ) ပြည်ထောင်စုနယ်မြေများအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား ၂ နှင့် ဇယား ၃ ပါ ကိစ္စရပ်များကို ဥပဒေပြဋ္ဌာန်းပေးရန် လိုအပ်လျှင် နိုင်ငံတော်သမ္မတက ဥပဒေကြမ်းများကို လွှတ်တော်သို့ ပေးပို့ရမည်။

( င ) ဥပဒေကြမ်းတင်သွင်းခွင့်ရှိသူများသည် နည်းဥပဒေခွဲ (ခ) တွင် ဖော်ပြထားသော ဥပဒေကြမ်းများမှအပ အခြားဥပဒေကြမ်းများကိုပေးပို့ရာတွင် ဥပဒေကြမ်းနှင့်အတူ ဥပဒေကြမ်း၏ ရည်ရွယ်ချက်နှင့် အကျိုးအကြောင်းဖော်ပြချက်တို့ကို မိတ္တူသုံးစောင်ပြုစု၍ လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ ပေးပို့ရမည်။

၈၈။ ပြည်သူ့လွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော်သည် လွှတ်တော်သက်တမ်းတစ်ရပ်အတွင်း ဆွေးနွေးအတည်ပြုနိုင်ခြင်းမရှိသော ဥပဒေကြမ်းများကို လွှတ်တော်သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း ၃၀ ကြိုတင်၍ လွှတ်တော်သို့ပြန်လည်ပေးပို့ရမည်။ ထိုသို့ပေးပို့လာသည့်အခါ လွှတ်တော်ရုံးသည် ယင်းဥပဒေကြမ်းများကို မူလပေးပို့ထားသည့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းများသို့ ပြန်လည်ပေးပို့ရမည်။ ထိုသို့ပြန်လည်ပေးပို့မှုကို အနီးကပ်ဆုံးကျင်းပသည့် လွှတ်တော်အစည်းအဝေး၌ မှတ်တမ်းတင်ရမည်။

၈၉။ **ဥပဒေကြမ်းပေးပို့ရန် ကာလသတ်မှတ်ခြင်း။** နည်းဥပဒေ ၈၇ အရ ဥပဒေကြမ်းတစ်ခု ပေးပို့ရာတွင်-

(က) သာမန်အားဖြင့် လွှတ်တော်ပုံမှန်အစည်းအဝေးတစ်ကြိမ်၏ ပထမရက်မစတင်မီ အနည်းဆုံး ရက်ပေါင်း ၃၀ ကြိုတင်၍ ပေးပို့ရမည်။

( ခ ) သတ်မှတ်ရက်အတွင်း ကြိုတင်ပေးပို့ခြင်းမရှိသော်လည်း လုံလောက်သောအကြောင်း ရှိသည်ဟု နာယက က ထင်မြင်ယူဆလျှင် လက်ခံခွင့်ပြုနိုင်သည်။

၉၀။ **ဥပဒေကြမ်းကိုကြေညာခြင်း။** ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများက ပေးပို့လာသည့် ဥပဒေကြမ်းများကိုလွှတ်တော်သို့ ပေးပို့သည်နှင့်တစ်ပြိုင်နက်လွှတ်တော်ရုံးသည် နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်းခြင်းနှင့် ပြည်သူအများလေ့လာအကြံပြုနိုင်ရန် ထုတ်ပြန်ကြေညာရမည်။

## ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများက စီမံခန့်ခွဲသည့် ဥပဒေကြမ်းများ

၉၁။ **ပြည်သူ့လွှတ်တော်နှင့်အမျိုးသားလွှတ်တော်တွင်စတင်ဆွေးနွေးစေခြင်း။** လွှတ်တော်၌သာ ဆွေးနွေးဆုံးဖြတ်ရမည်ဟု သတ်မှတ်သော ဥပဒေကြမ်းများမှအပ ပြည်ထောင်စုဥပဒေပြုစာရင်းပါ ကိစ္စရပ်များအနက် ၎င်းတို့စီမံခန့်ခွဲရသည့်ကိစ္စများနှင့်စပ်လျဉ်းသော ဥပဒေကြမ်းများကို ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများက လွှတ်တော်သို့ ပေးပို့လာလျှင် နာယကသည်-

(က) ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးသင့်သည်ဟု ယူဆပါက ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်နိုင်ရေးအတွက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌထံ ပေးပို့ရမည်။

( ခ ) အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးသင့်သည်ဟု ယူဆပါက အမျိုးသားလွှတ်တော် ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်နိုင်ရေးအတွက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌထံ ပေးပို့ရမည်။

၉၂။ နည်းဥပဒေ ၉၁ အရ လွှတ်တော်ကပေးပို့ထားပြီး ပြင်ဆင်ချက်မရှိသည့်ဥပဒေကြမ်း သို့မဟုတ် လွှတ်တော်တစ်ရပ်ရပ်က ပြင်ဆင်ချက်ဖြင့် အတည်ပြုထားသည့် ဥပဒေကြမ်းကိုသော်လည်းကောင်း၊ ပြည်သူ့လွှတ်တော်တွင်ဖြစ်စေ၊ အမျိုးသားလွှတ်တော်တွင်ဖြစ်စေ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ် တစ်ဦးဦးက စတင်တင်သွင်းသည့် ဥပဒေကြမ်းကိုသော်လည်းကောင်း လွှတ်တော်နှစ်ရပ်လုံးက အတည်ပြုလျှင် ယင်းဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူ၍ လွှတ်တော် အစည်းအဝေး၌ မှတ်တမ်းတင်ရမည်။

၉၃။ **လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသည့် ဥပဒေကြမ်း။** အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) ဥပဒေကြမ်းတစ်ခုနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ သဘောကွဲလွဲသည့်အတွက် လွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် သက်ဆိုင်ရာ လွှတ်တော် ဥက္ကဋ္ဌက နာယကထံ ပေးပို့လာသည့်အခါ နာယကသည် လွှတ်တော် အစည်းအဝေး၌ ဆွေးနွေးခြင်းမပြုမီ လေ့လာစိစစ်စေရန် ဥပဒေကြမ်းပူးပေါင်းကော်မတီသို့ အချိန်ကာလ သတ်မှတ်၍ ပေးပို့ရမည်။

( ခ ) ပူးပေါင်းကော်မတီဥက္ကဋ္ဌသည် သဘောကွဲလွဲချက်များနှင့်စပ်လျဉ်းသည့် လေ့လာတွေ့ရှိချက် နှင့်သဘောထားမှတ်ချက် အစီရင်ခံစာကို လက်မှတ်ရေးထိုး၍ နာယကထံ တင်ပြရမည်။

( ဂ ) ပူးပေါင်းကော်မတီဝင်တစ်ဦး သို့မဟုတ် အချို့သည် ပူးပေါင်းကော်မတီဝင်အများစုနှင့် သဘောကွဲလွဲပါက ယင်းသို့ သဘောကွဲလွဲသည့်အချက်ကို ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာပြုစုရာတွင် သီးခြားထည့်သွင်း ဖော်ပြခွင့်ရှိသည်။

(ဃ) နာယကသည် ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထား မှတ်ချက်အစီရင်ခံစာကို ပူးပေါင်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌက တာဝန်ပေးအပ် သော ကော်မတီဝင်တစ်ဦးအား လွှတ်တော်အစည်းအဝေး၌ ရှင်းလင်းတင်ပြစေရမည်။ ယင်းသို့ရှင်းလင်းတင်ပြရာတွင် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ်သဘောကွဲလွဲ သည့် အပိုဒ်၊ အပိုဒ်ခွဲ၏ မူလအဆိုပြုချက်ကိုလည်းကောင်း၊ လွှတ်တော်နှစ်ရပ်၏ သဘော ကွဲလွဲချက်များကိုလည်းကောင်း၊ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက် နှင့်သဘောထားမှတ်ချက်တို့ကို လည်းကောင်း တင်ပြရမည်။

( င ) နာယကသည် ဥပဒေကြမ်းအပေါ် လွှတ်တော်နှစ်ရပ်သဘောကွဲလွဲချက်များနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက ပြည်သူ့လွှတ်တော်၏ အတည်ပြုချက် အတိုင်းဖြစ်စေ၊ အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အတိုင်းဖြစ်စေ၊ ကွဲလွဲသည့် အပိုဒ်၊ အပိုဒ်ခွဲနှင့်သက်ဆိုင်သည့် မိမိ၏ပြင်ဆင်ချက်ကိုဖြစ်စေ တိကျစွာဖော်ပြ လက်မှတ်

ရေးထိုးပြီး အစီရင်ခံစာဖတ်ကြား တင်သွင်းသည့်ရက်မှစ၍ ရုံးပိတ်ရက်မပါ သုံးရက်အတွင်း လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးပို့နိုင်ကြောင်း ကြေညာရမည်။

( စ ) နာယကသည် ဥပဒေကြမ်း၏ သဘောကွဲလွဲချက်များနှင့်စပ်လျဉ်း၍ ဆွေးနွေးမည့်နေ့ရက်နှင့် လွှတ်တော်ကိုယ်စားလှယ်များ၏အမည်စာရင်းကို သတ်မှတ်ပေးရမည့်အပြင် သတ်မှတ်ချက်များနှင့် ညီညွတ်မှုမရှိသော သဘောထားမှတ်ချက်၊ ပြင်ဆင်ချက်များအတွက် ဆွေးနွေးခွင့်ကို ငြင်းပယ်နိုင်သည်။

၉၄။ **သဘောကွဲလွဲချက်များကို ဆွေးနွေးခြင်း။** အောက်ပါအတိုင်းဆောင်ရွက်ရမည်-

(က) လွှတ်တော်ရုံးသည် ဥပဒေကြမ်း၏သဘောကွဲလွဲချက်များနှင့်စပ်လျဉ်း၍ လွှတ်တော်၏အဆုံးအဖြတ်မရယူမီ လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသည့်အချက်များ၊ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏သဘောထားမှတ်ချက်နှင့် လွှတ်တော်ကိုယ်စားလှယ်၏ ပြင်ဆင်ချက်တို့ပါဝင်သောဇယားကို လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားရမည်။

( ခ ) လွှတ်တော်တစ်ရပ်က အတည်ပြုပြီးသောဥပဒေကြမ်းကို အခြားလွှတ်တော်က ပြင်ဆင်ချက်များဖြင့် ပြန်လည်ပေးပို့လာပြီး အတည်ပြုသည့် လွှတ်တော်က ပြင်ဆင်ချက်များကို လက်မခံသည့် ဥပဒေကြမ်းဖြစ်လျှင် လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသည့်အချက်များနှင့် တိုက်ရိုက်သက်ဆိုင်သော ပြင်ဆင်ချက်များမှအပ အခြားအချက်များကို ဆွေးနွေးခြင်းမပြုရ။

( ဂ ) လွှတ်တော်တစ်ရပ်က သဘောတူအတည်ပြုထားသည့်ဥပဒေကြမ်းကို အခြားလွှတ်တော်က သဘောမတူသည့်အတွက် သဘောကွဲလွဲသည့် ဥပဒေကြမ်းအဖြစ် ပေးပို့လာလျှင် ဥပဒေကြမ်း ပူးပေါင်းကော်မတီ၏ အစီရင်ခံစာပါ သဘောထားမှတ်ချက်နှင့်အညီ လွှတ်တော်၌ ဆက်လက်ဆွေးနွေး ဆောင်ရွက်ရမည်။

(ဃ) နည်းဥပဒေ ၉၃ ပါ ဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ အစီရင်ခံစာဖတ်ကြားတင်ပြပြီးနောက် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအရ နာယကသည် အစီရင်ခံစာ ထပ်မံတင်ပြရန် လိုအပ်သည်ဟုယူဆလျှင် ဥပဒေကြမ်းပူးပေါင်းကော်မတီသို့ ညွှန်ကြားဆောင်ရွက်နိုင်သည်။

၉၅။ **လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။** နာယကသည်-

(က) နည်းဥပဒေ ၉၄ နည်းဥပဒေခွဲ (ခ) အရ ဆွေးနွေးသည့် ဥပဒေကြမ်းကို လွှတ်တော်၏ အဆုံးအဖြတ်ရယူရာတွင် လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသည့်အချက်များနှင့် တိုက်ရိုက်သက်ဆိုင်သော ပြင်ဆင်ချက်များကိုသာ လွှတ်တော်က အတည်ပြုရန် အဆုံးအဖြတ်ရယူရမည်။

( ခ ) နည်းဥပဒေ ၉၄ နည်းဥပဒေခွဲ (ဂ) အရ ဆွေးနွေးသည့် ဥပဒေကြမ်းကို လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ၌ ပြင်ဆင်ချက်ဖြင့် အတည်ပြုရန်ဆွေးနွေးချက်များကို ဦးစွာအဆုံးအဖြတ်ရယူပြီး ဆက်လက်၍ ဥပဒေကြမ်းတစ်ရပ်လုံးကို လွှတ်တော်က အတည်ပြုရန်

အဆုံးအဖြတ်ရယူရမည် သို့မဟုတ် ဥပဒေကြမ်းကို သဘောမတူသည့်အတွက် လွှတ်တော်က အတည်မပြုရန် အဆုံးအဖြတ် ရယူရမည်။

(ဂ) လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်ချက်အဆိုတစ်စုံတစ်ရာ တင်သွင်းထားခြင်း မရှိပါက ဥပဒေကြမ်းတစ်ရပ်လုံးကိုဖြစ်စေ၊ ဥပဒေကြမ်း၏ အစိတ်အပိုင်းကိုဖြစ်စေ လွှတ်တော်သို့ တစ်ပေါင်းတည်း တင်ပြပြီး အဆုံးအဖြတ်ရယူနိုင်သည်။

၉၆။ နည်းဥပဒေ ၉၁ အရ လွှတ်တော်တစ်ရပ်ရပ်သို့ ပေးပို့ထားသည့်ဥပဒေကြမ်းတစ်ခုကို အဆိုပါ လွှတ်တော်ကသဘောမတူဟု ဆုံးဖြတ်သည့်အတွက် အခြားလွှတ်တော်သို့ပေးပို့ပြီး ဆက်လက်ဆောင်ရွက်ရာတွင် အခြားလွှတ်တော်ကလည်း သဘောမတူကြောင်းဆုံးဖြတ်ပါက ၎င်းဥပဒေကြမ်းကို စတင်ဆွေးနွေးသည့် လွှတ်တော်မှတစ်ဆင့် နာယကထံ ပြန်လည်ပေးပို့ရမည်။ နာယကသည် ၎င်းဥပဒေကြမ်းကို သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းသို့ ပြန်လည်ပေးပို့ရမည်။

**နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများ**

၉၇။ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် နှစ်ရပ်လုံးက နည်းဥပဒေများ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းတစ်ရပ်ရပ်ကို ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်စေရန် အတည်ပြုချက်ဖြင့် လွှတ်တော်သို့ ပေးပို့လာပါက ယင်းနည်းဥပဒေများ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းကို လွှတ်တော်က ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်စေရန် အတည်ပြုသည်ဟု မှတ်ယူ၍ လွှတ်တော်၌မှတ်တမ်းတင်ရမည်။

၉၈။ နည်းဥပဒေများ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းတစ်ရပ်ရပ်ကို ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်စေရန် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ သဘောကွဲလွဲသည့်အတွက် လွှတ်တော်၌ ဆွေးနွေးဆုံးဖြတ်ရာတွင် နည်းဥပဒေ ၉၃ မှ ၉၅ အထိပါရှိသော ဥပဒေကြမ်းကို ဆွေးနွေးခြင်းနှင့် အဆုံးအဖြတ်ရယူခြင်း ဆိုင်ရာနည်းလမ်းများနှင့်အညီ ဆောင်ရွက်ရမည်။

၉၉။ လွှတ်တော်ရုံးသည် နည်းဥပဒေ ၉၇ နှင့် ၉၈ တို့အရ လွှတ်တော်က ဆွေးနွေးအတည်ပြုသည့် အတိုင်း နည်းဥပဒေများ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းတစ်ရပ်ရပ်ကို ပြင်ဆင်ထုတ်ပြန်နိုင်ရန် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းသို့ ပေးပို့ရမည်။

၁၀၀။ နည်းဥပဒေများ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းတစ်ရပ်ရပ်ကို ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်စေရန် နည်းဥပဒေ ၉၇ သို့မဟုတ် ၉၈ အရ ဆုံးဖြတ်ပါက ထိုသို့ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်စေခြင်းမပြုမီ ယင်းနည်းဥပဒေများ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းအရ ဆောင်ရွက်ခဲ့ပြီးသော အမှုကိစ္စများကို ထိခိုက်ခြင်းမရှိစေရ။

## အခန်း(၈)
## နှစ်စဉ်နိုင်ငံတော်၏အမျိုးသားစီမံကိန်းဥပဒေကြမ်း

**ဥပဒေကြမ်းပေးပို့ခြင်းနှင့် တင်သွင်းခြင်း**

၁၀၁။ **ဥပဒေကြမ်းကိုပေးပို့ခြင်း။** နှစ်စဉ်နိုင်ငံတော်၏ အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဥပဒေကြမ်းတင်သွင်းလိုကြောင်း အကြောင်းကြားစာနှင့်အတူ နောက်ဆက်တွဲ

များအပါအဝင် ဥပဒေကြမ်းမိတ္တူ ၆၇၀ စုံကို ပုံမှန်အစည်းအဝေးကာလအတွင်း လွှတ်တော်သို့ တင်သွင်းလိုသည့်ရက်မတိုင်မီ အနည်းဆုံး သုံးရက်ကြိုတင်၍ လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ ပေးပို့ရမည်။

၁၀၂။ **ဥပဒေကြမ်းကို တင်သွင်းခြင်း။** ဥပဒေကြမ်းနှင့်စပ်လျဉ်း၍-

(က) နာယက က သတ်မှတ်သည့်ရက်တွင် နိုင်ငံတော်၏ အမျိုးသားစီမံကိန်း ဥပဒေကြမ်းကို ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား နိုင်ငံတော်သမ္မတ သို့မဟုတ် ယင်းကတာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်အား လွှတ်တော်သို့ တင်သွင်းစေရမည်။

( ခ ) ထို့နောက် လွှတ်တော်အစည်းအဝေး၌ဆွေးနွေးခြင်းမပြုမီ အသေးစိတ်လေ့လာစိစစ်ပြီး အစီရင်ခံစာ တင်သွင်းနိုင်ရေးအတွက် ယင်းဥပဒေကြမ်းအပြည့်အစုံကို ဥပဒေကြမ်း ပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီတို့သို့ အချိန်ကာလသတ်မှတ်၍ ပေးပို့ရမည်။ စိစစ်ရေးပူးပေါင်းအဖွဲ့များနှင့် လွှတ်တော်ကိုယ်စားလှယ်များထံသို့လည်း ဖြန့်ဝေရမည်။

( ဂ ) ဥပဒေကြမ်းကို နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်းခြင်းနှင့် ပြည်သူများ လေ့လာသိရှိ အကြံပြုနိုင်ရန် နိုင်ငံပိုင်သတင်းစာများတွင် ထည့်သွင်းဖော်ပြခြင်းဆောင်ရွက်ရမည်။

(ဃ) နာယကသည် ဥပဒေကြမ်းတွင်ပါဝင်သော စီမံကိန်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ လိုအပ်ပါက ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းပါ ရငွေသုံးငွေများနှင့်အတူ သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များအား လွှတ်တော်သို့ရှင်းလင်းတင်ပြစေရမည်။

၁၀၃။ **ဥပဒေကြမ်းကိုစိစစ်ခြင်းနှင့် အစီရင်ခံစာတင်သွင်းခြင်း။** အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) ဥပဒေကြမ်း၏ နောက်ဆက်တွဲပါ စီမံကိန်းလုပ်ငန်းတန်ဖိုးများကို စိစစ်ရန် တာဝန်ပေးအပ်ဖွဲ့စည်းထားသော စိစစ်ရေးပူးပေါင်းအဖွဲ့များသည် ၎င်းတို့၏ စိစစ်တွေ့ရှိချက်အစီရင်ခံစာကို ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီသို့ သတ်မှတ်ရက်အမီ ပေးပို့ရမည်။

( ခ ) ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီသည် စိစစ်ရေးပူးပေါင်းအဖွဲ့များ၏ အစီရင်ခံစာများကို စိစစ်၍ ပြုစုထားသော စီမံကိန်းလုပ်ငန်းများနှင့်စပ်လျဉ်းသည့် လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို နာယကထံ တင်ပြပြီး ဥပဒေကြမ်းပူးပေါင်းကော်မတီသို့ မိတ္တူပေးပို့ရမည်။

( ဂ ) ဥပဒေကြမ်းပူးပေါင်းကော်မတီသည် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီက ပေးပို့ထားသည့် အစီရင်ခံစာပါ အကြောင်းအရာများနှင့် ဥပဒေဆိုင်ရာစိစစ်တွေ့ရှိချက်များကို ပေါင်းစပ်ပြုစုထားသော လေ့လာတွေ့ရှိချက်နှင့်သဘောထားမှတ်ချက်အစီရင်ခံစာကို ကော်မတီ ဥက္ကဋ္ဌက လက်မှတ်ရေးထိုးပြီး နာယကထံ တင်ပြရမည်။

(ဃ) ပူးပေါင်းကော်မတီဝင်တစ်ဦး သို့မဟုတ် အချို့သည် ပူးပေါင်းကော်မတီဝင် အများစုနှင့် သဘောကွဲလွဲပါက ယင်းသို့သဘောကွဲလွဲသည့်အချက်ကို ကော်မတီ၏လေ့လာတွေ့ရှိချက်နှင့်သဘောထားမှတ်ချက်အစီရင်ခံစာပြုစုရာတွင် မှတ်ချက်ဖြင့်ထည့်သွင်းဖော်ပြနိုင်သည်။

(င) နာယက က သတ်မှတ်သောရက်တွင် ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာကို ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌက တာဝန်ပေးအပ်သည့် ကော်မတီဝင်တစ်ဦးအား လွှတ်တော်သို့ ဖတ်ကြားတင်သွင်းစေရမည်။

၁၀၄။ **ဥပဒေကြမ်းကိုဆွေးနွေးခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း။** ဥပဒေကြမ်းကို ဆွေးနွေးခြင်း၊ အဆုံးအဖြတ်ရယူခြင်းတို့နှင့်စပ်လျဉ်း၍ "ရငွေသုံးငွေများ" ဆိုသည့်စကားရပ်အစား "စီမံကိန်းလုပ်ငန်းတန်ဖိုးများ" ဆိုသည့်စကားရပ် အသုံးပြုခြင်းမှအပ နည်းဥပဒေ ၁၀၉ မှ ၁၁၅ အထိပါ နည်းလမ်းများအတိုင်း ဆောင်ရွက်ရမည်။

၁၀၅။ နိုင်ငံတော်၏ အမျိုးသားစီမံကိန်းဥပဒေကြမ်းပါ နိုင်ငံပိုင်လုပ်ငန်းစီမံကိန်းများ၏ ရင်းနှီးမြှုပ်နှံမှုတန်ဖိုးများသည် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းတွင် ပါဝင်သည့် ငွေလုံးငွေရင်းအသုံးစရိတ်လျာထားချက်များအတိုင်းဖြစ်သည့်အတွက် အဆိုပါဥပဒေကြမ်းနှစ်ခုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက လွှတ်တော်၌ ရှင်းလင်းဆွေးနွေးခြင်းနှင့်လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းတို့ကို တစ်ပေါင်းတည်းဆောင်ရွက်နိုင်သည်။

## အခန်း (၉)
## နှစ်စဉ်ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းနှင့် နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကြမ်း

### နှစ်စဉ်ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်း

၁၀၆။ **ဥပဒေကြမ်းကို ပေးပို့ခြင်း။** ပြည်ထောင်စုအစိုးရအဖွဲ့သည် ဘဏ္ဍာရေးကော်မရှင်နှင့် ညှိနှိုင်းရရှိသည့် ပြည်ထောင်စု၏ နှစ်စဉ်အရအသုံးခန့်မှန်းခြေငွေစာရင်းကို အခြေပြုလျက် ရေးဆွဲထားသည့် သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို လွှတ်တော်သို့တင်သွင်းရန် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာဥပဒေ ပုဒ်မ ၈ ပါစာရွက်စာတမ်းများနှင့် အတူ မိတ္တူ ၆၇၀ စုံ ပြုစု၍ နာယကထံ ပေးပို့ရမည်။

၁၀၇။ **ဥပဒေကြမ်းကိုတင်သွင်းခြင်း။** ဥပဒေကြမ်းနှင့်စပ်လျဉ်း၍-

(က) လွှတ်တော်အစည်းအဝေး၌ ဆွေးနွေးခြင်းမပြုမီ အသေးစိတ် လေ့လာစိစစ်နိုင်ရေးအတွက် ယင်းဥပဒေကြမ်း အပြည့်အစုံကို ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီတို့သို့ အချိန်ကာလသတ်မှတ်၍ ပေးပို့ရမည်။ စိစစ်ရေးပူးပေါင်းအဖွဲ့များနှင့် လွှတ်တော်ကိုယ်စားလှယ်များထံသို့လည်း ကြိုတင်ဖြန့်ဝေ ထားရမည်။

(ခ) နည်းဥပဒေခွဲ (က) အရ ဆောင်ရွက်ပြီးပါက လွှတ်တော်ရုံးသည် ယင်းဥပဒေကြမ်းကို နိုင်ငံတော်ပြန်တမ်းတွင်ထည့်သွင်းခြင်းနှင့် ပြည်သူအများလေ့လာသိရှိ အကြံပြုနိုင်ရန် နိုင်ငံပိုင်သတင်းစာများတွင် ထည့်သွင်းဖော်ပြခြင်း ဆောင်ရွက်ရမည်။

(ဂ) နာယက က သတ်မှတ်သည့်ရက်တွင် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား နိုင်ငံတော်သမ္မတ သို့မဟုတ် ယင်းက

တာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်အား လွှတ်တော်သို့တင်သွင်းစေရမည်။ ထိုအချိန်တွင် သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွက် နိုင်ငံတော်၏ အမျိုးသားစီမံကိန်းဥပဒေကြမ်းကို လွှတ်တော်သို့ တင်သွင်းပြီးဖြစ်ရမည်။

(ဃ) ထိုသို့တင်သွင်းပြီးနောက် နာယကသည် ဥပဒေကြမ်းတွင်ပါဝင်သော ရငွေသုံးငွေများနှင့် စပ်လျဉ်း၍ လိုအပ်ပါက နိုင်ငံတော်၏ အမျိုးသားစီမံကိန်းဥပဒေကြမ်းပါ စီမံကိန်းလုပ်ငန်းများနှင့်အတူ သက်ဆိုင်ရာပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများအား လွှတ်တော်သို့ ရှင်းလင်းတင်ပြစေရမည်။

၁၀၈။ **ဥပဒေကြမ်းကိုစိစစ်ခြင်းနှင့် အစီရင်ခံစာတင်သွင်းခြင်း။** အောက်ပါအတိုင်းဆောင်ရွက်ရမည်-

(က) ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ကိစ္စရပ်များကိုစိစစ်ရန် တာဝန်ပေးအပ်ထားသော စိစစ်ရေးပူးပေါင်းအဖွဲ့များသည် ၎င်းတို့၏ စိစစ်တွေ့ရှိချက် အစီရင်ခံစာကို ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီတို့သို့ သတ်မှတ်ရက်အမီ ပေးပို့တင်ပြရမည်။

(ခ) ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီတို့သည် ပြည်ထောင်စုအစိုးရအဖွဲ့ကတင်သွင်းလာသော ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့် စိစစ်ရေးပူးပေါင်းအဖွဲ့များ၏ အစီရင်ခံစာများကို အသေးစိတ်လေ့လာစိစစ်ပြီး ဥပဒေဆိုင်ရာ သုံးသပ်ချက်အစီရင်ခံစာနှင့် ငွေကြေးဆိုင်ရာ သုံးသပ်ချက်အစီရင်ခံစာတို့ကို နာယကထံ တင်ပြရမည်။

(ဂ) ပူးပေါင်းကော်မတီဝင်တစ်ဦး သို့မဟုတ် အချို့သည် ပူးပေါင်းကော်မတီဝင် အများစုနှင့် သဘောကွဲလွဲပါက ယင်းသို့သဘောကွဲလွဲသည့်အချက်ကို ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့်သဘောထားမှတ်ချက် အစီရင်ခံစာပြုစုရာတွင် သီးခြားထည့်သွင်းဖော်ပြခွင့်ရှိသည်။

(ဃ) နာယက က သတ်မှတ်သောနေ့ရက်တွင် သက်ဆိုင်ရာပူးပေါင်းကော်မတီများ၏ လေ့လာတွေ့ရှိချက်နှင့်သဘောထားမှတ်ချက် အစီရင်ခံစာများကို ပူးပေါင်းကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌက တာဝန်ပေးအပ်သည့်ကော်မတီဝင်တစ်ဦးအား လွှတ်တော်သို့ ဖတ်ကြားတင်သွင်းစေရမည်။

၁၀၉။ **ဥပဒေကြမ်းကို ဆွေးနွေးရန်နည်းလမ်း။** နှစ်စဉ်ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို အောက်ဖော်ပြပါနည်းလမ်းအတိုင်း လွှတ်တော်၌ ဆွေးနွေးရမည်-

(က) ဥပဒေကြမ်း၏မူနှင့် အခြေခံသဘောများကို ဆွေးနွေးခြင်း၊

(ခ) ဥပဒေကြမ်းဖြင့်တင်ပြထားသော ရငွေသုံးငွေများနှင့် ဥပဒေအကြောင်းအရာများကို ဆွေးနွေးခြင်း။

၁၁၀။ **ဥပဒေကြမ်း၏မူနှင့်အခြေခံသဘောများကိုဆွေးနွေးခြင်း။** အောက်ပါအတိုင်းဆောင်ရွက်ရမည်-

(က) နာယကသည် ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား နိုင်ငံတော်သမ္မတ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်နှင့်ညှိနှိုင်းပြီး သက်ဆိုင်ရာပူးပေါင်းကော်မတီများက

လွှတ်တော်သို့ အစီရင်ခံစာ တင်သွင်းသည့်ရက်မှစ၍ သုံးရက်ထက် ကျော်လွန်သော ရက်များတွင် လွှတ်တော်၌ စတင်ဆွေးနွေးမည့်ရက်ကို သတ်မှတ်ပေးရမည်။

( ခ ) ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်သည် မိမိ၏အမည်စာရင်းကို နည်းဥပဒေခွဲ (က) ပါ အစီရင်ခံစာ တင်သွင်းသည့်ရက်မှစ၍ ရုံးပိတ်ရက်မပါ သုံးရက်အတွင်း လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ ပေးပို့ရမည်။

( ဂ ) နည်းဥပဒေခွဲ (ခ) အရ အမည်စာရင်းပေးပို့ရာတွင် ဆွေးနွေးလိုသည့် ဌာန၊ အဖွဲ့အစည်းနှင့် အကြောင်းအရာအကျဉ်းချုပ်ကို ဖော်ပြ၍ လက်မှတ်ရေးထိုးပေးပို့ရမည်။

(ဃ) နာယက က သတ်မှတ်သည့်ရက်အလိုက် လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးရာတွင် ဥပဒေကြမ်း၏ မူသဘောကို ရှင်းလင်းစေရန်မှတစ်ပါး အသေးစိတ်ဆွေးနွေးခြင်း မပြုရ။ ဥပဒေကြမ်းပါ လုံခြုံရေးဆိုင်ရာကိစ္စများနှင့် နိုင်ငံတော်လျှို့ဝှက်ချက်များကိုလည်း ဆွေးနွေးခြင်းမပြုရ။

( င ) လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်းရန်ရှိက ရှင်းလင်းဆွေးနွေး နိုင်သည်။ ယင်းသို့ရှင်းလင်းဆွေးနွေးပြီးသည့်အခါ ဥပဒေကြမ်း၏ မူနှင့်အခြေခံသဘောများ ဆွေးနွေးခြင်း ပြီးဆုံးရမည်။

၁၁၁။ **ဥပဒေကြမ်းဖြင့်တင်ပြထားသောရငွေသုံးငွေများနှင့် ဥပဒေအကြောင်းအရာများကိုဆွေးနွေးခြင်း။** ဥပဒေကြမ်းပါ ရငွေသုံးငွေများနှင့် ဥပဒေအကြောင်းအရာများကို ဆွေးနွေးရန် နာယကသည်–

(က) ပြည်ထောင်စုအစိုးရ သက်ဆိုင်ရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်ညှိနှိုင်း၍ လွှတ်တော်၌ ဆွေးနွေးရန် ခုနစ်ရက် ထက်မပိုသောရက်ကာလကို သတ်မှတ်ပေးရမည်။

( ခ ) ရငွေသုံးငွေများ၊ ဥပဒေအကြောင်းအရာများနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်း ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်၏ အမည်စာရင်းကို စတင်ဆွေးနွေးခြင်း မပြုမီ အနည်းဆုံး သုံးရက်ကြိုတင်၍ လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ ပေးပို့စေ ရမည်။

( ဂ ) နည်းဥပဒေခွဲ (ခ) အရ အမည်စာရင်းပေးပို့ရာတွင် ဆွေးနွေးလိုသည့် ဌာန၊ အဖွဲ့အစည်း၏ ရငွေသုံးငွေများအပေါ် ငြင်းပယ်ခြင်း၊ လျှော့၍ခွင့်ပြုခြင်း ပြုလုပ်လိုသည့်အသုံးစရိတ် ခေါင်းစဉ်နှင့်ပမာဏကိုဖြစ်စေ၊ ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲနှင့် အကြောင်းအရာကို ဖြစ်စေ တိကျစွာဖော်ပြ၍ လက်မှတ်ရေးထိုးပြီး ပူးတွဲပေးပို့စေရမည်။

(ဃ) နည်းဥပဒေခွဲ (ခ) နှင့် (ဂ) တို့ပါ ရငွေသုံးငွေများ၊ ဥပဒေအကြောင်းအရာများနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက အဆိုတင်သွင်းဆွေးနွေးမည့်ရက်ကို သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးနှင့်ညှိနှိုင်း၍ ခွဲဝေသတ်မှတ်ပေးရမည်။

( င ) နည်းဥပဒေခွဲ (ဃ) အရ ဆွေးနွေးရန် သတ်မှတ်ပေးထားသော ရက်တစ်ရက်တွင် ညနေ ၄ နာရီအချိန်အထိ ခွဲဝေသတ်မှတ်ပေးထားသည့် ဆွေးနွေးရန်အဆိုများ မပြီးပြတ်

သေးပါက လွှတ်တော်၏အဆုံးအဖြတ်ကိုရယူ၍ ယင်းအဆိုများ ဆွေးနွေးမှုပြီးဆုံးသည် အထိ ဆက်လက်ဆောင်ရွက်ရမည်။

(စ) ပြင်ဆင်ချက်အဆိုများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က မည်သည့်နေ့ရက်၌ ပြန်လည်ရှင်းလင်းဆွေးနွေးပြီး လွှတ်တော်၏အဆုံးအဖြတ် ရယူရမည်ကို သက်ဆိုင်ရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်ညှိနှိုင်း၍ သတ်မှတ်ပေးရမည်။

(ဆ) ပြင်ဆင်ချက်အဆိုများကို ဆွေးနွေးစဉ်းစားရန် သတ်မှတ်ထားသောရက်များတွင် လွှတ်တော် အစည်းအဝေး ရွှေ့ဆိုင်းရန်အဆို သို့မဟုတ် နှောင့်နှေးကြန့်ကြာစေမည့် အဆိုများ တင်သွင်းခြင်းကို မည်သည့်နည်းနှင့်မျှခွင့်မပြုရ။

(ဇ) လွှတ်တော်ကိုယ်စားလှယ်များအား ဥပဒေကြမ်းပါ သုံးငွေတစ်ရပ်ကို ငြင်းပယ်ရန်၊ လျှော့၍ ခွင့်ပြုရန် အဆိုတင်သွင်းခွင့်ပြုနိုင်သော်လည်း တိုးပေးရန် သို့မဟုတ် ခေါင်းစဉ်ပြောင်းလွှဲရန် အဆိုတင်သွင်းခွင့်မပြုရ။

၁၁၂။ ဥပဒေကြမ်း၏ မူနှင့်အခြေခံသဘောများကို ဆွေးနွေးခြင်းနှင့်ဥပဒေကြမ်း၌ ပါဝင်သော ရငွေသုံးငွေများနှင့် ဥပဒေအကြောင်းအရာများအတွက် ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးခြင်းကို တစ်ပေါင်းတည်း ဆောင်ရွက်နိုင်သည်။

၁၁၃။ **အသုံးစရိတ်များကို သဘောတူအတည်ပြုခြင်း၊ ငြင်းပယ်ခြင်းနှင့်လျှော့၍ခွင့်ပြုခြင်း။** လွှတ်တော်သည်-

(က) နှစ်စဉ်ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းတွင်ပါရှိသော အောက်ပါ အသုံးစရိတ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးပိုင်ခွင့်ရှိသော်လည်း ယင်းအသုံးစရိတ်များကို ငြင်းပယ်ခြင်း၊ လျှော့၍ ခွင့်ပြုခြင်းမပြုရ-

(၁) ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၏ အကြီးအမှူးများနှင့် အဖွဲ့အစည်းဝင်များ၏ လစာ၊ စရိတ်နှင့် ယင်းအဖွဲ့အစည်းများ၏ အသုံးစရိတ်များ၊

(၂) ပြည်ထောင်စုက ပေးဆပ်ရန်တာဝန်ရှိသော ကြွေးမြီများ၊ ယင်းကြွေးမြီများနှင့် ဆက်နွယ်သောကုန်ကျစရိတ်များ၊ ပြည်ထောင်စုက ချေးယူငွေများနှင့်ဆက်နွယ်သော အခြားကုန်ကျစရိတ်များ၊

(၃) တရားရုံး သို့မဟုတ် ခုံရုံးတစ်ရုံးရုံး၏ စီရင်ချက်၊ အမိန့်၊ ဒီကရီအရ ပေးဆောင်ရန် ရှိသော အသုံးစရိတ်များ၊

(၄) တည်ဆဲဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ အပြည်ပြည်ဆိုင်ရာ စာချုပ်တစ်ခုခုအရဖြစ်စေ ကျခံရမည့် အခြားအသုံးစရိတ်များ။

(ခ) နည်းဥပဒေခွဲ (က) ပါအသုံးစရိတ်များမှအပ အခြားအသုံးစရိတ်များအတွက်ကိုမူ သဘောတူအတည်ပြုခြင်း၊ ငြင်းပယ်ခြင်း၊ လျှော့၍ခွင့်ပြုခြင်းတို့ကို အများဆန္ဒနှင့်အညီ ဆောင်ရွက်ရမည်။

၁၁၄။ **လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။** နည်းဥပဒေ ၁၀၉ အရ ဆောင်ရွက်ပြီးနောက် နာယက က သတ်မှတ်သောရက်တွင် -

(က) လွှတ်တော်ရုံးသည် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်၌ အဆုံးအဖြတ်ရယူနိုင်ရန်

ရငွေသုံးငွေများနှင့် ဥပဒေအကြောင်းအရာများအတွက် ပြင်ဆင်ချက်ဇယားတို့ကို လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားရမည်။

(ခ) ပြင်ဆင်ချက်အဆိုများကို ဆွေးနွေးဆုံးဖြတ်ရာတွင် ဥပဒေကြမ်း၌ပါရှိသောခေါင်းစဉ်အတိုင်းသာ ဆောင်ရွက်စေရမည်။

(ဂ) ဥပဒေကြမ်း၏ ရငွေသုံးငွေများ၊ ဥပဒေအကြောင်းအရာများနှင့်စပ်လျဉ်း၍ တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် သက်ဆိုင်ရာပူးပေါင်းကော်မတီက လွှတ်တော်သို့ အဆိုတင်သွင်းရမည်။

(ဃ) နာယကသည် နည်းဥပဒေ ၁၁၃ နှင့် ၁၁၄ တို့အရ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာတွင် လွှတ်တော်၏ သဘောထားမေးမြန်း၍ဖြစ်စေ၊ လိုအပ်ပါက စက်ခလုတ်အသုံးပြု၍ ဆန္ဒပြုသည့်နည်းလမ်း သို့မဟုတ် မတ်တပ်ရပ်၍ ဆန္ဒပြုသည့်နည်းလမ်းဖြင့်ဖြစ်စေ ဆောင်ရွက်ရမည်။

(င) ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုပြီးပါက လွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်သည့်အတိုင်း ပြင်ဆင်ထားသည့်ဥပဒေကြမ်းတစ်ရပ်လုံးကို လွှတ်တော်က အတည်ပြုရန် ဥပဒေကြမ်းတင်သွင်းခဲ့သည့်ပုဂ္ဂိုလ်က အဆိုတင်သွင်းရမည်။

၁၁၅။ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်း၌ပါဝင်သည့် ငွေလုံးငွေရင်း အသုံးစရိတ် လျာထားချက်များသည် နိုင်ငံတော်၏အမျိုးသားစီမံကိန်းဥပဒေကြမ်းပါ နိုင်ငံပိုင်လုပ်ငန်းစီမံကိန်းများ၏ ရင်းနှီးမြှုပ်နှံမှုတန်ဖိုးများဖြစ်သည့်အတွက် အဆိုပါဥပဒေကြမ်းနှစ်ခုနှင့်စပ်လျဉ်း၍ လွှတ်တော်၌ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းတို့ကို တစ်ပေါင်းတည်း ဆောင်ရွက်နိုင်သည်။

၁၁၆။ လွှတ်တော်က နောက်လာမည့်ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းကို လက်ရှိဘဏ္ဍာရေးနှစ်မကုန်မီ အချိန်မီပြဋ္ဌာန်းပေးနိုင်ခြင်းမရှိလျှင် ပြည်ထောင်စုအစိုးရအဖွဲ့သည် နောက်လာမည့် ဘဏ္ဍာရေးနှစ်၏ အသုံးစရိတ်များအနက် သာမန်အသုံးစရိတ်များကို လွှတ်တော်က နောက်ဆုံးပြဋ္ဌာန်းထားသည့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါ သာမန်အသုံးစရိတ် ခွင့်ပြုချက်ဘောင်အတွင်း သုံးစွဲခွင့်ရှိသည်။

**နှစ်စဉ်ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကြမ်း**

၁၁၇။ **ဥပဒေကြမ်းပေးပို့ခြင်း၊တင်သွင်းခြင်း၊စိစစ်ခြင်းနှင့်ဆွေးနွေးဆုံးဖြတ်ခြင်း။** နှစ်စဉ်ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) လွှတ်တော်က သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွက် ပြဋ္ဌာန်းထားသည့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ လျာထားသော ရငွေများနှင့်ခွင့်ပြုထားသော သုံးငွေများအပြင် အောက်ပါအခြေအနေတစ်ရပ်ရပ်အရ နောက်ထပ်ရငွေများလျာထားရန်နှင့်သုံးငွေများခွင့်ပြုရန် လိုအပ်သည့်အခါ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဥပဒေကြမ်းကို

ဘဏ္ဍာရေးကော်မရှင်၏ ထောက်ခံတင်ပြချက်နှင့်အတူ ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာဥပဒေနှင့်အညီ ပေးပို့ရမည်-

(၁) လွှတ်တော်က လျာထားပေးပြီးသော ရငွေများထက် နောက်ထပ်ရငွေ ပိုမိုရရှိနိုင်သည့် အခွင့်အလမ်းများ ပေါ်ပေါက်ခြင်း၊

(၂) လွှတ်တော်က ခွင့်ပြုပြီးသော အသုံးစရိတ်ထက်ပို၍ သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အတွင်း သုံးငွေထပ်မံလိုအပ်ခြင်း၊

(၃) ထိုနှစ်အတွင်း ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတွင် မပါရှိသည့် လုပ်ငန်းသစ်တစ်ရပ်ရပ်အတွက် လွှတ်တော်၏ခွင့်ပြုချက် လိုအပ်သောအသုံးစရိတ် ပေါ်ပေါက်ခြင်း၊

(၄) ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေတွင် သုံးငွေကို လွှတ်တော်က လျှော့ပေါ့သတ်မှတ်ခဲ့သဖြင့် သုံးငွေထပ်မံလိုအပ်ခြင်း။

( ခ ) ဥပဒေကြမ်းတင်သွင်းခြင်း၊ စိစစ်ခြင်း၊ ဆွေးနွေးခြင်းနှင့် အဆုံးအဖြတ်ရယူခြင်းတို့ကို နည်းဥပဒေ ၁၀၆ မှ ၁၁၅ အထိပါ နည်းလမ်းများနှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း(၁၀)

## နှစ်စဉ်ပြည်ထောင်စု၏ အခွန်အကောက်ဆိုင်ရာဥပဒေကြမ်း

၁၁၈။ **ဥပဒေကြမ်းပေးပို့ခြင်း။** နှစ်စဉ်ပြည်ထောင်စု၏ အခွန်အကောက်ဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဥပဒေကြမ်းတင်သွင်းလိုကြောင်း အကြောင်းကြားစာကို ဥပဒေကြမ်း၏ ရည်ရွယ်ချက်နှင့် အကျိုးအကြောင်း ဖော်ပြချက်အပါအဝင် ဥပဒေကြမ်း မိတ္တူ ၆၇၀ စုံနှင့်အတူ ပုံမှန်အစည်းအဝေးကာလတစ်ကြိမ်အတွင်း လွှတ်တော်သို့ တင်သွင်းလိုသည့်ရက်မတိုင်မီ အနည်းဆုံးသုံးရက် ကြိုတင်၍ လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ ပေးပို့ရမည်။

၁၁၉။ **ဥပဒေကြမ်းကို တင်သွင်းခြင်း။** ဥပဒေကြမ်းနှင့်စပ်လျဉ်း၍-

(က) နာယက က သတ်မှတ်သည့်ရက်တွင် ဥပဒေကြမ်းကို ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စားနိုင်ငံတော်သမ္မတ သို့မဟုတ် ယင်းကတာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်အား လွှတ်တော်သို့ တင်သွင်းစေရမည်။

( ခ ) ထို့နောက် လွှတ်တော်အစည်းအဝေး၌ ဆွေးနွေးခြင်းမပြုမီ အသေးစိတ်လေ့လာစိစစ်ပြီး အစီရင်ခံစာတင်သွင်းနိုင်ရေးအတွက် ယင်းဥပဒေကြမ်းအပြည့်အစုံကို ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီတို့သို့ အချိန်ကာလသတ်မှတ်၍ ပေးပို့ရမည်။ လွှတ်တော်ကိုယ်စားလှယ်များထံသို့လည်း ဖြန့်ဝေရမည်။

( ဂ ) နိုင်ငံတော်ပြန်တမ်းတွင်ထည့်သွင်းခြင်းနှင့် ပြည်သူအများ လေ့လာသိရှိအကြံပြုနိုင်ရန် နိုင်ငံပိုင်သတင်းစာများတွင် ထည့်သွင်းဖော်ပြခြင်း ဆောင်ရွက်ရမည်။

၁၂၀။ **ဥပဒေကြမ်းကို စိစစ်ခြင်းနှင့်အစီရင်ခံစာတင်သွင်းခြင်း။** အောက်ပါအတိုင်းဆောင်ရွက်ရမည်-

(က) ဥပဒေကြမ်းပူးပေါင်းကော်မတီသည် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ အပါအဝင်

သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဆွေးနွေးညှိနှိုင်း၍ အသေးစိတ် လေ့လာစိစစ်ရမည်။ ထို့နောက်လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို ပူးပေါင်းကော်မတီ ဥက္ကဋ္ဌက လက်မှတ်ရေးထိုးပြီး နာယကထံ တင်ပြရမည်။

(ခ) ပူးပေါင်းကော်မတီဝင်တစ်ဦး သို့မဟုတ် အချို့သည် ပူးပေါင်းကော်မတီဝင် အများစုနှင့် သဘောကွဲလွဲပါက ယင်းသို့ သဘောကွဲလွဲသည့်အချက်ကို ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာပြုစုရာတွင် သီးခြားထည့်သွင်း ဖော်ပြခွင့်ရှိသည်။

(ဂ) နာယက သတ်မှတ်သောရက်တွင် ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့်သဘောထားမှတ်ချက်အစီရင်ခံစာကို ပူးပေါင်းကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌက တာဝန်ပေးအပ်သည့် ကော်မတီဝင်တစ်ဦးက လွှတ်တော်သို့ ဖတ်ကြားတင်သွင်းရမည်။

(ဃ) နာယကသည် ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အစီရင်ခံစာ တင်သွင်းသည့်ရက်မှစ၍ ရုံးပိတ်ရက်မပါ အနည်းဆုံးသုံးရက်အတွင်း လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးပို့နိုင်ကြောင်း ကြေညာရမည်။

(င) ဆွေးနွေးလိုသည့်လွှတ်တော်ကိုယ်စားလှယ်သည် ဥပဒေကြမ်းပါ အပိုဒ်၊ အပိုဒ်ခွဲများနှင့် သက်ဆိုင်သည့်ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုပါက ပြင်ဆင်ချက်ကို တိကျစွာ ဖော်ပြ၍ဖြစ်စေ၊ မူသဘောဆွေးနွေးလိုသည်ဖြစ်စေ ကိုယ်တိုင်လက်မှတ်ရေးထိုး၍ ပေးပို့စေရမည်။

၁၂၁။ **ဥပဒေကြမ်းကို ဆွေးနွေးခြင်း။** နာယကသည်-

(က) ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးမည့်ရက်ကို သက်ဆိုင်ရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်ညှိနှိုင်း၍ သတ်မှတ်ပေးရမည်။

(ခ) ဆွေးနွေးရန်အမည်စာရင်းပေးပို့ထားသည့် လွှတ်တော်ကိုယ်စားလှယ်များအနက်မှ မူသဘောဆွေးနွေးမည့်သူများကို ဦးစွာဆွေးနွေးစေရမည်။ ထို့နောက် ဥပဒေကြမ်းပါ အပိုဒ်၊အပိုဒ်ခွဲများအလိုက် ပြင်ဆင်ချက်အဆိုတင်သွင်းလိုသူများအား ဆက်လက်ဆွေးနွေးစေရမည်။

(ဂ) လွှတ်တော်ကိုယ်စားလှယ်များ၏ မူသဘောဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းရန်ရှိက ရှင်းလင်းဆွေးနွေးနိုင်သည်။

(ဃ) လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအရ လိုအပ်ပါက လွှတ်တော် ကော်မတီများ၊ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများ၊ ဆွေးနွေးသည့် လွှတ်တော်ကိုယ်စားလှယ်များနှင့်ညှိနှိုင်းပြီး အစီရင်ခံစာ ထပ်မံတင်ပြစေရန် ဥပဒေကြမ်းပူးပေါင်းကော်မတီကို ညွှန်ကြားနိုင်သည်။

၁၂၂။ **လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။** နာယက က သတ်မှတ်သောရက်တွင်-

(က) လွှတ်တော်ရုံးသည် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်၌ အဆုံးအဖြတ်ရယူနိုင်ရန် ဥပဒေကြမ်း၏ မူလအဆိုပြုချက်၊ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ အဆိုပြုချက်နှင့်

လွှတ်တော်ကိုယ်စားလှယ်များ၏ ပြင်ဆင်ချက်တို့ကိုဇယားဖြင့်ဖော်ပြ၍ လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားရမည်။

( ခ ) လွှတ်တော်၏ အဆုံးအဖြတ်ရယူရာတွင် ဥပဒေကြမ်းပါ အပိုဒ်၊ အပိုဒ်ခွဲတစ်ခုချင်းစီအတွက် ဥပဒေကြမ်းပူးပေါင်းကော်မတီက အဆိုတင်သွင်းပြီး လွှတ်တော်၏ သဘောထားမေးမြန်း၍ဖြစ်စေ၊ လိုအပ်ပါက စက်ခလုတ်အသုံးပြု၍ ဆန္ဒပြုသည့်နည်းလမ်း သို့မဟုတ် မတ်တပ်ရပ်၍ ဆန္ဒပြုသည့်နည်းလမ်းဖြင့်ဖြစ်စေ ဆောင်ရွက်ရမည်။

( ဂ ) ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် လွှတ်တော်ကိုယ်စားလှယ်တို့က ပြင်ဆင်ချက်တင်သွင်းထားခြင်းမရှိသည့် အပိုဒ်၊ အပိုဒ်ခွဲများနှင့်စပ်လျဉ်း၍ အဆုံးအဖြတ်ရယူရာတွင် လွှတ်တော်သို့ တစ်ပေါင်းတည်းတင်သွင်းပြီး ဆောင်ရွက်နိုင်သည်။

(ဃ) ထို့နောက် ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က လွှတ်တော်တွင် တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေးဆုံးဖြတ်သည့်အတိုင်း ပြင်ဆင်ထားသည့် ဥပဒေကြမ်းတစ်ရပ်လုံးကို လွှတ်တော်ကအတည်ပြုရန် အဆိုတင်သွင်းရမည်။

## အခန်း (၁၁)

## အမျိုးသားစီမံကိန်း၊ ဘဏ္ဍာရေးနှင့် အခွန်အကောက်ဆိုင်ရာအခြားဥပဒေကြမ်းများ

၁၂၃။ **ဥပဒေကြမ်းကို ပေးပို့ခြင်း။** ပြည်ထောင်စုအစိုးရအဖွဲ့ကသာ တင်သွင်းခွင့်ရှိပြီး လွှတ်တော်၌သာ ဆွေးနွေးဆုံးဖြတ်ရမည့် အမျိုးသားစီမံကိန်း၊ ဘဏ္ဍာရေးနှင့်အခွန်အကောက်ဆိုင်ရာ အခြားဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ လွှတ်တော်သို့ တင်သွင်းရန်ရှိပါက-

(က) ပြည်ထောင်စုအစိုးရအဖွဲ့သည် ဥပဒေကြမ်းတင်သွင်းလိုကြောင်း အကြောင်းကြားစာနှင့်အတူ ဥပဒေကြမ်း၏ ရည်ရွယ်ချက်နှင့် အကျိုးအကြောင်းဖော်ပြချက် အပါအဝင် ဥပဒေကြမ်းမိတ္တူ ၆၇၀ စုံကို လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ ပေးပို့ရမည်။

( ခ ) လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်သည် နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်းခြင်းနှင့် ပြည်သူအများလေ့လာသိရှိအကြံပြုနိုင်ရန် နိုင်ငံပိုင်သတင်းစာများတွင် ထည့်သွင်းဖော်ပြခြင်းများ ဆောင်ရွက်ရမည်။

( ဂ ) ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အသေးစိတ်လေ့လာစိစစ်နိုင်ရေးအတွက် ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီတို့သို့ အချိန်ကာလသတ်မှတ်၍ ပေးပို့ရမည်။

(ဃ) လွှတ်တော်အစည်းအဝေးကျင်းပဆဲကာလဖြစ်ပါက ဥပဒေကြမ်းကို လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေပြီး ရပ်နားကာလဖြစ်ပါက အနီးကပ်ဆုံး အစည်းအဝေးစတင်သည့်ရက်တွင် ဖြန့်ဝေရမည်။

၁၂၄။ **ဥပဒေကြမ်းတင်သွင်းခြင်း။** နာယက က သတ်မှတ်သည့်ရက်တွင် ဥပဒေကြမ်းကို ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား နိုင်ငံတော်သမ္မတက တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်အား လွှတ်တော်သို့ တင်သွင်းစေရမည်။

၁၂၅။ **ဥပဒေကြမ်းကိုစိစစ်ခြင်း၊အစီရင်ခံစာတင်သွင်းခြင်း၊ ဆွေးနွေးခြင်းနှင့်အဆုံးအဖြတ်ရယူခြင်း။** လွှတ်တော်၌သာ ဆွေးနွေးဆုံးဖြတ်ရမည့် အမျိုးသားစီမံကိန်း၊ ဘဏ္ဍာရေးနှင့် အခွန်အကောက်ဆိုင်ရာ အခြားဥပဒေကြမ်းများကိုစိစစ်ခြင်း၊ အစီရင်ခံတင်သွင်းခြင်း၊ ဆွေးနွေးခြင်းနှင့် အဆုံးအဖြတ်ရယူခြင်းတို့နှင့် စပ်လျဉ်း၍ နည်းဥပဒေ ၁၂၀ မှ ၁၂၂ အထိပါ နည်းလမ်းများအတိုင်း ဆောင်ရွက်ရမည်။

## အခန်း(၁၂)
## ပူးပေါင်းကော်မတီများ

### ဥပဒေကြမ်းပူးပေါင်းကော်မတီ

၁၂၆။ **ဖွဲ့စည်းခြင်း။** လွှတ်တော်၌သာ ဆွေးနွေးဆုံးဖြတ်ရမည့် ဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ လွှတ်တော်အစည်းအဝေး၌ ဆွေးနွေးခြင်းမပြုမီ အသေးစိတ်လေ့လာစိစစ်နိုင်ရေးအတွက် လွှတ်တော်၏ သဘောတူညီချက်ဖြင့် နာယကသည် -

(က) ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ရှိ ဥပဒေကြမ်းကော်မတီများမှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးအပါအဝင် ကော်မတီဝင်ဦးရေအများဆုံးခုနစ်ဦးစီဖြင့် တူညီစွာပါဝင်သည့် ဥပဒေကြမ်းပူးပေါင်းကော်မတီကို ဖွဲ့စည်းရမည်။

( ခ ) နည်းဥပဒေခွဲ (က) အရ ဖွဲ့စည်းသည့် ဥပဒေကြမ်းပူးပေါင်းကော်မတီတွင်-

(၁) ဥက္ကဋ္ဌတာဝန်ကို ဒုတိယနာယကအား ဆောင်ရွက်စေရမည်။

(၂) ဒုတိယဥက္ကဋ္ဌ (၁) ၏ တာဝန်ကို နာယက တာဝန်ထမ်းဆောင်သော လွှတ်တော်၏ ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌအား ဆောင်ရွက်စေရမည်။

(၃) ဒုတိယဥက္ကဋ္ဌ (၂) ၏ တာဝန်ကို နာယက တာဝန်မထမ်းဆောင်ရသော လွှတ်တော်၏ ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌအား ဆောင်ရွက်စေရမည်။

(၄) အတွင်းရေးမှူး တာဝန်ကို နာယက တာဝန်ထမ်းဆောင်သော လွှတ်တော်၏ဥပဒေကြမ်း ကော်မတီ အတွင်းရေးမှူးအား တာဝန်ပေးအပ်ရမည်။

(၅) တွဲဖက်အတွင်းရေးမှူး တာဝန်ကို နာယက တာဝန်မထမ်းဆောင်ရသော လွှတ်တော်၏ ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူးအား တာဝန်ပေးအပ်ရမည်။

( ဂ ) အကြောင်းတစ်ရပ်ရပ်ကြောင့် ကော်မတီဝင်နေရာလစ်လပ်လျှင် သက်ဆိုင်ရာလွှတ်တော် ဥက္ကဋ္ဌထံမှ အမည်စာရင်းရယူပြီး အစားထိုး ပြင်ဆင်ဖွဲ့စည်းရမည်။

**ရှင်းလင်းချက်။** နည်းဥပဒေ ၁၂၇ မှ ၁၂၉ အထိပါ "ကော်မတီ" ဆိုသည့်စကားရပ်သည် "ဥပဒေကြမ်းပူးပေါင်းကော်မတီ"ကို ရည်ညွှန်းသည်။

၁၂၇။ **ကော်မတီ၏တာဝန်နှင့်လုပ်ပိုင်ခွင့်။** ကော်မတီသည်-

(က) ဥပဒေကြမ်းတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ပြင်ဆင်ရန် အကြံပြုချက်များပေးနိုင်သည်။ သို့ရာတွင် အဆိုပါအကြံပြုချက်များသည် ဥပဒေကြမ်းတွင် ပါရှိသည့်ကိစ္စနှင့်စပ်လျဉ်းသော အကြံပြုချက်များဖြစ်ရမည့်အပြင် ထိုဥပဒေကြမ်း၏ သဘောတွင် အကျုံးဝင်သော အကြံပြုချက်များလည်း ဖြစ်ရမည်။

( ခ ) ဥပဒေကြမ်းများကို အသေးစိတ်ဆွေးနွေးစဉ်းစားရာ၌ လွှတ်တော်တွင် ဆွေးနွေးစဉ်းစားသည့်နည်းလမ်းအတိုင်း ဆွေးနွေးစဉ်းစားရမည်။ သို့ရာတွင်-

(၁) ကော်မတီတွင် အဆိုတင်သွင်းခြင်း၊ အကြံပြုချက် တင်သွင်းခြင်းတို့နှင့်စပ်လျဉ်း၍ ထောက်ခံသူမလို။

(၂) ကော်မတီဝင်များသည် ကိစ္စတစ်ခုနှင့်စပ်လျဉ်း၍ တစ်ကြိမ်ထက်ပိုပြီး ဆွေးနွေးခွင့်ရှိသည်။

( ဂ ) ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းတို့နှင့်ညှိနှိုင်းပြီး ရှင်းလင်းဆွေးနွေးနိုင်သည့် တာဝန်ရှိပုဂ္ဂိုလ်များအား ဖိတ်ကြား၍ မေးမြန်းဆွေးနွေးနိုင်သည်။

(ဃ) ကော်မတီသည် လိုအပ်ပါက ပြင်ပပုဂ္ဂိုလ်များအား ဖိတ်ကြား၍ ဆွေးနွေးခြင်း၊ အကြံပြုချက် ရယူခြင်းပြုလုပ်နိုင်သည်။

( င ) ကော်မတီဝင်များသည် ကော်မတီအစည်းအဝေးများတွင် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် လွှတ်တော်ဆိုင်ရာ ဥပဒေပါပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာ ပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးခွင့် ရှိသည်။

( စ ) ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦးပြောဆိုသော သို့မဟုတ် ပြုလုပ်သော ကိစ္စကိုသော်လည်းကောင်း၊ ကော်မတီတွင် ဆွေးနွေးသော ဆွေးနွေးချက်များကိုသော်လည်းကောင်း ပြင်ပသို့ ပေါက်ကြားခြင်း မရှိစေရ။

(ဆ) လိုအပ်ပါက ကော်မတီအစည်းအဝေးမှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ်မှတ်တမ်းတင်၍ ကော်မတီကအတည်ပြုထားရမည်။ ယင်းအစည်းအဝေးမှတ်တမ်းများကို ဖြန့်ဝေခြင်းမပြုရ။

( ဇ ) နာယကထံ တင်ပြသော အစီရင်ခံစာမိတ္တူကို အစည်းအဝေးမှတ်တမ်းများနှင့်အတူ ပူးတွဲ၍ အမှုတွဲအဖြစ် တစ်ပေါင်းတည်း ထိန်းသိမ်းထားနိုင်ရန် လွှတ်တော်ရုံးသို့ ပေးပို့ရမည်။

(ဈ) နာယက က ပေးအပ်သည့် အခြားတာဝန်များကို ထမ်းဆောင်ရမည်။

၁၂၈။ **ကော်မတီအစည်းအဝေးများ။** ကော်မတီအစည်းအဝေးများတွင်-

(က) ခန့်အပ်ထားသည့် ကော်မတီဝင်ဦးရေစုစုပေါင်း၏ ထက်ဝက်ထက်မနည်း တက်ရောက်လျှင် အစည်းအဝေးအထမြောက်သည်။

( ခ ) ကော်မတီဥက္ကဋ္ဌသည် နည်းဥပဒေခွဲ (က) အရ တက်ရောက်ရမည့် ကော်မတီဝင်ဦးရေ မပြည့်လျှင် ပြည့်သည်အထိ အစည်းအဝေးအချိန်ကို ရွှေ့ဆိုင်းထားနိုင်သည် သို့မဟုတ် အစည်းအဝေးကို နောက်တစ်ရက်ရက်သို့ ရွှေ့ဆိုင်းနိုင်သည်။

( ဂ ) ကော်မတီဥက္ကဋ္ဌသည် အစည်းအဝေးသဘာပတိအဖြစ် ဆောင်ရွက်ရမည်။ ကော်မတီဥက္ကဋ္ဌမရှိလျှင် ဒုတိယဥက္ကဋ္ဌ(၁) ကလည်းကောင်း၊ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ(၁)တို့မရှိလျှင် ဒုတိယဥက္ကဋ္ဌ(၂)ကလည်းကောင်း၊ ၎င်းတို့သုံးဦးလုံးမရှိလျှင် အစည်းအဝေးတက်ရောက်သည့် ကော်မတီဝင်အများစုက သဘောတူသော ကော်မတီဝင်တစ်ဦးကလည်းကောင်း အစည်းအဝေးသဘာပတိအဖြစ် ဆောင်ရွက်ရမည်။

(ဃ) ကော်မတီဥက္ကဋ္ဌ သို့မဟုတ် သဘာပတိသည် ကော်မတီအစည်းအဝေးတွင် အကြောင်းအရာတစ်ခုအတွက် မဲခွဲအဆုံးအဖြတ်ရယူရာ၌ ဆန္ဒမဲမပေးရ။ ဆန္ဒမဲတူညီနေလျှင် အနိုင်မဲပေးရမည်။

( င ) ကော်မတီဥက္ကဋ္ဌ သို့မဟုတ် သဘာပတိ သို့မဟုတ် အတွင်းရေးမှူးသည် ဥပဒေကြမ်းနှင့် စပ်လျဉ်းသည့် ကော်မတီ၏ဆုံးဖြတ်ချက်များကို ကော်မတီဝင်များသာ ပါဝင်သည့် အစည်းအဝေးတွင် ရှင်းလင်းစွာထုတ်ဖော်ပြောကြား၍ မှတ်တမ်းတင်ထားရမည်။

( စ ) ဥပဒေကြမ်းတစ်ရပ်အတွက် ပြုလုပ်သည့်အစည်းအဝေးတွင် ဆွေးနွေးမှုတစ်ကြိမ်အတွင်း မပြီးပြတ်ပါက ဆွေးနွေးဆုံးဖြတ်ပြီးသည့်အချက်များနှင့် ဆွေးနွေးဆုံးဖြတ်ရန် ကျန်သည့် အချက်များကို ထုတ်ဖော်ကြေညာ၍ မှတ်တမ်းတင်ထားရှိရမည်။

(ဆ) ကော်မတီအစည်းအဝေးတွင် အတည်ပြုပြီးသော ဆုံးဖြတ်ချက်ကို ပြင်ဆင်လိုပါက ကော်မတီဝင်များ၏ သဘောတူညီချက်ဖြင့် ပြင်ဆင်နိုင်သည်။

၁၂၉။ **ကော်မတီ၏အစီရင်ခံစာတင်ပြခြင်း။** ဥပဒေကြမ်းကိုကော်မတီတွင် ဆွေးနွေးစဉ်းစားပြီးဖြစ်ပါက–

(က) ကော်မတီဥက္ကဋ္ဌ သို့မဟုတ် သဘာပတိသည် အစီရင်ခံစာမူကြမ်းပြုစု၍ ကော်မတီအစည်းအဝေး၌ တင်ပြရမည်။

( ခ ) ကော်မတီဝင်များသည် အများဆန္ဒအရ ဆုံးဖြတ်ရေးသားထားသည့် ကော်မတီ၏ အစီရင်ခံစာကို အတည်ပြုကြောင်းလက်မှတ်ရေးထိုးရမည်။ သို့ရာတွင် သဘောကွဲလွဲချက်များရှိပါက ထိုသဘောကွဲလွဲချက်များကို ရေးသားဖော်ပြ၍ လက်မှတ်ရေးထိုးပြီး အစီရင်ခံစာတွင် ပူးတွဲဖော်ပြနိုင်သည်။

( ဂ ) ကော်မတီက ဆုံးဖြတ်အတည်ပြုထားသည့်အစီရင်ခံစာကို ကော်မတီဥက္ကဋ္ဌက လက်မှတ်ရေးထိုးပြီး နာယကထံ တင်ပြရမည်။ ကော်မတီဥက္ကဋ္ဌမရှိလျှင် သဘာပတိ တာဝန်ထမ်းဆောင်သော ကော်မတီဝင်တစ်ဦးက လက်မှတ်ရေးထိုးတင်ပြနိုင်သည်။

(ဃ) ကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ နာယက က သတ်မှတ်သည့်ရက်တွင် ပူးပေါင်းကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌက တာဝန်ပေးအပ်သည့် ကော်မတီဝင်တစ်ဦးက လွှတ်တော်သို့ ဖတ်ကြားတင်ပြရမည်။

( င ) နာယက၏ သီးခြားညွှန်ကြားချက်မရှိလျှင် ဥပဒေကြမ်းကို ကော်မတီသို့ လွှဲအပ်သည့် ရက်မှစ၍ ရုံးပိတ်ရက်မပါ ခုနစ်ရက်အတွင်း ကော်မတီ၏ အစီရင်ခံစာကို နာယကထံ တင်ပြရမည်။

## ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ

၁၃၀။ **ဖွဲ့စည်းခြင်း။** လွှတ်တော်၌သာ ဆွေးနွေးဆုံးဖြတ်ရမည့် အမျိုးသားစီမံကိန်းနှင့် ဘဏ္ဍာငွေ အရအသုံးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ လွှတ်တော်အစည်းအဝေး၌ ဆွေးနွေးခြင်းမပြုမီ အသေးစိတ်လေ့လာစိစစ်နိုင်ရေးအတွက် လွှတ်တော်၏သဘောတူညီချက်ဖြင့် နာယကသည် –

(က) ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ရှိ ပြည်သူ့ငွေစာရင်းကော်မတီများမှ

ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးအပါအဝင် ကော်မတီဝင်ဦးရေ အများဆုံးခုနစ်ဦးစီဖြင့် တူညီစွာ ပါဝင်သည့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီကို ဖွဲ့စည်းရမည်။

( ခ ) နည်းဥပဒေခွဲ (က) အရ ဖွဲ့စည်းသည့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီတွင်–

(၁) ဥက္ကဋ္ဌ တာဝန်ကို ဒုတိယနာယကအား ဆောင်ရွက်စေရမည်။

(၂) ဒုတိယဥက္ကဋ္ဌ (၁) ၏ တာဝန်ကို နာယက တာဝန်ထမ်းဆောင်သော လွှတ်တော်၏ ပြည်သူ့ငွေစာရင်းကော်မတီဥက္ကဋ္ဌအား ဆောင်ရွက်စေရမည်။

(၃) ဒုတိယဥက္ကဋ္ဌ (၂) ၏ တာဝန်ကို နာယက တာဝန်မထမ်းဆောင်ရသော လွှတ်တော်၏ ပြည်သူ့ငွေစာရင်းကော်မတီဥက္ကဋ္ဌအား ဆောင်ရွက်စေရမည်။

(၄) အတွင်းရေးမှူးတာဝန်ကို နာယက တာဝန်ထမ်းဆောင်သော လွှတ်တော်၏ ပြည်သူ့ ငွေစာရင်းကော်မတီ အတွင်းရေးမှူးအား တာဝန်ပေးအပ်ရမည်။

(၅) တွဲဖက်အတွင်းရေးမှူး တာဝန်ကို နာယက တာဝန်မထမ်းဆောင်ရသော လွှတ်တော်၏ ပြည်သူ့ငွေစာရင်းကော်မတီ အတွင်းရေးမှူးအား တာဝန်ပေးအပ်ရမည်။

( ဂ ) အကြောင်းတစ်ရပ်ရပ်ကြောင့် ကော်မတီဝင်နေရာလစ်လပ်လျှင် သက်ဆိုင်ရာလွှတ်တော် ဥက္ကဋ္ဌထံမှ အမည်စာရင်းရယူပြီး အစားထိုး ပြင်ဆင်ဖွဲ့စည်းရမည်။

**ရှင်းလင်းချက်။** နည်းဥပဒေ ၁၃၁ မှ ၁၃၄ အထိပါ “ကော်မတီ” ဆိုသည့်စကားရပ်သည် “ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ”ကို ရည်ညွှန်းသည်။

၁၃၁။ **ကော်မတီ၏တာဝန်များ။** ကော်မတီသည်–

(က) နိုင်ငံတော်၏ အမျိုးသားစီမံကိန်းဥပဒေကြမ်းပါ စီမံကိန်းလုပ်ငန်းတန်ဖိုးများနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းပါ ပြည်ထောင်စု၏နှစ်စဉ်အရ အသုံးခန့်မှန်းခြေငွေစာရင်းများကို အသေးစိတ်လေ့လာစိစစ်ပြီး ရငွေသုံးငွေဆိုင်ရာ သုံးသပ်ချက် အစီရင်ခံစာကိုပြုစု၍ ပူးပေါင်းကော်မတီဥက္ကဋ္ဌက လက်မှတ်ရေးထိုးပြီး နာယကထံ တင်ပြရမည်။

( ခ ) ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များအရ နိုင်ငံတော်၏ အရအသုံးခန့်မှန်းခြေငွေစာရင်းပါ ရငွေသုံးငွေများနှင့်စပ်လျဉ်းသည့် ပြည်ထောင်စု စာရင်းစစ်ချုပ်၏ အစီရင်ခံစာနှင့်၎င်းအပေါ် ပြည်ထောင်စုအစိုးရ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများ၏ရှင်းလင်းချက်၊ အရေးယူဆောင်ရွက်ချက်တို့ကို စိစစ်၍ လွှတ်တော်သို့ တင်ပြရမည်။

( ဂ ) ပြည်ထောင်စုစာရင်းစစ်ချုပ်၏ အစီရင်ခံစာကိုစိစစ်ရာတွင် လွှတ်တော်သို့ တင်ပြ အတည်ပြုချက်ရယူထားသည့် လျာထားရငွေများကို ပြည့်ဝစွာရရှိစေရန် ဆောင်ရွက် ထားခြင်း ရှိ မရှိ နှင့် သုံးစွဲခွင့်ပြုထားသောငွေများကို သတ်မှတ်ထားသော ကိစ္စအတွက် ဘဏ္ဍာရေးစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ သုံးစွဲခြင်း ရှိ မရှိ၊ ထိရောက်စွာ အသုံးပြု မပြု၊ လုပ်ငန်းစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် လေလွင့်ပြုန်းတီးမှု၊

ယိုဖိတ်မှု၊ ပျက်စီးမှု၊ နစ်နာဆုံးရှုံးမှု၊ အလွဲသုံးစားမှု ရှိ မရှိ စိစစ်၍ လွှတ်တော်သို့ တင်ပြရမည်။

(ဃ) ပြည်ထောင်စုအစိုးရ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများ၏ အသုံးစာရင်းများနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်၏ အစီရင်ခံစာကို စိစစ်ရာတွင် လွှတ်တော်က ခွင့်ပြုထားသော သုံးငွေများကို သတ်မှတ်ထားသော ကိစ္စအတွက်သာ သုံးစွဲခြင်း ရှိ မရှိ၊ ထိရောက်မှန်ကန်စွာ သုံးစွဲခဲ့ခြင်း ရှိ မရှိ စိစစ်နိုင်ရေးအတွက် လုပ်ငန်းဌာနများသို့ သွားရောက်စစ်ဆေးရန် လိုအပ်ပါက နာယက၏ခွင့်ပြုချက်ဖြင့် ဆောင်ရွက်နိုင်သည်။

( င ) ပြည်ထောင်စုအစိုးရသက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းက လွှဲအပ်ပေးပို့သောကိစ္စရပ်များကို စိစစ်၍ လွှတ်တော်သို့ တင်ပြရမည်။

( စ ) အောက်ပါတို့ကို ဆောင်ရွက်၍ လွှတ်တော်သို့ တင်ပြရမည် -

(၁) လွှတ်တော်က ပြည်ထောင်စုအစိုးရအဖွဲ့၏ တောင်းဆိုချက်အရ ကိစ္စတစ်ရပ်အတွက် ခွဲဝေချထားငွေကို သုံးစွဲရာ၌ ပြည်ထောင်စုအစိုးရ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းက သတ်မှတ်ထားသည့် ဘဏ္ဍာရေးစည်းမျဉ်းများနှင့် ညီညွတ်မှု ရှိ မရှိ စိစစ်ခြင်း၊

(၂) ခွင့်ပြုထားသည့် သုံးငွေတစ်ရပ်အတွင်း ခေါင်းစဉ်ပြောင်း၍ သုံးစွဲရာ၌ ပြည်ထောင်စုအစိုးရ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းက သတ်မှတ်ထားသော ဘဏ္ဍာရေးစည်းမျဉ်းများနှင့် ညီညွတ်မှု ရှိ မရှိ စိစစ်ခြင်း၊

(၃) ပြည်ထောင်စုအစိုးရ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းက လွှတ်တော်သို့ တင်ပြသော အသုံးစရိတ်များနှင့်စပ်လျဉ်းသည့် ကိစ္စများကို စိစစ်ခြင်း၊

(၄) ပြည်ထောင်စုအစိုးရ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများက ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ အကြံပြုချက်များအပေါ် လိုက်နာဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ စိစစ်ခြင်း၊

(ဆ) ပြည်ထောင်စုအစိုးရအဖွဲ့၏ စီးပွားရေးဆိုင်ရာ လုပ်ငန်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတ၏အမိန့်အရ ပြုလုပ်သည့် လုပ်ငန်း၏စာရင်းများနှင့် ယင်းစာရင်းများအပေါ် ပြည်ထောင်စုစာရင်းစစ်ချုပ်၏ အစီရင်ခံစာတို့ကို စိစစ်ရမည်။

( ဇ ) နိုင်ငံတော်သမ္မတ၏ အမိန့်အရ ရငွေတစ်ရပ်ရပ်ကို စစ်ဆေးသည့် ပြည်ထောင်စုစာရင်းစစ်ချုပ်၏ အစီရင်ခံစာကိုလည်းကောင်း၊ သိုလှောင်သိမ်းဆည်းထားသော ကုန်ပစ္စည်းများနှင့်စပ်လျဉ်းသည့် စာရင်းများ၊ ကုန်ပစ္စည်းများကိုစစ်ဆေးသည့် ပြည်ထောင်စုစာရင်းစစ်ချုပ်၏ အစီရင်ခံစာကို လည်းကောင်း စိစစ်ရမည်။

( ဈ) နာယက က ပေးအပ်သည့် အခြားတာဝန်များကို ထမ်းဆောင်ရမည်။

၁၃၂။ **ကော်မတီ၏လုပ်ပိုင်ခွင့်များ။** အောက်ပါအတိုင်းဖြစ်သည်-

( က ) ကော်မတီသည် နည်းဥပဒေ ၁၃၁ ပါ တာဝန်များဆောင်ရွက်ရာတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းတို့နှင့် ညှိနှိုင်းပြီး ဖြေကြားနိုင်သည့် တာဝန်ရှိပုဂ္ဂိုလ်များအား ဖိတ်ကြား၍

မေးမြန်းဆွေးနွေးခြင်း၊ အထောက်အထားရယူခြင်း၊ စာဖြင့်ရေးသားတင်ပြစေခြင်းများ ဆောင်ရွက်နိုင်သည်။

( ခ ) ကော်မတီသည် လုပ်ငန်းတာဝန်များနှင့်စပ်လျဉ်း၍ လိုအပ်ပါက သက်ဆိုင်သည့် ပြင်ပ ပုဂ္ဂိုလ်များအား ဖိတ်ကြား၍စုံစမ်းမေးမြန်းခြင်း၊ လိုအပ်သည့် အထောက်အထား စာရွက်စာတမ်းများ တင်ပြစေရန် တောင်းခံခြင်းတို့ ဆောင်ရွက်နိုင်သည်။

( ဂ ) နည်းဥပဒေခွဲ (က) နှင့် (ခ) တို့အရ ကော်မတီအစည်းအဝေးတွင် သက်သေခံအထောက်အထား၊ စာရွက်စာတမ်းများ တင်ပြစေရန် လိုအပ်ပါက သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း၊ လူပုဂ္ဂိုလ် ထံသို့ စာဖြင့်ဖိတ်ကြားရမည်။

(ဃ) သို့ရာတွင် နိုင်ငံတော် လုံခြုံရေးကိုဖြစ်စေ၊ နိုင်ငံတော်၏အကျိုးကိုဖြစ်စေ ထိခိုက် နစ်နာဖွယ်ရာရှိပါက ပြည်ထောင်စုအစိုးရအဖွဲ့က စာရွက်စာတမ်း၊ မှတ်တမ်းတစ်ရပ်ကို ကော်မတီသို့ ထုတ်ဖော်ပြောဆိုတင်ပြရန် ငြင်းဆိုနိုင်သည်။

( င ) ကော်မတီအစည်းအဝေးတွင် သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်း၏ တာဝန်ရှိသူက တင်ပြသော အထောက်အထားစာရွက်စာတမ်း၊ မှတ်တမ်းကို လျှို့ဝှက်ထား သင့် မသင့် ဆုံးဖြတ်နိုင်သည်။

( စ ) တာဝန်ရှိသူတစ်ဦးတစ်ယောက်၏ တင်ပြချက်အထောက်အထား သို့မဟုတ် စာရွက်စာတမ်း၊ မှတ်တမ်းများသည် ကော်မတီ၏ အလုပ်ဝတ္တရား ဆောင်ရွက်ရာတွင် သက်ဆိုင်သည်၊ မသက်ဆိုင်သည်ဟူသော ပြဿနာပေါ်ပေါက်လာပါက အဆိုပါ ပြဿနာကို အဆုံးအဖြတ် ပေးရန် ကော်မတီဥက္ကဋ္ဌက နာယကထံတင်ပြရမည်။ နာယက၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။

(ဆ) ကော်မတီဝင်များသည် ကော်မတီအစည်းအဝေးများတွင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လွှတ်တော် ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာပြောဆို ဆွေးနွေးခွင့် နှင့်ဆန္ဒမဲပေးခွင့်ရှိသည်။

( ဇ ) ကော်မတီတွင် အဆိုတင်သွင်းခြင်း၊ အကြံပြုချက်တင်သွင်းခြင်းတို့နှင့်စပ်လျဉ်း၍ ထောက်ခံသူမလို။ ကော်မတီဝင်များသည် ကိစ္စတစ်ခုနှင့်စပ်လျဉ်း၍ တစ်ကြိမ်ထက်ပို၍ ဆွေးနွေးခွင့်ရှိသည်။

၁၃၃။ **ကော်မတီအစည်းအဝေးများ။** ကော်မတီအစည်းအဝေးများတွင်-

(က) ခန့်အပ်ထားသည့် ကော်မတီဝင်ဦးရေ စုစုပေါင်း၏ ထက်ဝက်ထက်မနည်း တက်ရောက်လျှင် အစည်းအဝေးအထမြောက်သည်။

( ခ ) ကော်မတီ ဥက္ကဋ္ဌသည် နည်းဥပဒေခွဲ (က) အရ တက်ရောက်ရမည့် ကော်မတီဝင်ဦးရေ မပြည့်လျှင် ပြည့်သည်အထိ အစည်းအဝေးအချိန်ကို ရွှေ့ဆိုင်းထားနိုင်သည် သို့မဟုတ် အစည်းအဝေးကို နောက်တစ်ရက်ရက်သို့ ရွှေ့ဆိုင်းနိုင်သည်။

( ဂ ) ကော်မတီဥက္ကဋ္ဌသည် အစည်းအဝေးသဘာပတိအဖြစ် ဆောင်ရွက်ရမည်။ ကော်မတီဥက္ကဋ္ဌ မရှိလျှင် ဒုတိယဥက္ကဋ္ဌ (၁) ကလည်းကောင်း၊ ဥက္ကဋ္ဌနှင့်ဒုတိယဥက္ကဋ္ဌ (၁) တို့မရှိလျှင် ဒုတိယ

ဥက္ကဋ္ဌ (၂) ကလည်းကောင်း၊ ၎င်းတို့သုံးဦးလုံးမရှိလျှင် အစည်းအဝေးတက်ရောက်သည့် ကော်မတီဝင် အများစုက သဘောတူသော ကော်မတီဝင်တစ်ဦးကလည်းကောင်း အစည်းအဝေး သဘာပတိအဖြစ် ဆောင်ရွက်ရမည်။

(ဃ) ကော်မတီဥက္ကဋ္ဌ သို့မဟုတ် သဘာပတိသည် ကော်မတီအစည်းအဝေးတွင် အကြောင်းအရာ တစ်ခုအတွက် မဲခွဲအဆုံးအဖြတ်ရယူရာ၌ ဆန္ဒမဲမပေးရ။ ဆန္ဒမဲတူညီနေလျှင် အနိုင်မဲ ပေးရမည်။

( င ) ကော်မတီ အစည်းအဝေးတွင် ကော်မတီဝင်တစ်ဦးပြောဆိုသော သို့မဟုတ် ပြုလုပ်သော ကိစ္စကိုသော်လည်းကောင်း၊ ကော်မတီတွင် ဆွေးနွေးသော ဆွေးနွေးချက်များကိုသော် လည်းကောင်း ပြင်ပသို့ပေါက်ကြားခြင်းမရှိစေရ။

( စ ) ကော်မတီအစည်းအဝေး မှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ်မှတ်တမ်းတင်၍ ကော်မတီက အတည်ပြုထားရမည်။ ယင်းအစည်းအဝေးမှတ်တမ်းများကို ဖြန့်ဝေခြင်းမပြုရ။

(ဆ) နာယကထံ ပေးပို့သော အစီရင်ခံစာမိတ္တူကို အစည်းအဝေးမှတ်တမ်းများနှင့်အတူ ပူးတွဲ၍ အမှုတွဲအဖြစ် တစ်ပေါင်းတည်း ထိန်းသိမ်းထားနိုင်ရန် လွှတ်တော်ရုံးသို့ ပေးပို့ ရမည်။

( ဇ ) ကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် သဘာပတိ သို့မဟုတ် အတွင်းရေးမှူးသည် နည်းဥပဒေ ၁၃၁ ပါ ကိစ္စရပ်များနှင့်စပ်လျဉ်းသည့် ကော်မတီ၏ဆုံးဖြတ်ချက်များကို ကော်မတီဝင် များသာပါဝင်သည့် အစည်းအဝေးတွင် ရှင်းလင်းစွာ ထုတ်ဖော်ပြောကြား၍ မှတ်တမ်း တင်ထားရမည်။

( ဈ) အကြောင်းအရာတစ်ခုအတွက် ပြုလုပ်သည့် အစည်းအဝေးတွင် ဆွေးနွေးမှု တစ်ကြိမ် အတွင်းမပြီးပြတ်ပါက ဆွေးနွေးဆုံးဖြတ်ပြီးသည့်အချက်များနှင့် ဆွေးနွေးဆုံးဖြတ်ရန် ကျန်သည့်အချက်များကို ထုတ်ဖော်ကြေညာ၍ မှတ်တမ်းတင်ထားရှိရမည်။

(ည) ကော်မတီအစည်းအဝေးတွင် အတည်ပြုပြီးသော ဆုံးဖြတ်ချက်များကို ပြင်ဆင်လိုပါက ကော်မတီဝင်များ၏ သဘောတူညီချက်ဖြင့် ပြင်ဆင်နိုင်သည်။

၁၃၄။ **ကော်မတီ၏အစီရင်ခံစာတင်ပြခြင်း။** ကော်မတီ၏ အစီရင်ခံစာ တင်ပြခြင်းနှင့်စပ်လျဉ်း၍ –

(က) ကော်မတီဥက္ကဋ္ဌ သို့မဟုတ် သဘာပတိသည် အစီရင်ခံစာမူကြမ်းပြုစု၍ ကော်မတီ အစည်းအဝေး၌ တင်ပြရမည်။

( ခ ) ကော်မတီဝင်များသည် အများဆန္ဒအရ ဆုံးဖြတ်ရေးသားထားသည့် ကော်မတီ၏ အစီရင်ခံစာကို အတည်ပြုကြောင်း လက်မှတ်ရေးထိုးရမည်။ သို့ရာတွင် သဘော ကွဲလွဲချက်များရှိပါက ထိုသဘောကွဲလွဲချက်များကို ရေးသားဖော်ပြ၍ လက်မှတ် ရေးထိုးပြီး အစီရင်ခံစာတွင် ပူးတွဲဖော်ပြနိုင်သည်။

( ဂ ) ကော်မတီကဆုံးဖြတ်အတည်ပြုထားသည့် အစီရင်ခံစာကို ကော်မတီဥက္ကဋ္ဌက လက်မှတ် ရေးထိုးပြီး နာယကထံ တင်ပြရမည်။ ကော်မတီ ဥက္ကဋ္ဌမရှိလျှင် သဘာပတိတာဝန် ထမ်းဆောင်သော ကော်မတီဝင် တစ်ဦးက လက်မှတ်ရေးထိုးတင်ပြနိုင်သည်။

(ဃ) လွှတ်တော်အစည်းအဝေး ကျင်းပဆဲကာလဖြစ်ပါက အစီရင်ခံစာကို နာယကထံ တင်ပြပြီးနောက် ခုနစ်ရက်ထက် နောက်မကျစေဘဲ နာယက က သတ်မှတ်သည့်ရက်တွင် ကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌက တာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးက လွှတ်တော်သို့ဖတ်ကြားတင်ပြပြီးနောက် အစီရင်ခံစာကို ဆွေးနွေးစဉ်းစားရန် အဆို တင်သွင်းရမည်။

( င ) လွှတ်တော်ကိုယ်စားလှယ်များသည် အစီရင်ခံစာအပေါ် ဆွေးနွေးခွင့်ရှိသော်လည်း ပြင်ဆင်ချက်များ ပြုလုပ်ခွင့်မရှိ။

( စ ) လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးပြီးနောက် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်ကဖြစ်စေ၊ ပူးပေါင်းကော်မတီကဖြစ်စေ ပြန်လည်ရှင်းလင်းဆွေးနွေးနိုင်သည်။

(ဆ ) အစီရင်ခံစာကို ဆွေးနွေးစဉ်းစားပြီးပါက ကော်မတီဥက္ကဋ္ဌ သို့မဟုတ် ကော်မတီ ဥက္ကဋ္ဌက တာဝန်ပေးအပ်သည့် ကော်မတီဝင်တစ်ဦးက အစီရင်ခံစာကို လွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းရမည်။

( ဇ ) လွှတ်တော်ရုံးသည် လွှတ်တော်ကသဘောတူကြောင်း ဆုံးဖြတ်ပြီးသည့်အစီရင်ခံစာ မိတ္တူကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှတစ်ဆင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းများသို့ ပေးပို့ရမည်။

**အခြားပူးပေါင်းကော်မတီများ၊ ကော်မရှင်နှင့်အဖွဲ့များ**

၁၃၅။ နာယကသည် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တိုင်းရင်းသားလူမျိုးများအရေး၊ စီးပွားရေး၊ ဘဏ္ဍာရေး၊ လူမှုရေး၊ နိုင်ငံခြားရေးတို့အပြင် အခြားရေးရာကိစ္စများကို လေ့လာတင်ပြစေရန် လိုအပ်ပါက ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကိုယ်စားလှယ်ဦးရေ တူညီစွာပါဝင်သည့် အခြားပူးပေါင်းကော်မတီများကို လွှတ်တော်၏သဘောတူညီချက်ဖြင့် ကာလသတ်မှတ်၍ ဖွဲ့စည်း နိုင်သည်။ ယင်းသို့ ဖွဲ့စည်းရာတွင် အဖွဲ့ဝင်ဦးရေ၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်း တို့ကိုပါ သတ်မှတ်ပေးရမည်။

၁၃၆။ နာယကသည် လွှတ်တော်ကော်မတီများက လေ့လာသောကိစ္စရပ်များမှအပ ကျန်ကိစ္စရပ်များကို လေ့လာရန်လိုအပ်ပါက ကော်မရှင်နှင့်အဖွဲ့များကို လွှတ်တော်၏သဘောတူညီချက်ဖြင့် ဖွဲ့စည်းနိုင် သည်။ ယင်းသို့ဖွဲ့စည်းရာတွင် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကိုယ်စားလှယ်ဦးရေ တူညီစွာပါဝင်သည့် လွှတ်တော်ကိုယ်စားလှယ်များဖြင့်လည်းကောင်း၊ သင့်လျော်သည့် နိုင်ငံသားများ ထည့်သွင်း၍လည်းကောင်း ဖွဲ့စည်းနိုင်သည်။ ယင်းသို့ဖွဲ့စည်းရာတွင် ယင်းကော်မရှင် သို့မဟုတ် အဖွဲ့များ၏ အဖွဲ့ဝင်ဦးရေ၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့်သက်တမ်းတို့ကိုပါ သတ်မှတ်ပေးရမည်။

၁၃၇။ အခြားပူးပေါင်းကော်မတီများ၊ ကော်မရှင်နှင့်အဖွဲ့များ၏ အစည်းအဝေးကျင်းပခြင်း၊ အစီရင်ခံစာ တင်ပြခြင်းတို့နှင့်စပ်လျဉ်း၍ နည်းဥပဒေ ၁၂၈ နှင့် ၁၂၉ ပါ နည်းလမ်းများနှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း(၁၃)
## ဥပဒေအဖြစ် ထုတ်ပြန်ကြေညာရန်ဆောင်ရွက်ခြင်း

၁၃၈။ နာယကသည် လွှတ်တော်က အတည်ပြုသောဥပဒေကြမ်းကိုလည်းကောင်း၊ လွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည်ဖြစ်သော ဥပဒေကြမ်းကိုလည်းကောင်း လက်ခံရရှိသည့်ရက်၏ နောက်တစ်ရက်မှ ၁၄ ရက်အတွင်း ဥပဒေအဖြစ်ထုတ်ပြန်ကြေညာနိုင်ရန် နိုင်ငံတော်သမ္မတထံ ပေးပို့ရမည်။

၁၃၉။ နည်းဥပဒေ ၁၃၈ အရ ပေးပို့သောဥပဒေကြမ်းတစ်ရပ်ကို နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ်ထုတ်ပြန်ကြေညာရန် သတ်မှတ်ထားသည့်ကာလအတွင်း ဥပဒေကြမ်းကို နိုင်ငံတော်သမ္မတက ၎င်း၏သဘောထားမှတ်ချက်ဖြင့် လွှတ်တော်သို့ ပြန်လည်ပေးပို့ခြင်းမပြုလျှင်သော်လည်းကောင်း၊ ဥပဒေကြမ်းကိုလက်မှတ်ရေးထိုး၍ ဥပဒေအဖြစ် ထုတ်ပြန်ကြေညာခြင်းမပြုလျှင်သော်လည်းကောင်း သတ်မှတ်ကာလပြည့်မြောက်သည့်နေ့ရက်တွင် ဥပဒေကြမ်းသည် နိုင်ငံတော်သမ္မတ၏ လက်မှတ်ရေးထိုးချက်ကို ရရှိပြီးသည့်ဥပဒေဖြစ်သည်ဟု လွှတ်တော်က မှတ်ယူရမည်။

၁၄၀။ နိုင်ငံတော်သမ္မတထံပေးပို့ထားသော ဥပဒေကြမ်းကို နိုင်ငံတော်သမ္မတက ၎င်း၏သဘောထားမှတ်ချက်များနှင့်အတူ သတ်မှတ်ကာလအတွင်း လွှတ်တော်သို့ ပြန်လည်ပေးပို့လျှင် လွှတ်တော်သည် နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်များကို နည်းဥပဒေ ၉၃၊ ၉၄ နှင့် ၉၅ တို့ပါ နည်းလမ်းအတိုင်း ဆွေးနွေးသုံးသပ်ပြီးနောက် နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်ကို လက်ခံ၍ ဥပဒေကြမ်းကို ပြင်ဆင်ရန်ဆုံးဖြတ်နိုင်သည် သို့မဟုတ် နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်ကို လက်မခံဘဲ ဥပဒေကြမ်းကို မူလအတိုင်းအတည်ပြုရန် ဆုံးဖြတ်နိုင်သည်။

၁၄၁။ နည်းဥပဒေ ၁၄၀ အရ နိုင်ငံတော်သမ္မတက သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့သော ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်၏အဆုံးအဖြတ်ရယူရာတွင် နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်နှင့် တိုက်ရိုက်သက်ဆိုင်သော ပြင်ဆင်ချက်များကိုသာ အဆုံးအဖြတ်ရယူရမည်။

၁၄၂။ နာယကသည် နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်နှင့်အညီ ပြင်ဆင်ထားသော ဥပဒေကြမ်း သို့မဟုတ် နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်ကို လက်မခံဘဲ မူလအတိုင်းအတည်ပြုသော ဥပဒေကြမ်းကို နိုင်ငံတော်သမ္မတက ဥပဒေကြမ်းပြန်လည်ရရှိသည့်ရက်၏ နောက်တစ်ရက်မှ ခုနစ်ရက် အတွင်း လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ် ထုတ်ပြန်ကြေညာနိုင်ရန် နိုင်ငံတော်သမ္မတထံ ပြန်လည်ပေးပို့ရမည်။

၁၄၃။ လွှတ်တော်က ပြန်လည်ပေးပို့သောဥပဒေကြမ်းကို သတ်မှတ်ကာလအတွင်း နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးခြင်းမပြုလျှင် သတ်မှတ်ကာလပြည့်မြောက်သည့် နေ့ရက်တွင် ထိုဥပဒေကြမ်းသည် နိုင်ငံတော်သမ္မတ၏ လက်မှတ်ရေးထိုးချက်ကို ရရှိပြီးသည့် ဥပဒေဖြစ်သည်ဟု လွှတ်တော်က မှတ်ယူရမည်။

၁၄၄။ လွှတ်တော်ရုံးသည် နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးပြီးသောဥပဒေများ သို့မဟုတ် နိုင်ငံတော်သမ္မတ၏ လက်မှတ်ရေးထိုးချက်ရရှိပြီးသကဲ့သို့ မှတ်ယူရမည်ဖြစ်သော ဥပဒေများကို နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်းခြင်းနှင့် ပြည်သူအများသိရှိနိုင်ရန် ထုတ်ပြန်ကြေညာခြင်းပြုရမည်။ ထိုဥပဒေတွင် သီးခြားဖော်ပြချက်မပါလျှင် ထုတ်ပြန်ကြေညာသည့်ရက်မှစ၍ အာဏာတည်ရမည်။

## အခန်း(၁၄)
## နယ်နိမိတ်ပြင်ဆင်သတ်မှတ်ခြင်း

၁၄၅။ နိုင်ငံတော်နယ်နိမိတ် ပြင်ဆင်သတ်မှတ်ရန်ကိစ္စနှင့်စပ်လျဉ်း၍ -

(က) နာယကသည် နိုင်ငံတော်နယ်နိမိတ်ကို ပြင်ဆင်သတ်မှတ်ရေးအတွက် လွှတ်တော်၏ သဘောထားရယူပေးပါရန် နိုင်ငံတော်သမ္မတ၏ အကြောင်းကြားစာရရှိသည့်အခါ အောက်ပါအတိုင်း လွှတ်တော်ကိုယ်စားလှယ်များ၏ ဆန္ဒကိုရယူရမည်-

(၁) အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၏ ထက်ဝက်ကျော် ထောက်ခံဆန္ဒမဲ၊

(၂) ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၏ ထက်ဝက်ကျော် ထောက်ခံဆန္ဒမဲ၊

(၃) ထိုလွှတ်တော်နှစ်ရပ်ရှိ သက်ဆိုင်ရာနယ်နိမိတ်နှင့်အကျုံးဝင်သော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မှလွှတ်တော်ကိုယ်စားလှယ်များ၏ ထက်ဝက်ကျော် ထောက်ခံဆန္ဒမဲ။

( ခ ) နည်းဥပဒေခွဲ (က) ပါ အတိုင်း ထောက်ခံဆန္ဒမဲအသီးသီးရရှိလျှင် နာယကသည် နိုင်ငံတော်နယ်နိမိတ်ကို လိုအပ်သလို ပြင်ဆင်သတ်မှတ်ပေးရန် နိုင်ငံတော်သမ္မတထံ အကြောင်းပြန်ကြားရမည်။

( ဂ ) နည်းဥပဒေခွဲ (က) ပါ နည်းလမ်းနှင့်အညီ လွှတ်တော်တစ်ရပ်ရပ်ကဖြစ်စေ၊ ထိုလွှတ်တော်နှစ်ရပ်ရှိ သက်ဆိုင်ရာနယ်နိမိတ်နှင့်အကျုံးဝင်သော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မှ လွှတ်တော်ကိုယ်စားလှယ်များကဖြစ်စေ နယ်နိမိတ်ပြင်ဆင်ရေးနှင့်စပ်လျဉ်းပြီး သဘောမတူကြောင်း ဆုံးဖြတ်လျှင် လွှတ်တော်၏ သဘောထားကို ရယူဆောင်ရွက်ရမည်။

(ဃ) လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း၏ လေးပုံသုံးပုံနှင့်အထက်က ထောက်ခံလျှင် နာယကသည် နိုင်ငံတော်နယ်နိမိတ်ကို လိုအပ်သလို ပြင်ဆင်သတ်မှတ်ပေးရန် နိုင်ငံတော်သမ္မတထံ အကြောင်းပြန်ကြားရမည်။

( င ) လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း၏ လေးပုံသုံးပုံနှင့် အထက်၏ ထောက်ခံဆန္ဒမဲ မရရှိပါက နာယကသည် နိုင်ငံတော်နယ်နိမိတ်ကို ပြင်ဆင်ရန် လွှတ်တော်က သဘောမတူကြောင်း နိုင်ငံတော်သမ္မတထံ အကြောင်းပြန်ကြားရမည်။

၁၄၆။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်နယ်၏ နယ်နိမိတ်ကို ပြင်ဆင်သတ်မှတ်ရန် အကြောင်းပေါ်ပေါက်လာပါက-

(က) နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၅၃ ပုဒ်မခွဲ (က)၊ (ခ)၊ (ဂ) နှင့် (ဃ) တို့နှင့်အညီ ယင်းနယ်နိမိတ်နှင့်အကျုံးဝင်သည့် မြို့နယ်အတွင်းနေထိုင်ကြသော ဆန္ဒမဲ

ပေးပိုင်ခွင့်ရှိသူများ၏ ဆန္ဒသဘောထားကို ဦးစွာရယူပြီး ထက်ဝက်ကျော် ထောက်ခံဆန္ဒမဲရရှိပါက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း၏ လေးပုံသုံးပုံနှင့်အထက် ထောက်ခံဆန္ဒမဲကို ထပ်မံရယူစေရမည်။

( ခ ) ယင်းသို့သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း၏ လေးပုံသုံးပုံနှင့် အထက်ကထောက်ခံလျှင်ဖြစ်စေ၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၅၃ ပုဒ်မခွဲ ( င) အရ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တစ်ရပ်ရပ်က နယ်နိမိတ်ပြင်ဆင်ရန်သဘောမတူကြောင်း ဆုံးဖြတ်လျှင်ဖြစ်စေ လွှတ်တော်၏အဆုံးအဖြတ်ကိုရယူရန် အောက်ပါအတိုင်း ဆက်လက်ဆောင်ရွက်ရမည်-

(၁) နာယကသည် လွှတ်တော်၏သဘောတူညီချက်ရယူပေးရန် နိုင်ငံတော်သမ္မတက အကြောင်းကြားလာသည့်အခါ လွှတ်တော်အစည်းအဝေး၌ အဆုံးအဖြတ်ရယူနိုင်ရေးအတွက် နည်းဥပဒေ ၁၄၈ နည်းဥပဒေခွဲ (ခ) မှ (စ) အထိပါ နည်းလမ်းများနှင့်အညီ ဆောင်ရွက်ရမည်။

(၂) လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်းဦးရေ၏ လေးပုံသုံးပုံနှင့်အထက်က နယ်နိမိတ်ပြင်ဆင်သင့်ကြောင်း ထောက်ခံဆန္ဒမဲပေးလျှင် နာယကသည် နယ်နိမိတ်ကို ပြင်ဆင်သတ်မှတ်ရန် လွှတ်တော်ကသဘောတူကြောင်း နိုင်ငံတော်သမ္မတထံ အကြောင်းပြန်ကြားရမည်။

(၃) လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း၏ လေးပုံသုံးပုံနှင့်အထက်က ထောက်ခံဆန္ဒမဲမပေးလျှင် နာယကသည် နယ်နိမိတ်ကိုပြင်ဆင်ရန် လွှတ်တော်က သဘောမတူကြောင်း နိုင်ငံတော်သမ္မတထံ အကြောင်းပြန်ကြားရမည်။

၁၄၇။ တိုင်းဒေသကြီး၊ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း၌ရှိသော ကျေးရွာ၊ ကျေးရွာအုပ်စု၊ ရပ်ကွက်၊ မြို့၊ မြို့နယ် သို့မဟုတ် ခရိုင်နယ်နိမိတ်များ ပြင်ဆင်ရန်၊ ဖွဲ့စည်းရန် သို့မဟုတ် အမည်ပြောင်းလဲရန် ပေါ်ပေါက်လျှင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်၏ ထောက်ခံတင်ပြချက်အရ နိုင်ငံတော်သမ္မတက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့်ဆောင်ရွက်ပြီးနောက် ယင်း၏ဆောင်ရွက်ချက်ကို မှတ်တမ်းတင်ပေးရန် လွှတ်တော်သို့ ပေးပို့လာလျှင် နာယကသည် လွှတ်တော်အစည်းအဝေးသို့တင်ပြ၍ မှတ်တမ်းတင်ရမည်။

## အခန်း(၁၅)

## အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာသို့မဟုတ် နိုင်ငံအချင်းချင်းဆိုင်ရာ ဆက်ဆံရေးကိစ္စများ

### စာချုပ်များနှင့် သဘောတူညီချက်များ

၁၄၈။ နာယကသည် အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာ သို့မဟုတ် နိုင်ငံအချင်းချင်းဆိုင်ရာစာချုပ်များ၊ သဘောတူညီချက်များကို အတည်ပြုဆောင်ရွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ နုတ်ထွက်ခြင်းတို့နှင့်စပ်လျဉ်း၍ လွှတ်တော်၏အဆုံးအဖြတ်ရယူရန် နိုင်ငံတော်သမ္မတက တင်ပြလာလျှင် အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) အဆိုပါစာချုပ်များ၊ သဘောတူညီချက်များကို လွှတ်တော်ကိုယ်စားလှယ်များထံ ယင်းကိစ္စ တင်သွင်းခြင်းမပြုမီ အနည်းဆုံးသုံးရက် ကြိုတင်ဝေငှထားရမည်။

( ခ ) သတ်မှတ်သည့် နေ့ရက်နှင့်အချိန်တွင် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင် တစ်ဦးအား လွှတ်တော်သို့ ရှင်းလင်းတင်သွင်းစေရမည်။

( ဂ ) ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များ၏အမည်စာရင်းကို လွှတ်တော်သို့ ရှင်းလင်းတင်သွင်းသည့်ရက်မှစ၍ ရုံးပိတ်ရက်မပါ သုံးရက်အတွင်း လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ ပေးပို့စေရမည်။

(ဃ) ဆွေးနွေးမည့်လွှတ်တော်ကိုယ်စားလှယ်များ၏ အမည်နှင့်နေ့ရက်ကို အနည်းဆုံးတစ်ရက် ကြိုတင်ကြေညာရမည်။

( င ) လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးပြီးနောက် သက်ဆိုင်ရာ ပြည်ထောင်စု အဆင့်အဖွဲ့အစည်းဝင်အား လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းဆွေးနွေးစေရမည်။

( စ ) နည်းဥပဒေခွဲ (င) အရ ဆောင်ရွက်ပြီးနောက် လွှတ်တော်၏ အဆုံးအဖြတ်ရယူရမည်။

(ဆ) လွှတ်တော်၏ အဆုံးအဖြတ်ကို နိုင်ငံတော်သမ္မတထံ ပေးပို့ရမည်။

၁၄၉။ နာယကသည် အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာ သို့မဟုတ် နိုင်ငံအချင်းချင်းဆိုင်ရာ စာချုပ်များ၊ သဘောတူညီချက်များအနက် လွှတ်တော်၏အတည်ပြုချက်ရယူရန်မလိုဘဲ ချုပ်ဆိုခြင်း၊ ပယ်ဖျက်ခြင်း၊ နုတ်ထွက်ခြင်းတို့ကို ပြုနိုင်သော စာချုပ် သို့မဟုတ် သဘောတူညီချက်အမျိုးအစားကို သတ်မှတ်နိုင်ရေး အတွက် နိုင်ငံတော်သမ္မတက တင်ပြလာလျှင် လွှတ်တော်၏အဆုံးအဖြတ်ရယူနိုင်ရန် နည်းဥပဒေ ၁၄၈ ပါ နည်းလမ်းများနှင့်အညီ ဆောင်ရွက်ရမည်။

**သံတမန်ဆက်ဆံရေး**

၁၅၀။ နာယကသည် နိုင်ငံခြားတိုင်းပြည်များနှင့် သံတမန်ဆက်သွယ်ခြင်းဖြစ်စေ၊ သံတမန်အဆက်အသွယ် ဖြတ်တောက်ခြင်းဖြစ်စေ ဆောင်ရွက်ရန်ရှိသဖြင့် လွှတ်တော်၏သဘောတူညီချက်ရရှိရေးအတွက် နိုင်ငံတော်သမ္မတက တင်ပြလာသည့်အခါ လွှတ်တော်၌တင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း တို့ကို နည်းဥပဒေ ၁၄၈ ပါနည်းလမ်းနှင့်အညီ ဆောင်ရွက်ရမည်။

၁၅၁။ နိုင်ငံခြားတိုင်းပြည်တစ်ခုခုနှင့် သံတမန်အဆက်အသွယ်ဖြတ်တောက်ခြင်းကို ချက်ချင်းအရေးယူ ဆောင်ရွက်ရန် လိုအပ်သည့်အခြေအနေမျိုးတွင် နိုင်ငံတော်သမ္မတသည် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီနှင့်ညှိနှိုင်းလျက် သံတမန်အဆက်အသွယ်ဖြတ်တောက်ပြီး ယင်း၏အရေးယူ ဆောင်ရွက်ချက်ကို လွှတ်တော်၏အတည်ပြုချက်ရရှိရန် တင်ပြလာသည့်အခါ နာယကသည် လွှတ်တော် အစည်းအဝေး၌ တင်ပြအတည်ပြုချက် ရယူရမည်။

၁၅၂။ နာယကသည် လွှတ်တော်၏ အတည်ပြုချက်ကို နိုင်ငံတော်သမ္မတထံ ပေးပို့ရမည်။

**ကာကွယ်ရေးနှင့်လုံခြုံရေး**

၁၅၃။ နိုင်ငံတော်အား ကျူးကျော်တိုက်ခိုက်ခြင်းခံရသဖြင့် နိုင်ငံတော်သမ္မတက အမျိုးသားကာကွယ်ရေး

နှင့်လုံခြုံရေးကောင်စီနှင့်ညှိနှိုင်းလျက် စစ်ရေးအရ လိုအပ်သလိုဆောင်ရွက်ပြီး ယင်းဆောင်ရွက်ချက်ကို လွှတ်တော်သို့တင်ပြလာပါက နာယကသည် လွှတ်တော်အစည်းအဝေးကျင်းပနေချိန်ဖြစ်လျှင် ယင်းအစည်းအဝေး၌လည်းကောင်း၊ လွှတ်တော်အစည်းအဝေးကျင်းပနေချိန် မဟုတ်လျှင် လွှတ်တော် အရေးပေါ်အစည်းအဝေး ခေါ်ယူ၍လည်းကောင်း တင်ပြရမည်။ ယင်းကိစ္စကို လွှတ်တော်၌ တင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်းတို့နှင့်စပ်လျဉ်း၍ နည်းဥပဒေ ၁၄၈ ပါ နည်းလမ်းနှင့်အညီ ဆောင်ရွက်ရမည်။

၁၅၄။ စစ်ကြေညာနိုင်ရန်လည်းကောင်း၊ စစ်ပြေငြိမ်းနိုင်ရန်လည်းကောင်း နိုင်ငံတော်သမ္မတက လွှတ်တော်၏ သဘောတူညီချက်ကိုရယူရန် တင်ပြလာသည့်အခါ နာယကသည် လွှတ်တော် အစည်းအဝေးကျင်းပနေချိန်ဖြစ်လျှင် ယင်းအစည်းအဝေး၌လည်းကောင်း၊ လွှတ်တော်အစည်းအဝေး ကျင်းပနေချိန်မဟုတ်လျှင် လွှတ်တော်အရေးပေါ်အစည်းအဝေးခေါ်ယူ၍လည်းကောင်း တင်ပြရမည်။ ယင်းကိစ္စကို လွှတ်တော်အစည်းအဝေး၌ တင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်းတို့နှင့်စပ်လျဉ်း၍ နည်းဥပဒေ ၁၄၈ ပါ နည်းလမ်းနှင့်အညီ ဆောင်ရွက်ရမည်။

၁၅၅။ နည်းဥပဒေ ၁၅၃ သို့မဟုတ် ၁၅၄ ပါ လွှတ်တော်အရေးပေါ်အစည်းအဝေးခေါ်ယူတင်ပြရန် ဖော်ပြချက်နှင့်စပ်လျဉ်း၍ လွှတ်တော်အရေးပေါ်အစည်းအဝေး ခေါ်ယူမရနိုင်သည့် အခြေအနေဖြစ်ပေါ် နေပါက အစည်းအဝေးခေါ်ယူနိုင်သည့် အခြေအနေရှိလာသည့်အချိန်မှသာ လွှတ်တော်အစည်းအဝေးကို ခေါ်ယူတင်ပြနိုင်သည်။

## အခန်း(၁၆)
## နိုင်ငံတော်သမ္မတနှင့် လွှတ်တော်ဆက်သွယ်ရေး

၁၅၆။ **နိုင်ငံတော်သမ္မတက လွှတ်တော်နှင့်ဆက်သွယ်ခြင်း။** နိုင်ငံတော်သမ္မတက နိုင်ငံတော်၏မူဝါဒ များနှင့် နိုင်ငံတော်၏အခြေအနေအရပ်ရပ်တို့နှင့်စပ်လျဉ်း၍ လွှတ်တော်အစည်းအဝေးတွင် မိန့်ခွန်း ပြောကြားလိုကြောင်း သို့မဟုတ် သဝဏ်လွှာပေးပို့လိုကြောင်း သို့မဟုတ် နိုင်ငံတော်သမ္မတ ကိုယ်စား ပြည်ထောင်စုအစိုးရအဖွဲ့ဝင်တစ်ဦးအား လွှတ်တော်တွင် နှုတ်ဖြင့်တင်ပြစေလိုကြောင်း အကြောင်း ကြားသည့်အခါ နာယကသည် လိုအပ်သလို စီစဉ်ဆောင်ရွက်ပေးရမည်။

၁၅၇။ **လွှတ်တော်ကနိုင်ငံတော်သမ္မတနှင့်ဆက်သွယ်ခြင်း။** လွှတ်တော်သည် နိုင်ငံတော်သမ္မတအား အကြောင်းကြားရန်ရှိသောအခါ အောက်ဖော်ပြပါနည်းလမ်းတစ်ခုခုဖြင့် ဆက်သွယ်ဆောင်ရွက်နိုင်သည်-

(က) လွှတ်တော်တွင် အဆိုတစ်ရပ်တင်သွင်း အတည်ပြုပြီးနောက် သဝဏ်လွှာအဖြစ်ဖြင့် နာယကထံမှတစ်ဆင့် နိုင်ငံတော်သမ္မတထံ ပေးပို့ခြင်း၊

( ခ ) လွှတ်တော်ကိုယ်စား နာယက က နိုင်ငံတော်သမ္မတထံ သဝဏ်လွှာပေးပို့ခြင်း။

## အခန်း (၁၇)
## စွပ်စွဲပြစ်တင်ခြင်းနှင့် နုတ်ထွက်ခြင်း

### စွပ်စွဲပြစ်တင်ရာတွင် ဆောင်ရွက်ရန်နည်းလမ်း

၁၅၈။ နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတတစ်ဦးဦးကို စွပ်စွဲပြစ်တင်ခြင်းနှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံ

အခြေခံဥပဒေ ပုဒ်မ ၇၁၊ ပုဒ်မခွဲ (ခ)၊ (ဂ)၊ (ဃ)၊ (င)နှင့် (စ) တို့အရ ဆောင်ရွက်ပြီး တင်ပြလာသည့်အခါ နာယကသည် တင်ပြချက် ရရှိလျှင်ရရှိခြင်း စွပ်စွဲခံရသော နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတအား ရာထူးမှရပ်စဲကြောင်း ကြေညာရမည်။

၁၅၉။ ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများကို ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၀၂ အရဖြစ်စေ၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များကို ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၃၄ အရဖြစ်စေ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များကို ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၀၀ အရဖြစ်စေ နိုင်ငံတော်သမ္မတ၏စွပ်စွဲချက်ကို နာယက က လက်ခံရရှိလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၀၂ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၂) မှ (၈) အထိ နှင့်ပုဒ်မခွဲငယ် (၁၀) တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

## နုတ်ထွက်ခွင့်ပြုခြင်းနှင့် ဆက်လက်ဆောင်ရွက်ခြင်း

၁၆၀။ နာယကသည် နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတတစ်ဦးဦးက ရာထူးသက်တမ်း မကုန်ဆုံးမီ ယင်း၏ဆန္ဒအလျောက်နုတ်ထွက်လိုကြောင်း တင်ပြလာလျှင် လွှတ်တော်သို့တင်ပြအသိ ပေး၍ နုတ်ထွက်ခွင့်ပြုရမည်။

၁၆၁။ နိုင်ငံတော်သမ္မတ ရာထူးနေရာလစ်လပ်ပါက -

(က) နိုင်ငံတော်သမ္မတ ရာထူးနေရာလစ်လပ်သွားသည့်အချိန်သည် လွှတ်တော်အစည်းအဝေး ကျင်းပနေချိန်ဖြစ်လျှင် လစ်လပ်သွားသည့် နိုင်ငံတော်သမ္မတရာထူးကို ခုနစ်ရက်အတွင်း ဖြည့်စွက်နိုင်ရေးအတွက် ယာယီသမ္မတက နာယကထံ ဆောလျင်စွာ အကြောင်းကြား လာသောအခါ လစ်လပ်သွားသည့် နိုင်ငံတော်သမ္မတကို ဒုတိယသမ္မတအဖြစ် ဦးစွာ ရွေးချယ်တင်မြှောက်ပေးခဲ့သည့် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များ အစု အဖွဲ့က ဒုတိယသမ္မတတစ်ဦးကို ရွေးချယ်တင်မြှောက်ပေးရေးအတွက် နာယက က ဆောင်ရွက်ပေးရမည်။

(ခ) နည်းဥပဒေခွဲ (က) အရ ဆောင်ရွက်ပြီးပါက လွှတ်တော်ကိုယ်စားလှယ် အားလုံး ပါဝင်သည့် သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့က ဒုတိယသမ္မတ သုံးဦးအနက် မိမိတို့ ကြိုက်နှစ်သက်သည့်ပုဂ္ဂိုလ်ကို နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်နိုင်ရန် နာယကက ဆောင်ရွက်ပေးရမည်။

(ဂ) လွှတ်တော်အစည်းအဝေးကျင်းပချိန်မဟုတ်လျှင် နာယကသည် ယာယီသမ္မတထံမှ အကြောင်းကြားစာရရှိသည့်နေ့မှစ၍ ၂၁ ရက်အတွင်း လွှတ်တော်အစည်းအဝေးကို ခေါ်ယူပြီး လစ်လပ်သော နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်နိုင်ရေးအတွက် ဆောင်ရွက်ပေးရမည်။

၁၆၂။ ဒုတိယသမ္မတတစ်ဦးဦးနေရာလစ်လပ်ပါက–

(က) ဒုတိယသမ္မတတစ်ဦးဦးသည် ရာထူးသက်တမ်းမကုန်ဆုံးမီ နုတ်ထွက်သောကြောင့် ဖြစ်စေ၊ ကွယ်လွန်သောကြောင့်ဖြစ်စေ၊ ထာဝစဉ်မစွမ်းဆောင်နိုင်သောကြောင့်ဖြစ်စေ၊ တစ်စုံ

တစ်ခုသော အကြောင်းကြောင့်ဖြစ်စေ ဒုတိယသမ္မတရာထူးနေရာလစ်လပ်လျှင် လွှတ်တော် အစည်းအဝေးကျင်းပချိန်ဖြစ်ပါက ယင်းဒုတိယသမ္မတကို ရွေးချယ်တင်မြှောက်ပေးခဲ့သော လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့က ခုနစ်ရက်အတွင်း ဒုတိယသမ္မတတစ်ဦး ရွေးချယ်တင်မြှောက်ပေးရေးအတွက် နိုင်ငံတော်သမ္မတထံမှ ဆောလျင်စွာ အကြောင်းကြားချက်ကို ရရှိလျှင် နာယက က ဆောင်ရွက်ပေးရမည်။

(ခ) လွှတ်တော်အစည်းအဝေးကျင်းပချိန်မဟုတ်လျှင် နာယကသည် နိုင်ငံတော်သမ္မတ၏ အကြောင်းကြားစာရရှိသည့်နေ့မှစ၍ ၂၁ ရက်အတွင်း လွှတ်တော်အစည်းအဝေးကို ခေါ်ယူပြီး သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့က ဒုတိယသမ္မတ တစ်ဦးကို ရွေးချယ်တင်မြှောက်ပေးရေးအတွက် သတ်မှတ်ထားသည့် နည်းလမ်းအတိုင်း ဆောင်ရွက်ပေးရမည်။

၁၆၃။ နိုင်ငံတော်သမ္မတသို့မဟုတ် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ရန် သတ်မှတ်ထားသော နေ့ရက်တွင် နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းကိစ္စကိုသာ ဆောင်ရွက်ရမည်။

၁၆၄။ လစ်လပ်သွားသော နိုင်ငံတော်သမ္မတရာထူးနေရာတွင် ပြန်လည်ရွေးချယ်တင်မြှောက်ပြီးပါက ရွေးချယ်တင်မြှောက်ခံထားရသော နိုင်ငံတော်သမ္မတနှင့်ဒုတိယသမ္မတများအား လွှတ်တော်အစည်း အဝေးတွင် နာယက၏ရှေ့မှောက်၌ ကတိသစ္စာပြုစေရမည်။

၁၆၅။ လစ်လပ်သွားသော ဒုတိယသမ္မတတစ်ဦးဦးရာထူးနေရာတွင် ပြန်လည်ရွေးချယ်တင်မြှောက်ပြီးပါက ရွေးချယ်တင်မြှောက်ခံထားရသော ဒုတိယသမ္မတအား လွှတ်တော်အစည်းအဝေးတွင် နာယက၏ ရှေ့မှောက်၌ ကတိသစ္စာပြုစေရမည်။

## အခန်း (၁၈)
## ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်း

### ပြင်ဆင်ရန် ဥပဒေမူကြမ်းပေးပို့ခြင်း

၁၆၆။ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ပြင်ဆင်လိုပါက ပြင်ဆင်လိုသည့် ပုဒ်မ၊ ပုဒ်မခွဲများကို ဥပဒေမူကြမ်းအဖြစ်ရေးသားပြီး လွှတ်တော်ရှိ လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း၏ ၂၀ ရာခိုင်နှုန်းက လက်မှတ်ရေးထိုး၍ နာယကထံ အဆိုပြုတင်ပြရမည်။ ထိုသို့တင်ပြရာတွင်-

(က) လွှတ်တော်ကိုယ်စားလှယ် ၂၀ ရာခိုင်နှုန်းကိုယ်စား လက်မှတ်ရေးထိုးရာတွင် ပါဝင်သည့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ပြင်ဆင်လိုကြောင်း အဆိုပြုတင်ပြစာကို လက်မှတ် ရေးထိုးပေးပို့ရမည်။

(ခ) အဆိုပြုတင်ပြစာနှင့်အတူ ပြင်ဆင်သည့်ဥပဒေမူကြမ်း၊ ရည်ရွယ်ချက်၊ အကျိုးအကြောင်း ဖော်ပြချက်နှင့် လွှတ်တော်ကိုယ်စားလှယ် ၂၀ ရာခိုင်နှုန်း လက်မှတ်ရေးထိုးထားသည့် အမည်စာရင်းမူရင်းနှင့်မိတ္တူ သုံးစောင်စီ ပူးတွဲပါရှိရမည်။

(ဂ) လွှတ်တော်ကိုယ်စားလှယ် ၂၀ ရာခိုင်နှုန်း လက်မှတ်ရေးထိုးထားသည့် အမည်စာရင်းတွင် အကြောင်းအရာဖော်ပြချက် ခေါင်းစဉ်၊ မဲဆန္ဒနယ်မြေနှင့် အမည်စာရင်း၏အောက်တွင် နည်းဥပဒေခွဲ (က) ပါ လွှတ်တော်ကိုယ်စားလှယ်၏ အတည်ပြုလက်မှတ်၊ အမည်နှင့် ရက်စွဲတို့ပါရှိရမည်။

(ဃ) ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန် အဆိုပြုတင်သွင်းသောဥပဒေမူကြမ်းတွင် ပြင်ဆင်လိုသည့် ပုဒ်မ၊ ပုဒ်မခွဲများအတွက် အစားထိုးခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်းစသည့် အကြောင်းအရာဖော်ပြချက်နှင့် ပြင်ဆင်ချက်တို့ ပါရှိရမည်။

၁၆၇။ နည်းဥပဒေ ၁၆၆ အရ ပြင်ဆင်ရန်ဥပဒေမူကြမ်းတင်ပြရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၃၆ ပုဒ်မခွဲ (က)ပါ ပုဒ်မ၊ ပုဒ်မခွဲများနှင့် ပုဒ်မ ၄၃၆ ပုဒ်မခွဲ (ခ)ပါ ပုဒ်မ၊ ပုဒ်မခွဲများအတွက် ဖြစ်ပါက ပြင်ဆင်လိုသည့် ဥပဒေမူကြမ်းကို သီးခြားစီရေးသား၍ တစ်ပေါင်းတည်းပေးပို့တင်ပြရမည်။

၁၆၈။ နည်းဥပဒေ ၁၆၆ နှင့် ၁၆၇ တို့ပါ နည်းလမ်းများနှင့်အညီ ပေးပို့တင်ပြထားသော ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်းတစ်ခုအတွက် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း အစီအစဉ် မပြီးဆုံးမီ ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်သည့်ဥပဒေမူကြမ်း ထပ်မံပေးပို့တင်ပြလာပါက နာယကသည် လွှတ်တော် အစည်းအဝေးသို့ တက်ရောက်လာသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ များရာဆန္ဒမဲဖြင့် ဆုံးဖြတ်၍ အောက်ပါအတိုင်းဆောင်ရွက်နိုင်သည်-

(က) ဆောင်ရွက်ဆဲဥပဒေကြမ်းနှင့် တစ်ပေါင်းတည်းဆောင်ရွက်ခြင်း၊

(ခ) ဆောင်ရွက်ဆဲဥပဒေကြမ်းအတွက် လွှတ်တော်၏အဆုံးအဖြတ်ရယူပြီးနောက် သင့်လျော်သည့် ကာလတွင် ဆက်လက်ဆောင်ရွက်ခြင်း။

**ဥပဒေမူကြမ်းတင်သွင်းခြင်း**

၁၆၉။ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန် ဥပဒေမူကြမ်းပေးပို့တင်ပြလာပါက နာယကသည်-

(က) သတ်မှတ်ချက်များအတိုင်း မှန်ကန်ညီညွတ်မှု ရှိ မရှိ စိစစ်ပြီး လိုအပ်ချက်ရှိပါက ပြင်ဆင်နိုင်ရန် ကျိုးကြောင်းဖော်ပြ၍ ပြန်လည်ပေးပို့ရမည်။

(ခ) သတ်မှတ်ချက်များအတိုင်း မှန်ကန်ညီညွတ်ပြီး လွှတ်တော်အစည်းအဝေးကျင်းပဆဲ ကာလဖြစ်ပါက ဥပဒေမူကြမ်းကို လက်ခံရရှိသည့်ရက်၏ နောက်တစ်ရက်မှ ခုနစ်ရက် အတွင်း သတ်မှတ်သည့်ရက်တွင် လွှတ်တော်ကိုယ်စားလှယ် ၂၀ ရာခိုင်နှုန်းကိုယ်စား လက်မှတ်ရေးထိုး တင်ပြထားသည့်လွှတ်တော်ကိုယ်စားလှယ်အား လွှတ်တော်သို့ ရှင်းလင်းတင်သွင်းစေရမည်။

(ဂ) လွှတ်တော်အစည်းအဝေးရပ်နားကာလဖြစ်ပါက အနီးကပ်ဆုံးကျင်းပမည့် လွှတ်တော် အစည်းအဝေး စတင်သည့်ရက်မှ ခုနစ်ရက်အတွင်း လွှတ်တော်သို့ ရှင်းလင်းတင်သွင်း စေရမည်။

၁၇၀။ ထိုသို့တင်သွင်းမည့်ရက်တွင် လွှတ်တော်ရုံးသည် ပြင်ဆင်သည့်ဥပဒေမူကြမ်း၊ ရည်ရွယ်ချက်၊ အကျိုးအကြောင်းဖော်ပြချက်နှင့် တင်သွင်းသည့်လွှတ်တော်ကိုယ်စားလှယ်အမည်စာရင်းတို့ကို လွှတ်တော် ကိုယ်စားလှယ်အားလုံးထံ ဖြန့်ဝေရမည်။

**ဥပဒေမူကြမ်းကိုစိစစ်ခြင်း**

၁၇၁။ ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်ရန် ဥပဒေမူကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်အစည်းအဝေး၌ ဆွေးနွေးခြင်းမပြုမီ အသေးစိတ်လေ့လာစိစစ်နိုင်ရန် နာယကသည် ပြည်သူ့လွှတ်တော် ဥပဒေကြမ်း ကော်မတီနှင့် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီတို့ပါဝင်သော ပူးပေါင်းကော်မတီဖွဲ့စည်းပြီး ကာလသတ်မှတ်၍ လေ့လာစိစစ်စေရမည်။

၁၇၂။ နာယကသည် နည်းဥပဒေ ၁၇၁ အရ ဖွဲ့စည်းသည့် ပူးပေါင်းကော်မတီ၏ ဥက္ကဋ္ဌအဖြစ် ဒုတိယ နာယကအားလည်းကောင်း၊ တွဲဖက်ဥက္ကဋ္ဌအဖြစ် ပြည်သူ့လွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌအားလည်းကောင်း တာဝန်ပေးအပ်ရမည်။ ထို့အပြင် ပြည်သူ့လွှတ်တော် ဥပဒေကြမ်း ကော်မတီနှင့် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌနှစ်ဦးအား ဒုတိယဥက္ကဋ္ဌများအဖြစ် လည်းကောင်း၊ အတွင်းရေးမှူးနှစ်ဦးအား အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးအဖြစ်လည်းကောင်း တာဝန်ပေးအပ်ရမည်။

၁၇၃။ ပူးပေါင်းကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်နှင့် သက်တမ်းတို့မှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဥက္ကဋ္ဌသည် ကော်မတီအစည်းအဝေးကို သင့်လျော်သလို ခေါ်ယူကျင်းပနိုင်သည်။

( ခ ) ကော်မတီအစည်းအဝေးများတွင် အဖွဲ့ဝင်ဦးရေ ထက်ဝက်ထက်မနည်း တက်ရောက်လျှင် အစည်းအဝေးအထမြောက်သည်။

( ဂ ) ကော်မတီသည် ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်ရန် ဥပဒေမူကြမ်းကို လွှတ်တော် ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လေ့လာစိစစ်ရမည်။

( ဃ) ကော်မတီသည် ဆွေးနွေးဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ လွှတ်တော်သို့ အစီရင်ခံစာ မတင်ပြမီအချိန်အထိ ပေါက်ကြားမှုမရှိစေရန် လျှို့ဝှက်အဆင့် သတ်မှတ်ဆောင်ရွက် ရမည်။

( င ) ကော်မတီအစည်းအဝေးတွင် ဆွေးနွေးမှုများကို မှတ်တမ်းတင် အတည်ပြုထားရမည်။ သို့သော် ယင်းအစည်းအဝေးမှတ်တမ်းများကို ဖြန့်ဝေခြင်းမပြုရ။

( စ ) ကော်မတီအစည်းအဝေးများတွင် အခြားပုဂ္ဂိုလ်၊ အဖွဲ့အစည်းများကို မထိခိုက်စေဘဲ လွတ်လပ်စွာ ပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည်။

(ဆ) ပြင်ဆင်ရန်ဥပဒေမူကြမ်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဌာန၊အဖွဲ့အစည်းများမှ တာဝန်ရှိသူ များနှင့် ပြင်ပပုဂ္ဂိုလ်များအား ဖိတ်ကြားဆွေးနွေးနိုင်သည်။

( ဇ ) ကော်မတီအစည်းအဝေးများတွင် အတည်ပြုရမည့် အကြောင်းအရာတစ်ရပ်နှင့်စပ်လျဉ်း၍ မဲခွဲဆုံးဖြတ်ရန် လိုအပ်ပါက ယင်းအစည်းအဝေးသို့ တက်ရောက်သည့် ကော်မတီဝင် များ၏ များရာဆန္ဒမဲဖြင့် ဆုံးဖြတ်ရမည်။ သဘောကွဲလွဲမှုများရှိပါက အစီရင်ခံစာတွင် ထည့်သွင်းဖော်ပြနိုင်သည်။

( ဈ ) ကော်မတီ၏သက်တမ်းသည် ကော်မတီ၏လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာအရ ဆက်လက်ဆောင်ရွက်သည့် လုပ်ငန်းစဉ်အားလုံးအပေါ် လွှတ်တော်၏ အဆုံးအဖြတ်ရယူပြီးသည့်အချိန်ထိ ဖြစ်သည်။

၁၇၄။ ကော်မတီသည် ဥပဒေမူကြမ်းနှင့်စပ်လျဉ်း၍ စိစစ်ဆွေးနွေးရာတွင် ပြင်ဆင်သည့်ဥပဒေမူကြမ်းပါ ပုဒ်မ၊ ပုဒ်မခွဲများနှင့် သက်ဆိုင်သည့်အကြောင်းအရာကိုသာ ဆွေးနွေးရမည်။

**ပူးပေါင်းကော်မတီ၏ အစီရင်ခံစာတင်သွင်းခြင်း၊ ဆွေးနွေးခြင်းနှင့်အတည်ပြုချက်ရယူခြင်း**

၁၇၅။ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့်ဥပဒေမူကြမ်းကို စတင်ဆွေးနွေးခြင်းမပြုမီ ယင်းဥပဒေမူကြမ်းနှင့်စပ်လျဉ်းသည့် ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်ပြရမည်။

၁၇၆။ လွှတ်တော်ရုံးသည် အစီရင်ခံစာမိတ္တူနှင့်အတူ ပြင်ဆင်လိုသည့် ပုဒ်မ၊ ပုဒ်မခွဲတစ်ခုချင်းစီအတွက် မူလပြဋ္ဌာန်းချက်နှင့်ပြင်ဆင်ချက်တို့ပါဝင်သော ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၃၆ ပုဒ်မခွဲ (က) တွင် အကျုံးဝင်သည့် ပြင်ဆင်ချက်ဇယားကိုလည်းကောင်း၊ ပုဒ်မ ၄၃၆ ပုဒ်မခွဲ (ခ) တွင် အကျုံးဝင်သည့် ပြင်ဆင်ချက်ဇယားကိုလည်းကောင်း ခွဲခြားပြုစု၍ နာယက က သတ်မှတ်သည့်နည်းလမ်းအတိုင်း လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေရမည်။

၁၇၇။ နာယကသည် အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးပို့နိုင်ကြောင်း ရက်ကာလသတ်မှတ်၍ ကြေညာရမည်။

၁၇၈။ နာယကသည် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်းကိုဆွေးနွေးရန် အမည်စာရင်းပေးထားသော လွှတ်တော်ကိုယ်စားလှယ်ဦးရေအရ ခွင့်ပြုသင့်သည့်အရေအတွက်နှင့် တစ်ဦးချင်းဆွေးနွေးရန်အချိန်တို့ကို လွှတ်တော်၏သဘောတူညီချက်ဖြင့် သတ်မှတ်ဆောင်ရွက်နိုင်သည်။

၁၇၉။ နည်းဥပဒေ ၁၇၈ အရ ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များသည် ပြင်ဆင်သည့် ဥပဒေကြမ်း၌ပါရှိသော ပုဒ်မ၊ ပုဒ်မခွဲများနှင့် အစီရင်ခံစာပါကိစ္စရပ်များမှအပ အခြားမည်သည့် ကိစ္စရပ်ကိုမျှ ထည့်သွင်းဆွေးနွေးခြင်း မပြုရ။

၁၈၀။ နာယကသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၃၆ ပုဒ်မခွဲ(က) တွင် အကျုံးဝင်သည့် ပုဒ်မများကို ပြင်ဆင်သည့် ဥပဒေမူကြမ်းနှင့် ပုဒ်မ ၄၃၆ ပုဒ်မခွဲ (ခ) တွင် အကျုံးဝင်သည့် ပုဒ်မများကို ပြင်ဆင်သည့် ဥပဒေမူကြမ်းတို့အတွက် သီးခြားစီအဆုံးအဖြတ်ရယူမည့်ရက်ကို ကြိုတင်ကြေညာရမည်။

၁၈၁။ နည်းဥပဒေ ၁၈၀ အရ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာတွင် စက်ခလုတ်အသုံးပြု၍ လျှို့ဝှက်ဆန္ဒမဲပေးစနစ်ဖြင့်ဖြစ်စေ၊ ဆန္ဒမဲလက်မှတ်ဖြင့် လျှို့ဝှက်ဆန္ဒမဲပေးစနစ်ဖြင့်ဖြစ်စေ ဆောင်ရွက်ရမည်။

**ဆန္ဒခံယူပွဲဖြင့် ပြင်ဆင်ခြင်း**

၁၈၂။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၃၆ ပုဒ်မခွဲ (က) တွင် အကျုံးဝင်သည့် ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ပြင်ဆင်ရန် လွှတ်တော်ကိုယ်စားလှယ်အားလုံး၏ ၇၅ ရာခိုင်နှုန်းကျော်က သဘောတူလက်ခံပြီးနောက် တစ်နိုင်ငံလုံးရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ ထက်ဝက်ကျော်က သဘောတူလက်ခံခြင်း ရှိ မရှိ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ

အခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ကို ပြင်ဆင်သည့်ဥပဒေကြမ်းအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို တာဝန်ပေးအပ်နိုင်သည်။

၁၈၃။ နည်းဥပဒေ ၁၈၂ အရ ကော်မရှင်က ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကိုကျင်းပပြီးလျှင် အဆိုပါဥပဒေမူကြမ်းကို တစ်နိုင်ငံလုံးရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ ထက်ဝက်ကျော်က သဘောတူလက်ခံခြင်း ရှိ မရှိ လွှတ်တော်သို့ ပြန်လည်တင်ပြရမည်။

၁၈၄။ နည်းဥပဒေ ၁၈၂ ပါ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၃၆ ပုဒ်မခွဲ (က) တွင် အကျုံးဝင်သည့် ပြင်ဆင်ချက်နှင့်စပ်လျဉ်း၍ လက်ရှိလွှတ်တော်သက်တမ်းတစ်ရပ်အတွင်း ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို အကြောင်းအမျိုးမျိုးကြောင့် ကျင်းပနိုင်ခြင်းမရှိပါက အဆိုပါပြင်ဆင်ချက်သည် လွှတ်တော်၏ အတည်ပြုပြီးသော ဆုံးဖြတ်ချက်နှင့် ဆောင်ရွက်ဆဲလုပ်ငန်းအဖြစ် ဆက်လက်တည်ရှိရမည်။

## လွှတ်တော်၏ ဆုံးဖြတ်ချက်ဖြင့် ပြင်ဆင်ခြင်း

၁၈၅။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၃၆ ပုဒ်မခွဲ (က) တွင် အကျုံးဝင်သည့် ပြဋ္ဌာန်းချက်များမှအပ အခြားပြဋ္ဌာန်းချက်များကို ပြင်ဆင်သည့် ပုဒ်မ၊ ပုဒ်မခွဲများအတွက် လွှတ်တော်ကိုယ်စားလှယ်အားလုံး၏ ၇၅ ရာခိုင်နှုန်းကျော် ထောက်ခံဆန္ဒမဲ ရရှိပါက ပြင်ဆင်ရန် အတည်ဖြစ်သည်။

## ဥပဒေအဖြစ်ထုတ်ပြန်ခြင်း

၁၈၆။ နာယကသည် နည်းဥပဒေ ၁၈၃ အရ ကျင်းပသော ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် တစ်နိုင်ငံလုံးရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ ထက်ဝက်ကျော်က သဘောတူလက်ခံသည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့်ဥပဒေမူကြမ်းကိုလည်းကောင်း၊ နည်းဥပဒေ ၁၈၅ အရ လွှတ်တော်ကိုယ်စားလှယ်အားလုံး၏ ၇၅ ရာခိုင်နှုန်းကျော် ထောက်ခံဆန္ဒမဲရရှိသည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်းကိုလည်းကောင်း ဥပဒေအဖြစ် ထုတ်ပြန်နိုင်ရန် နိုင်ငံတော်သမ္မတထံသို့ ပေးပို့ရမည်။

၁၈၇။ နိုင်ငံတော်သမ္မတသည် နည်းဥပဒေ ၁၈၆ ပါ ဥပဒေမူကြမ်းနှင့်စပ်လျဉ်း၍ နာယကထံမှ ပေးပို့သည့်ရက်၏ နောက်တစ်ရက်မှ ခုနစ်ရက်အတွင်း လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ် ထုတ်ပြန်ကြေညာရမည်။

# အခန်း(၁၉)
# ဥပဒေကဲ့သို့အာဏာတည်သောအမိန့်များနှင့်လွှတ်တော်

## အစည်းအဝေးခေါ်ယူခြင်းနှင့်ဆွေးနွေးခြင်း

၁၈၈။ နိုင်ငံတော်သမ္မတက ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၁၂ ပုဒ်မခွဲ (က) အရ ထုတ်ပြန်ခဲ့သည့် ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်ကို ရုပ်သိမ်းခြင်းမရှိလျှင် ယင်းအမိန့် ထုတ်ပြန်သည့်ရက်မှ ရက်ပေါင်း ၆၀ အတွင်းကျင်းပသော အနီးကပ်ဆုံး လွှတ်တော်အစည်းအဝေးတွင်ဖြစ်စေ၊ ရက်ပေါင်း ၆၀ အတွင်း လွှတ်တော်ပုံမှန်အစည်းအဝေး ကျင်းပရန်မရှိပါက အထူးအစည်းအဝေး ခေါ်ယူစေ၍ဖြစ်စေ အတည်ပြုပေးရန် တင်ပြလာလျှင် နာယကသည် -

(က) တင်ပြချက်ကို လက်ခံရရှိသည့်ရက်မှရက်ပေါင်း ၆၀ အတွင်း လွှတ်တော်ပုံမှန် အစည်းအဝေးကျင်းပရန်မရှိပါက အထူးအစည်းအဝေး ခေါ်ယူကျင်းပရမည်။

( ခ ) ဥပဒေကဲ့သို့အာဏာတည်သောအမိန့်ကို လွှတ်တော်အစည်းအဝေးသို့တင်ပြရန် အစည်းအဝေးအစီအစဉ်တွင် ထည့်သွင်းရမည်။

( ဂ ) လွှတ်တော် ပုံမှန်အစည်းအဝေး ကျင်းပဆဲကာလ သို့မဟုတ် ကျင်းပရန်ရှိပါက ယင်း ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်ကို လွှတ်တော်အစည်းအဝေးသို့ မတင်သွင်းမီ အနည်းဆုံးသုံးရက် ကြိုတင်၍ လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားရမည်။

(ဃ) လွှတ်တော်အထူးအစည်းအဝေး ခေါ်ယူကျင်းပရပါက ယင်းဥပဒေကဲ့သို့ အာဏာတည်သော အမိန့်ကို လွှတ်တော်သို့မတင်သွင်းမီ အနည်းဆုံးတစ်ရက် ကြိုတင်၍ လွှတ်တော် ကိုယ်စားလှယ်များထံ ဖြန့်ဝေထားရမည်။

( င ) နိုင်ငံတော်သမ္မတက တာဝန်ပေးအပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ဝင်တစ်ဦးအား ယင်းအမိန့်ကို လွှတ်တော်ကအတည်ပြုပေးရန် အကျိုးအကြောင်းဖော်ပြချက်ဖြင့် လွှတ်တော် အစည်းအဝေးတွင် အဆိုအဖြစ်တင်သွင်းစေရမည်။

( စ ) နည်းဥပဒေခွဲ (င) အရ တင်သွင်းသောအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးမည့်နေ့ရက်ကို သတ်မှတ်ကြေညာပြီး ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များ၏ အမည် စာရင်းကိုလည်း ယင်းကိစ္စမဆွေးနွေးမီ အနည်းဆုံးတစ်ရက် ကြိုတင်ရယူ၍ ကြေညာ ရမည်။

(ဆ) ဆွေးနွေးမည့်လွှတ်တော်ကိုယ်စားလှယ်များသည် နာယက က သတ်မှတ်သည့်ရက်နှင့် အစီအစဉ်အတိုင်း ဆွေးနွေးရမည်။

**အဆုံးအဖြတ်ရယူခြင်း**

၁၈၉။ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းနှင့်စပ်လျဉ်း၍ –

(က) လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးပြီးနောက် ယင်းဥပဒေကဲ့သို့ အာဏာတည်သော အမိန့်ကို အတည်ပြု မပြု လွှတ်တော်၏အဆုံးအဖြတ် ရယူရမည်။

( ခ ) လွှတ်တော်က အတည်ပြုရန် ဆုံးဖြတ်ပါက–

(၁) ယင်းအမိန့်ပါ အာဏာတည်ရမည့်အချိန်ကာလကို အတည်ပြုရမည်။

(၂) ယင်းအမိန့်တွင် အချိန်ကာလသတ်မှတ်ချက်မပါရှိပါက အာဏာတည်ရမည့် အချိန် ကာလကို သတ်မှတ်ပေးရမည်။

(၃) နိုင်ငံတော်သမ္မတ၏ တင်ပြချက်အပေါ် လွှတ်တော်၏ သဘောတူညီချက်ဖြင့် ထိုဥပဒေကဲ့သို့အာဏာတည်သောအမိန့်ကို လိုအပ်သော ကာလအပိုင်းအခြားအထိ ဆက်လက်အတည်ဖြစ်စေနိုင်သည်။

( ဂ ) လွှတ်တော်၏အတည်ပြုချက်မရရှိလျှင် ထိုဥပဒေကဲ့သို့အာဏာတည်သောအမိန့်သည် အတည်မပြုသည့်ရက်မှစ၍ အာဏာတည်ခြင်းမှရပ်စဲရမည်။ အာဏာတည်ခြင်းမရပ်စဲမီ ဥပဒေကဲ့သို့အာဏာတည်သောအမိန့်အရ နိုင်ငံတော်သမ္မတ၏ဆောင်ရွက်ချက်များသည် အတည်ဖြစ်စေရမည်။

၁၉၀။ ဥပဒေကဲ့သို့အာဏာတည်သောအမိန့်ကို ထုတ်ပြန်ကြေညာသည့်ရက်မှစ၍ ရက်ပေါင်း ၆၀ အတွင်း ပြန်လည်ရုပ်သိမ်းပြီးဖြစ်စေကာမူ ထိုဥပဒေကဲ့သို့အာဏာတည်သောအမိန့်ကို အနီးကပ်ဆုံး ကျင်းပသည့် လွှတ်တော်အစည်းအဝေးသို့ တင်ပြလာသည့်အခါ လွှတ်တော်သည် နည်းဥပဒေ ၁၈၈ နှင့် ၁၈၉ တို့ပါ နည်းလမ်းများနှင့်အညီ အတည်ပြု မပြု အဆုံးအဖြတ်ပေးရမည်။

## ပျက်ပြယ်ခြင်း

၁၉၁။ ဥပဒေကဲ့သို့အာဏာတည်သောအမိန့်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေအရ လွှတ်တော်က ဆုံးဖြတ်ပိုင်ခွင့်မရှိသော ပြဋ္ဌာန်းချက်ပါရှိ၍ ယင်းသို့ပါရှိကြောင်း လွှတ်တော်က ဆုံးဖြတ်လျှင်သော်လည်းကောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးက ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၂၂ ပုဒ်မခွဲ (ဂ) အရ စိစစ်၍ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းမရှိကြောင်း ဆုံးဖြတ်လျှင်သော်လည်းကောင်း ယင်းပြဋ္ဌာန်းချက်သည် ပျက်ပြယ်သည်ဟု မှတ်ယူရမည်။

## အခန်း (၂၀)
## အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်နှင့် လွှတ်တော်

### နယ်မြေဒေသတစ်ခုခုတွင် အရေးပေါ်အခြေအနေကြေညာခြင်းနှင့်လွှတ်တော်

၁၉၂။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၀ အရ တိုင်းဒေသကြီးတစ်ခု သို့မဟုတ် ပြည်နယ်တစ်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေတစ်ခု သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုတစ်စုတွင် အုပ်ချုပ်ရေးဆိုင်ရာလုပ်ငန်းများကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်နိုင်စွမ်းမရှိကြောင်း သိရှိလျှင်ဖြစ်စေ၊ သက်ဆိုင်ရာဒေသ အာဏာပိုင်အဖွဲ့အစည်းကတင်ပြ၍ သိရှိလျှင်ဖြစ်စေ နိုင်ငံတော်သမ္မတသည် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီနှင့်ညှိနှိုင်းပြီး ဥပဒေကဲ့သို့အာဏာတည်သည့်အမိန့်ထုတ်ပြန်၍ အရေးပေါ်အခြေအနေကြေညာပြီးနောက် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၁ အရ အရေးယူဆောင်ရွက်နိုင်သည်။ ယင်းဆောင်ရွက်ချက်များကို ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၁၂ ပုဒ်မခွဲ (ခ)၊ (ဂ)နှင့် (င) တို့နှင့်အညီ လွှတ်တော်သို့ တင်ပြရမည်။

၁၉၃။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၂ အရ တိုင်းဒေသကြီးတစ်ခု သို့မဟုတ် ပြည်နယ်တစ်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေတစ်ခု သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုတစ်စု သို့မဟုတ် ယင်းတို့၏ တစ်စိတ်တစ်ဒေသတွင် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ထိပါးအန္တရာယ်ပြုမည့် အရေးပေါ်အခြေအနေပေါ်ပေါက်ကြောင်း သို့မဟုတ် ထိုသို့ပေါ်ပေါက်ရန် လုံလောက်သော အကြောင်းရှိကြောင်း သိရှိရလျှင်ဖြစ်စေ၊ ထိုသို့ပေါ်ပေါက်ရန် လုံလောက်သော အကြောင်းရှိကြောင်း သက်ဆိုင်ရာဒေသ အာဏာပိုင်အဖွဲ့အစည်းက တင်ပြ၍ သိရှိရလျှင်ဖြစ်စေ နိုင်ငံတော်သမ္မတသည် ဥပဒေကဲ့သို့အာဏာတည်သောအမိန့်ထုတ်ပြန်၍ အရေးပေါ်အခြေအနေကြေညာပြီးနောက် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၃ နှင့် ၄၁၄ တို့အရ အရေးယူဆောင်ရွက်နိုင်သည်။ ယင်းဆောင်ရွက်ချက်များကို ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၁၂ ပုဒ်မခွဲ (ခ)၊ (ဂ) နှင့် (င) တို့နှင့်အညီ လွှတ်တော်သို့တင်ပြရမည်။

၁၉၄။ နိုင်ငံတော်သမ္မတ၏ နည်းဥပဒေ ၁၉၂ နှင့် ၁၉၃ တို့အရ တင်ပြချက်များကို လွှတ်တော်က အတည်ပြုနိုင်ရန် လွှတ်တော်သည် နည်းဥပဒေ ၁၈၈၊ ၁၈၉ နှင့် ၁၉၀ တို့နှင့်အညီ ဆောင်ရွက်ရမည်။

## နိုင်ငံတစ်ဝန်းလုံးတွင် အရေးပေါ်အခြေအနေကြေညာခြင်းနှင့် လွှတ်တော်

၁၉၅။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၈ အရ နိုင်ငံတော်သမ္မတသည် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်အား နိုင်ငံတော်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာများကို လွှဲအပ်ကြောင်း ကြေညာသည့်ရက်မှစ၍ လွှတ်တော်၏ ဥပဒေပြုရေးဆိုင်ရာလုပ်ငန်းများကို ရပ်ဆိုင်းထားသည်ဟု မှတ်ယူရမည်။ လွှတ်တော်သက်တမ်းကုန်ဆုံးသည့်အခါ လွှတ်တော်သည် အလိုအလျောက်ဖျက်သိမ်းပြီး ဖြစ်သည်ဟု မှတ်ယူရမည်။

၁၉၆။ နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၇ နှင့် ၄၁၈ တို့အရ အရေးပေါ် အခြေအနေကြေညာ၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်အာဏာလွှဲအပ်ဆောင်ရွက် စေသည့်ကိစ္စကို ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၂၁ ပုဒ်မခွဲ (က) နှင့်အညီ လွှတ်တော်ပုံမှန် အစည်းအဝေးကျင်းပချိန်ဖြစ်လျှင် ယင်းအစည်းအဝေးသို့ဖြစ်စေ၊ ပုံမှန်အစည်းအဝေး ကျင်းပချိန် မဟုတ်လျှင် လွှတ်တော်အရေးပေါ်အစည်းအဝေးခေါ်ယူစေ၍ဖြစ်စေ အစီရင်ခံတင်ပြရမည်။

၁၉၇။ နိုင်ငံတော်သမ္မတသည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ၎င်းအားပေးအပ်ထားသည့် တာဝန်ကို ပြီးမြောက်အောင်ဆောင်ရွက်ခြင်း မပြုနိုင်သေးသဖြင့် သတ်မှတ်အချိန်ကာလတိုးမြှင့်ပေးရန် အကျိုးအကြောင်းဖော်ပြ၍ တင်ပြလာပါက ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၂၁ ပုဒ်မခွဲ (ခ) နှင့်အညီ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီနှင့် ညှိနှိုင်းပြီးသာမန်အားဖြင့် တစ်ကြိမ်လျှင် ခြောက်လဖြင့် တစ်ကြိမ် သို့မဟုတ် နှစ်ကြိမ်တိုးမြှင့်ပေးနိုင်သည်။ ယင်းသို့တိုးမြှင့်ပေးသည့်ကိစ္စကို လွှတ်တော်အရေးပေါ် အစည်းအဝေးခေါ်ယူစေ၍ အစီရင်ခံတင်ပြရမည်။

၁၉၈။ နိုင်ငံတော်သမ္မတသည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ၎င်းအားပေးအပ်ထားသည့်တာဝန်ကို ပြီးမြောက်အောင်ဆောင်ရွက်ပြီးစီးကြောင်း တင်ပြလာချိန်တွင် လွှတ်တော်သက်တမ်းမကုန်ဆုံးသေးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၂၂ နှင့်အညီ လွှတ်တော်အရေးပေါ် အစည်းအဝေးခေါ်ယူစေ၍ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၈ အရ နိုင်ငံတော်အာဏာ လွှဲအပ်ဆောင်ရွက်စေခဲ့သည့်အမိန့်ကို အစီရင်ခံ ပြီးသည့်ရက်မှစ၍ ပယ်ဖျက်မည်ဖြစ်ကြောင်း တင်ပြစေရမည်။

၁၉၉။ နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၂၂ အရ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ထံမှ ၎င်းအားပေးအပ်ထားသောတာဝန်ကို ပြီးမြောက်အောင်ဆောင်ရွက်ပြီးစီးကြောင်း အစီရင်ခံစာကို ရရှိသည့်အခါ လွှတ်တော်သက်တမ်းမကုန်ဆုံးသေးပါက လွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသား လွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အားလုံးနှင့်သက်ဆိုင်ရာဦးစီးအဖွဲ့များ၏ ဥပဒေပြုရေးဆိုင်ရာလုပ်ငန်းများ ယာယီရပ်ဆိုင်းထားခြင်းကို ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၃ နှင့်

အညီ ပယ်ဖျက်ရမည်။ ထိုသို့ပယ်ဖျက်လျှင် လွှတ်တော်သည် ကျန်ရှိသောသက်တမ်းအတွက် ဆက်လက် တာဝန်ထမ်းဆောင်ရမည်။

၂၀၀။ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများသည်လည်းကောင်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့သည်လည်းကောင်း လွှတ်တော်သက်တမ်းကုန်ဆုံးစေကာမူ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ နိုင်ငံတော်သမ္မတအသစ်နှင့် ဒုတိယသမ္မတအသစ်တို့ကိုလည်းကောင်း၊ ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌအသစ်နှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌအသစ်တို့ကိုလည်းကောင်း ရွေးချယ်တင်မြှောက် ပြီးသည်အထိ ဆက်လက်တည်ရှိသည်။

## အခန်း (၂၁)
## အထွေထွေ

၂၀၁။ နာယကသည် လွှတ်တော်ကပြဋ္ဌာန်းသည့်ဥပဒေအရဖြစ်စေ၊ သက်ဆိုင်ရာဌာနအဖွဲ့အစည်း၏ လုပ်ငန်းဆိုင်ရာလိုအပ်ချက်အရဖြစ်စေ ပေးပို့လာသည့်အစီရင်ခံစာနှင့် ပြည်တွင်းပြည်ပချေးငွေဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ လွှတ်တော်သို့တင်သွင်းလာလျှင် နည်းဥပဒေ ၁၄၈ နည်းဥပဒေခွဲ (က) မှ (င) အထိပါ နည်းဥပဒေများနှင့်အညီဆောင်ရွက်၍ မှတ်တမ်းတင်ရမည် သို့မဟုတ် လွှတ်တော်၏အဆုံး အဖြတ်ရယူရမည်။

၂၀၂။ လွှတ်တော်အစည်းအဝေးသို့ တက်ရောက်မည့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသောအဖွဲ့အစည်းဝင်များ သို့မဟုတ် နာယက၏ခွင့်ပြုချက်ရရှိပြီးသည့် လွှတ်တော်ကိုယ်စားလှယ် မဟုတ်သော ပုဂ္ဂိုလ်များအတွက် လွှတ်တော်အစည်းအဝေးခန်းမတွင် သီးသန့်နေရာ သတ်မှတ်ပေး ရမည်။

၂၀၃။ တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေလွှတ်တော်အစည်းအဝေးသို့ လာရောက်လေ့လာလိုပါက အမည်၊ နိုင်ငံသားစိစစ်ရေးကဒ်ပြားအမှတ်၊ လေ့လာလိုသည့်ရက်နှင့်အချိန်၊ လာရောက်မည့်အစီအစဉ်တို့ ပါဝင်သောတင်ပြစာကို လွှတ်တော်ရုံးသို့အနည်းဆုံးသုံးရက်ကြိုတင်ပေးပို့၍ ခွင့်ပြုချက်တောင်းခံ ရမည်။ လာရောက်လေ့လာသောပုဂ္ဂိုလ်များသည် လွှတ်တော်၏ဂုဏ်သိက္ခာကိုစောင့်ထိန်းရန် သတ်မှတ် ထားသည့် စည်းကမ်းများကိုလိုက်နာရမည်။ လိုက်နာခြင်းမရှိပါက နာယကသည် လွှတ်တော်ဆိုင်ရာ ဥပဒေအရသော်လည်းကောင်း၊ တည်ဆဲဥပဒေတစ်ရပ်ရပ်အရသော်လည်းကောင်း အရေးယူဆောင်ရွက် နိုင်သည်။

၂၀၄။ လွှတ်တော်အစည်းအဝေးသို့တက်ရောက်နေသော လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကိုဖြစ်စေ၊ နာယက၏ ခွင့်ပြုချက် သို့မဟုတ် ဖိတ်ကြားချက်အရ အစည်းအဝေးသို့တက်ရောက်နေသောပုဂ္ဂိုလ် တစ်ဦးကိုဖြစ်စေ ဖမ်းဆီးရန်လိုအပ်ပါက ခိုင်လုံသောအထောက်အထားကို နာယကထံ တင်ပြရမည်။ နာယက၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ ဖမ်းဆီးခြင်းမပြုရ။

၂၀၅။ လွှတ်တော်ပူးပေါင်းကော်မတီ၊ ကော်မရှင်နှင့်အဖွဲ့အစည်းအဝေးသို့ တက်ရောက်နေသည့် အဖွဲ့ဝင် တစ်ဦးအား ဖမ်းဆီးရန်လိုအပ်ပါက ခိုင်လုံသောအထောက်အထားကိုသက်ဆိုင်ရာ ပူးပေါင်းကော်မတီ

သို့မဟုတ် ကော်မရှင် သို့မဟုတ် အဖွဲ့၏ ဥက္ကဋ္ဌမှတစ်ဆင့် နာယကထံတင်ပြရမည်။ နာယက၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ ဖမ်းဆီးခြင်းမပြုရ။

၂၀၆။ လွှတ်တော်ရုံးသည် ဘဏ္ဍာရေးကော်မရှင်နှင့် လွှတ်တော်သို့ပေးပို့တင်ပြရမည့် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတွင်ထည့်သွင်းရေးဆွဲနိုင်ရန် လွှတ်တော်၏ရုံးလုပ်ငန်းနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များအတွက်လိုအပ်သည့် နှစ်စဉ်ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေငွေစာရင်းကို နာယက၏အတည်ပြုချက်ဖြင့် ရေးဆွဲပြုစုပြီး သက်ဆိုင်ရာသို့ပေးပို့ရမည်။

၂၀၇။ နာယကသည် လွှတ်တော်ဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရာတွင် နည်းပညာပိုင်းတိုးတက်မှုအရဖြစ်စေ၊ သဘာဝဘေးအန္တရာယ်ကြောင့် ကန့်သတ်ချက်များအရဖြစ်စေ နည်းစနစ်ပိုင်း ပြောင်းလဲအသုံးပြုရန် လိုအပ်ပါက ဤနည်းဥပဒေများပါ နည်းလမ်းများကို မထိခိုက်စေဘဲ ဆောင်ရွက်နိုင်သည်။

၂၀၈။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေများ(နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ နည်းဥပဒေများ အမှတ် ၄/၂၀၁၀) ကို ဤနည်းဥပဒေများဖြင့် ရုပ်သိမ်းလိုက်သည်။

(ပုံ)တီခွန်မြတ်
နာယက

**နောက်ဆက်တွဲ (က)**

## ကတိသစ္စာပြုချက်

[နည်းဥပဒေ ၄၁]

"ကျွန်ုပ်............................ သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့်သိရိုသေပြီး ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ထာဝစဉ် ဦးထိပ်ပန်ဆင်ဆောင်ရွက်ပါမည်။

ကျွန်ုပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် နိုင်ငံတော်၏ တရားဥပဒေများကို ထိန်းသိမ်းစောင့်ရှောက်ပါမည်။ ကျွန်ုပ်ထမ်းဆောင်ရမည့် တာဝန်ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာဖြင့် ကိုယ်စွမ်းရှိသရွေ့၊ ဉာဏ်စွမ်းရှိသရွေ့ အစွမ်းကုန် ထမ်းဆောင်ပါမည်ဟု လေးနက်တည်ကြည်စွာ ကြေညာ၍ ကတိသစ္စာပြုပါသည်။

**နောက်ဆက်တွဲ (ခ)**

## စက်ခလုတ်အသုံးပြု၍ ဆန္ဒပြုသည့် နည်းလမ်း

[နည်းဥပဒေ ၆ (ဏ) (၁)]

၁။ လွှတ်တော်တွင် အဆို၊ ဥပဒေကြမ်းနှင့် လွှတ်တော်သို့ တင်သွင်းသော အခြားအကြောင်းအရာ တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းတို့အတွက် လွှတ်တော်ကိုယ်စားလှယ်များက စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေးသည့် နည်းလမ်းကို အသုံးပြုပါက အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) နာယက က ဆန္ဒမဲပေးရန် အသင့်ရှိစေလိုကြောင်း ကြေညာပြီးနောက် အစည်းအဝေးခန်းမမျက်နှာစာရှိ LED Board ပေါ်၌ အစိမ်းရောင်အချက်ပြမီးလင်းလာသည့်အခါ လွှတ်တော်ကိုယ်စားလှယ်များက ဆန္ဒမဲပေးကိရိယာကိုအသုံးပြု၍ ဆန္ဒမဲပေးရမည်။

( ခ ) ယင်းသို့ ဆန္ဒမဲပေးရာ၌ လွှတ်တော်ကိုယ်စားလှယ်များ၏ နေရာအသီးသီး၌ ထားရှိသော စက်ခလုတ်ပေါ်ရှိ အစိမ်းရောင်၊ အနီရောင်၊ အဝါရောင် ခလုတ်သုံးခုအနက်-

(၁) ထောက်ခံဆန္ဒမဲပေးလိုလျှင် အစိမ်းရောင်ခလုတ်ကို နှိပ်ရမည်။

(၂) ကန့်ကွက်ဆန္ဒမဲပေးလိုလျှင် အနီရောင်ခလုတ်ကို နှိပ်ရမည်။

(၃) ကြားနေဆန္ဒမဲပေးလိုလျှင် အဝါရောင်ခလုတ်ကို နှိပ်ရမည်။

( ဂ ) ဆန္ဒမဲပေးရန် အစိမ်းရောင်အချက်ပြမီး မမှိတ်မီ ဆန္ဒမဲပေး ခလုတ်ကို နှိပ်ရမည်။ မှားယွင်းနှိပ်မိ၍ ပြင်ဆင်လိုပါက မိမိနှိပ်လိုသည့် ခလုတ်ကိုထပ်မံနှိပ်နိုင်သည်။ စက္ကန့် ၂၀ အတွင်း အစိမ်းရောင်အချက်ပြမီးမမှိတ်မီ နောက်ဆုံးနှိပ်သော ခလုတ်သည် ဆန္ဒမဲပေးခြင်းအတွက် အတည်ဖြစ်သည်။

၂။ လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်က တာဝန်ပေးအပ်ထားသော ညွှန်ကြားရေးမှူးအဆင့်ထက် မနိမ့်သော အရာရှိတစ်ဦးကို ကြီးကြပ်သူအရာရှိအဖြစ် တာဝန်ထမ်းဆောင်စေရမည်။ ကြီးကြပ်သူအရာရှိအား အထောက်အကူပြုရန် လွှတ်တော်ရုံးမှ အရာထမ်းတစ်ဦးအား တာဝန်ပေးအပ်ရမည်။

၃။ စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေးရာတွင် လွှတ်တော်ကိုယ်စားလှယ် အသီးသီး၏ ဆန္ဒမဲအရေအတွက်ကို အောက်ပါအတိုင်း စက်မှခွဲခြားရေတွက်ပြီး ဆန္ဒမဲစာရင်းကိုအစည်းအဝေးခန်းမမျက်နှာစာရှိ LED Board တွင် ကိန်းဂဏန်းဖြင့် ဖော်ပြရမည်-

(က) ဆန္ဒမဲပေးခွင့်ရှိသူပေါင်း၊

( ခ ) ထောက်ခံဆန္ဒမဲပေါင်း၊

( ဂ ) ကန့်ကွက်ဆန္ဒမဲပေါင်း၊

(ဃ) ကြားနေဆန္ဒမဲပေါင်း၊

( င ) ဆန္ဒမဲအရေအတွက် စုစုပေါင်း။

**နောက်ဆက်တွဲ (ဂ)**

## မတ်တတ်ရပ်၍ ဆန္ဒပြုသည့်နည်းလမ်း

[နည်းဥပဒေ ၆ (ဏ) (၃)]

လွှတ်တော်တွင် အဆို၊ ဥပဒေကြမ်းနှင့် လွှတ်တော်သို့တင်သွင်းသော အခြားအကြောင်းအရာ တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်းအတွက် လွှတ်တော်ကိုယ်စားလှယ်များက မတ်တတ်ရပ်၍ဆန္ဒပြုသည့် နည်းလမ်းကို အသုံးပြုပါက အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) နာယကသည် အကြောင်းအရာတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ဖြောင်မဲပေးစနစ်ဖြင့် လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူလိုပါက အကျိုးအကြောင်းရှင်းလင်းဖော်ပြ၍ သဘောတူသူများအား မိမိနေရာများတွင် မတ်တတ်ရပ်ပြရန် ညွှန်ကြားရမည်။ ထက်ဝက် ကျော်က သဘောတူလျှင် လွှတ်တော်၏ နည်းဥပဒေများပါ သတ်မှတ်ချက်များနှင့် အညီ နာယက က ဆက်လက် ဆောင်ရွက်ရမည်။

( ခ ) လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဦးက ဥပဒေကြမ်းတစ်ရပ်ရပ်ကို သော်လည်းကောင်း၊ အဆိုတစ်ရပ်ရပ်ကိုသော်လည်းကောင်း လွှတ်တော်မှ လက်ခံစဉ်းစားပေးပါရန် အဆို တစ်ရပ်တင်သွင်းသည့်အခါ ယင်းအဆိုနှင့်စပ်လျဉ်း၍ ကန့်ကွက်သူမရှိပါက ဆွေးနွေးရန် နည်းလမ်းကို လွှတ်တော်၏နည်းဥပဒေများပါ သတ်မှတ်ချက်များနှင့်အညီ ဆက်လက် ဆောင်ရွက်ရမည်။

( ဂ ) လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဦးက ကန့်ကွက်လျှင် ခွင့်ပြုရန်သဘောတူသော လွှတ်တော်ကိုယ်စားလှယ်များအား မိမိတို့နေရာများတွင် မတ်တတ်ရပ်ပြရန် လွှတ်တော် နာယက က ညွှန်ကြားရမည်။ အကယ်၍ မတ်တတ်ရပ်ပြသည့် လွှတ်တော်ကိုယ်စားလှယ် ဦးရေသည် အစည်းအဝေးတက်ရောက်သည့် လွှတ်တော်ကိုယ်စားလှယ်ဦးရေ၏ သုံးပုံတစ်ပုံနှင့်အထက်ဖြစ်လျှင် ခွင့်ပြုသည်ဟုလည်းကောင်း၊ သုံးပုံတစ်ပုံ မပြည့်လျှင် ခွင့်မပြုဟုလည်းကောင်း နာယက က လွှတ်တော်သို့ ကြေညာရမည်။